# မြောက်ဦးလူသတ်ပွဲ

## ဒီမိုကရေစီခေတ်တွင် ခြောက်လှန့်ဆဲဖြစ်သော နယ်ချဲ့တစ္ဆေ

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်

အုပ်ရေ (၅၀၀)

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

**ထုတ်ဝေသူ**

သုတေသနနှင့် မှတ်တမ်းဌာန

ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

Email: aasyc.ghq@gmail.com

ဖုန်း - +66 (0) 946407565


www.aasyc.info

https://twitter.com/aasyc_ghq

https://www.facebook.com/aasyc.arakan/

# မိမိတို့အကြောင်း

## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး
## All Arakan students' and Youths' Congress



### ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်း

ရှစ်လေးလုံးအရေးတော်ပုံအား နဝတစစ်အစိုးရမှ အကြမ်းဖက်ဖြိုခွဲကာ အာဏာသိမ်းပြီး နောက်ပိုင်းတွင် အဖွဲ့အစည်းအသီးသီး၊ နေရာအသီးသီးသို့ ပြန့်ကျဲရောက်ရှိနေကြသော ရခိုင်ကျောင်းသားနှင့် လူငယ်များအားလုံးကို စုစည်းရန် ရည်ရွယ်၍ ရခိုင်ကျောင်းသား နှင့်လူငယ်များ ညီလာခံကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့မှ အောက်တိုဘာလ (၆) ရက်နေ့ အထိကျင်းပပြုလုပ်ခဲ့ကြသည်။

ညီလာခံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ရခိုင်စစ်ဒေသ)၊ ရခိုင်ကျောင်းသားများအစည်းအရုံး (အိန္ဒိယ) နှင့် တော်လှန်သော ရခိုင်ကျောင်းသားနှင့် လူငယ်များအဖွဲ့ချုပ် (ဘင်္ဂလားဒေ့ရှ်) မှ ကိုယ်စားပြုခေါင်းဆောင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ (ရခိုင်) နှင့် ရခိုင်ပြည် (၁၇) မြို့နယ်မှ ကိုယ်စားပြုကျောင်းသား၊ လူငယ်စုစုပေါင်း (၆၃) ဦး တက်ရောက်ခဲ့ကြသည်။

ထိုညီလာခံ၌ တသီးတခြားလှုပ်ရှားနေကြသည့် အဖွဲ့အစည်းအသီးသီးကို စုစည်းလျက် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (All Arakan Stu-

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ ထုတ်ဝေသည်။

dents' and Youths' Congress) ကို အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်များတွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

(ရ၊ က၊ လ၊ စ)၏ နိုင်ငံရေးနှင့် စစ်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ဗဟိုဦးဆောင်အဖွဲ့ကို (၂၁)ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။ အစည်းအရုံး၏ ပထမဆုံးဥက္ကဋ္ဌမှာ ရဲဘော်ခိုင်မြတ်ကျော် ဖြစ်သည်။ ညီလာခံမှ ချမှတ်သော ဦးတည်ချက်များကို အောင်မြင်နိုင်ရန် စစ်ရေးလမ်းစဉ်အား အဓိကလမ်းစဉ်အဖြစ် ချမှတ်ခဲ့ပြီး အစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုကိုခံယူသော ရခိုင်မျိုးဆက်သစ်တပ်မတော်ကို တပြိုင်တည်း ဖွဲ့စည်းခဲ့ကြသည်။

အမျိုးသားတော်လှန်ရေးအင်အားစုများနှင့် ပတ်သက်၍ (ရ၊ က၊ လ၊ စ)၏ သဘောထားမှာ-
(၁) ရခိုင်အမျိုးသားတော်လှန်ရေးအင်အားစုများ သွေးစည်းညီညွတ်ရေးအတွက် တခုတည်းသော နိုင်ငံရေးဦးဆောင်ပါတီ၊ တခုတည်းသောတော်လှန်ရေးတပ်မတော် ဖြစ်မြောက်ရေးတွင် ရိုးသားသန့်စင်စွာ ကြိုးပမ်းဆောင်ရွက်နေသော မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းကိုမဆို ထောက်ခံသွားမည်။ လုပ်ငန်းစဉ်များအားလုံး၌ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်။ အဟန့်အတား အနှောင့်အယှက်ဟူသမျှကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်သွားမည်။

(၂) ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံးသည် နိုင်ငံရေးပါတီသစ် ဖွဲ့စည်းထူထောင်ခြင်းမဟုတ်၊ အမျိုးသားအင်အားစုများ သွေးစည်းညီညွတ်ရေးအတွက်ရည်ရွယ်ပြီး ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သဖြင့် အမျိုးသားတော်လှန်ရေးအင်အားစုများ သွေးစည်းညီညွတ်ရေးကို မဖြစ်မနေ ကြိုးပမ်းတည်ဆောက်သွားမည်။

(၃) ရခိုင်အမျိုးသားအင်အားစုများအားလုံး စည်းလုံးညီညွတ်ပြီး တခုတည်းသော နိုင်ငံရေးဦးဆောင်ပါတီ၊ တခုတည်းသော တပ်မတော် ဖြစ်မြောက်လာပါက မည်သည့်အဖွဲ့အစည်းကိုမဆို ထောက်ခံသွားမည်။ ယခုလက်ရှိ ဖွဲ့စည်းခဲ့သော ရခိုင်ကျောင်းသား၊ လူငယ်များပါဝင်သည့် ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံးနှင့် ၎င်း၏ နိုင်ငံရေးဦးဆောင်မှုကို ခံယူသော "ရခိုင်မျိုးဆက်သစ်တပ်မတော်" တို့အား ဖျက်သိမ်းပြီး ဖြစ်ပေါ်လာသော အမျိုးသားပါတီတွင် ပူးပေါင်းပါဝင်သွားမည် ဟူသော ဆုံးဖြတ်ချက်များကို သဘောတူချမှတ်နိုင်ခဲ့သည်။
အမြင့်ဆုံးနိုင်ငံရေးလုပ်ဆောင်ချက်မှာ (၁၉၉၇) ခုနှစ်တွင် ပြုလုပ်သော တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲမှ ပေါ်ထွက်လာသည့် "မဲသရေထာစာချုပ်" တွင် လက်မှတ်

ရေးထိုးနိုင်ခဲ့ခြင်းနှင့် ၁၉၉၇ ခုနှစ်တွင် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ(NUPA) နှင့် ပေါင်းစည်းလိုက်နိုင်ခြင်း ဖြစ်သည်။

**(NUPA) နှင့်ပူးပေါင်းပြီးနောက်ပိုင်း အခြေအနေ**

ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ (NUPA) အား မဖွဲ့စည်းမီ ရခိုင်ပြည်အမျိုးသား ညီညွတ်ရေးတပ်ဦး (NUFA) အား ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ (ANLP)၊ ရခိုင်ပြည်ကွန်မြူနစ်ပါတီ (CPA)၊ ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ (AIO)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရခိုင်ပြည်လူမျိုးစု အမျိုးသားပါတီ (TNP) တို့က "တပ်ဦးမှသည် တစ်ပါတီသို့" ရည်ရွယ်ချက်ဖြင့် ဦးစွာဖွဲ့စည်းခဲ့ကြသည်။။

နောက်ပိုင်း၌ ဗိုလ်ရာဇာဦးဆောင်သော ရခိုင်တပ်မတော် (AA) သည် ၁၉၉၁ ခုနှစ်တွင် "အမျိုးသားတပ်ဦး၏ ဦးဆောင်မှုကိုခံယူမည်" ဟူသော ကြွေးကြော်သံဖြင့် ရခိုင်အမျိုးသားတော်လှန်ရေးနယ်မြေတွင် စတင်ပေါ်ထွက်လာသည်။

ဤကာလများတွင် "တပ်ဦးမှ တပါတီ" ဖြစ်ရေးအတွက် အချင်းချင်းညှိနှိုင်းဆွေးနွေးကြပြီးနောက် အဖွဲ့ဝင်တိုင်းက မိခင်ပါတီအားလုံးကိုဖျက်သိမ်းကာ တပါတီတည်ဆောက်ရေးအား သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် (ALP) မှ အပ ကျန်အဖွဲ့ဝင်အားလုံးနှင့် ရခိုင်တပ်မတော်တို့သည် ဆုံးဖြတ်ချက်အတိုင်း မိခင်ပါတီအားလုံးကို ဖျက်သိမ်းလိုက်ကာ (NUFA)မှ (NUPA) သို့ ပြောင်းလဲပြီး "တပ်ဦးမှ တပါတီသို့" တည်ထောင်ခဲ့ကြသည်။

ထို့နောက်ဇန်နဝါရီလ (၉) ရက်နေ့ တွင်တပ်ဦးမှ ဦးဆောင်သော ရခိုင်ပြည်သစ် တည်ဆောက်ရေး တပ်မတော် (NACA) နှင့် ရခိုင်တပ်မတော်တို့အား ထပ်မံပေါင်းစည်းကာ ရခိုင်ပြည်တပ်မတော် (AA) အဖြစ်ပြောင်းလဲဖွဲ့စည်းလိုက်သည်။

၁၉၉၇ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် "ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး" ကလည်း မူလသဘောတူညီချက်အတိုင်း မိခင်အစည်းအရုံးအားဖျက်သိမ်းကာ ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီနှင့် ပူးပေါင်းလိုက်ပြီး အမျိုးသားတော်လှန်ရေးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

၁၉၉၈ ခုနှစ် ဗိုလ်ရာဇာကျဆုံးပြီးနောက်ပိုင်းတွင် ရခိုင်ပြည်အမျိုးသားညီညွတ်ရေပါတီ အတွင်း အချင်းချင်း မကျေလည်မှု၊ ကွဲလွဲမှုများကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားကာ (NUPA) သည်လည်း အင်အားချည့်နဲ့သွားခဲ့ရသည်။ (NUPA) ပြိုကွဲပြီးနောက် ရခိုင်ကျောင်းသားနှင့် လူငယ်များ၏ အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုသည်လည်း ကာလ

အတန်ကြာသည်အထိ ရပ်တန့်သွားခဲ့ရသည်။ အိန္ဒိယဘက်ဆိုင်ရာ (ရ၊ က၊ လ၊ စ) ရုံးခွဲသည် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီနှင့် ပူးပေါင်းခြင်းမရှိဘဲ မူလအစည်း အရုံးအမည်ဖြင့်ပင် ဆက်လက်လှုပ်ရှားခဲ့သည်။

## ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး ပြန်လည်ဖွဲ့စည်းခြင်း

ရပ်တန့်လုနီးပါးဖြစ်ခဲ့ရသည့် (ရ၊ က၊ လ၊ စ) ၏ အခန်းကဏ္ဍကို ပြန်လည်ဖော်ထုတ် နိုင်ရန် ဒုတိယအကြိမ် ညီလာခံကို ၂၀၀၁ ခုနှစ်၊ မေလ (၃၀)ရက်မှ ဇွန်လ (၃)ရက်နေ့ အထိ ထိုင်း-မြန်မာနယ်စပ်တစ်နေရာ၌ ကျင်းပခဲ့သည်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယမှ ကိုယ်စားလှယ်များစွာတက်ရောက်ခဲ့ပြီး ဗဟိုဦးဆောင်အဖွဲ့ကို (၂၂) ဦးဖြင့် ဖွဲ့စည်း၍ အစည်းအရုံးအား ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ ဥက္ကဋ္ဌမှာ ရဲဘော်ကျော်ဟန် ဖြစ်သည်။ ဌာနချုပ်အား အိန္ဒိယနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက်ကာ အိန္ဒိယ နှင့် ဘင်္ဂလားဒေ့ရှ်ဒေသဆိုင်ရာ (ရ၊ က၊ လ၊ စ)ရုံးခွဲများဖြင့် ဖွဲ့စည်းခဲ့ကြသည်။

ညီလာခံတွင် အစည်းအရုံး၏ ဦးတည်ချက်များကို စစ်ရေးလမ်းစဉ်တွင် အခြေမခံဘဲ အကြမ်းမဖက် အမျိုးသားနိုင်ငံရေးလမ်းစဉ်ကိုအခြေခံကာ အကောင်အထည်ဖော် ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ အထူးသဖြင့် ဗမာပြည်ကျောင်းသားလူငယ် နိုင်ငံ ရေးအဖွဲ့အစည်းများနှင့် ခိုင်မာသည့် မဟာမိတ်တည်ဆောက်လာနိုင်ပြီး ယနေ့ဗမာပြည် ဘုံရန်သူတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပါဝင်လာနိုင်ခဲ့သည်။ အဓိက အမျိုးသား နိုင်ငံရေးနှင့်ပက်သက်၍ ရခိုင်အမျိုးသားတစ်ရပ်လုံးကိုယ်စားပြု ရခိုင်ပြည်အမျိုးသား ကောင်စီ (ANC) ပေါ်ပေါက်လာရေးကို တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့ကြသည်။။

နောက်ပိုင်းတွင် (ရ၊ က၊ လ၊ စ) သည် ရခိုင်ပြည်အမျိုးသားကောင်စီ၏ အဖွဲ့ဝင်ဖြစ် လာခဲ့သည်။ ရခိုင်ပြည်အမျိုးသားကောင်စီသည် သီးခြားလွတ်လပ်သော ရခိုင်နိုင်ငံရေး ပါတီများ၊ အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများဖြင့် ဖွဲ့စည်းထားသည်။ (၂၀၀၃) ခုနှစ် တွင် (ရ၊ က၊ လ၊ စ) သည် ရခိုင်ပြည်တွင်း ကျောင်းသားနိုင်ငံရေးအင်အားစုများ နှင့် ပေါင်းစည်းမိခဲ့သည်။ ထို့နောက် ၂၀၀၅ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှ (၂၉)ရက်နေ့ အထိ ပြည်တွင်း၊ ပြည်ပ ကျောင်းသားလူငယ်အင်အား (၂၇)ဦးဖြင့် ကျင်းပသော တတိယအကြိမ် ညီလာခံတွင် အစည်းအရုံး၏ နိုင်ငံရေးဦးတည်ချက်များကို ပိုမိုတိုးချဲ့ နိုင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် (၉) ဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ရဲဘော်ဝင်းအောင်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင် မြှောက်ခဲ့သည်။ (၂၀၀၆) ခုနှစ် နှောင်းပိုင်းတွင် ရဲဘော်ထွန်းဇော်က ဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ယူခဲ့သည်။

ညီလာခံနောက်ပိုင်းတွင် (ရ၊ က၊ လ၊ စ) သည် (၂၀၀၂) ခုနှစ်မှစတင်၍ "ရွှေသဘာဝ

ဓါတ်ငွေ့ဆန့်ကျင်ရေးလှုပ်ရှားမှု”အား ဦးဆောင်ကာ နအဖလက်ဝါးကြီးအုပ် ရွှေသဘာဝ ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းအား ဒေသတွင်းနှင့် နိုင်ငံတကာရှိ အဖွဲ့အစည်းများ၊ အင်အားစုများနှင့် လက်တွဲကာ ကမ္ဘာတဝန်းလုံးအတိုင်းအတာဖြင့် အစဉ်တစိုက် ဆန့်ကျင် တိုက်ခိုက်လာခဲ့ကြသည်။ ဤစီမံကိန်းသည် ရခိုင်ပြည်သူနှင့်တကွ ဗမာပြည်သူတရပ်လုံးနှင့် သဘာဝပတ်ဝန်းကျင်အား အလွန်တရာဆိုးကျိုးဖြစ်ထွန်းစေမည့် မဟာဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းကြီးဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် စတုတ္တအကြိမ်မြောက်ညီလာခံကို စက်တင်ဘာလ (၂၂) မှ (၂၆) ရက်နေ့အထိ ဒေသအသီးသီးမှ တက်ရောက်လာကြသော ကိုယ်စားလှယ် (၂၅) ဦးဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။

(ရ၊ က၊ လ၊ စ) အနေဖြင့် ရခိုင်အမျိုးသားနိုင်ငံရေးစင်မြင့်တွင် အစဉ်တစိုက် ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် အဖွဲ့အစည်းတရပ်၏ ရှိသင့်ရှိထိုက်သော မူဝါဒရေးရာ၊ လမ်းစဉ်ရေးရာ၊ မဟာမိတ်ရေးရာနှင့် နိုင်ငံတကာရေးရာများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဗမာပြည် ဒီမိုကရေစီရရှိရေးတွင် ရည်မှန်းချက်တူ အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် လက်တွဲ တိုက်ပွဲဝင်လျက်ရှိသည်။

(ရ၊ က၊ လ၊ စ) အနေဖြင့် မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (SYCB)၊ တိုင်းရင်းသားလူမျိုးများ လူထုဖွံ့ဖြိုးရေးဆုံရပ် (ECDF)၊ ဗမာပြည် အကြမ်းမဖက်လှုပ်ရှားမှုကော်မတီ (CNAB)၊ ညီညွတ်သော တိုင်းရင်းသားလူငယ်များဆုံရပ် ( UNYF)၊ မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများ ကွန်ရက် (MIPEN) တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင် လှုပ်ရှားနေပြီး မိတ်ဖက်အဖွဲ့အစည်းအဖြစ် လူ့အခွင့်အရေးမှတ်တမ်းတင်ကွန်ရက် (ND-Burma) တွင်လည်း ပါဝင်လှုပ်ရှားလျက်ရှိသည်။ ၂၀၀၉ ခုနှစ်တွင် ရခိုင်မြစ်ချောင်းများကွန်ရက် (ARN) ကို ဖွဲ့စည်းခဲ့သည်။

**ရ၊ က၊ လ၊ စ ၏ မျှော်မှန်းချက်**

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ “မြန်မာနိုင်ငံသည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် လူမှုရေးဆိုင်ရာ တရားမျှတမှုတို့ အတွက် လိုအပ်သည့် အခွင့်အရေးနှင့် အခွင့်အလမ်းများကို နိုင်ငံသား တယောက်ချင်းစီ၊ တိုင်းရင်းသား မျိုးနွယ်စု တစုချင်းစီအား အပ်နှင်းထားသည့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတစ်ခု ဖြစ်သင့်သည်။” ဟူ၍ ဖြစ်သည်။

## ၇၊ က၊ လ၊ စ ၏ ထမ်းဆောင်ရမည့် တာဝန်

ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ကျွန်ုပ်တို့အနေဖြင့် -

၁။ နိုင်ငံရေး၊ လူမှု-စီးပွါးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအား ဖွဲ့စည်းတည်ဆောက်ပုံနှင့် အဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ ဖန်တီးရာတွင်လူထုအနေဖြင့် နိုးကြားတက်ကြွစွာ၊ ဗဟုသုတရှိစွာနှင့် အဓိပ္ပါယ်ရှိစွာ ပါဝင်လာနိုင်စေရန် အောက်ခြေအဆင့်အသိပညာပေးရေးနှင့်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များမှတဆင့် တွန်းအားပေးသွားရန်။

၂။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးထစ်ဆို့မှုနှင့် စီးပွါးရေးနောင့်နှေးမှုတို့ကြောင့် ကမ္ဘာ့လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများကို မီးမောင်းထိုးပြလျက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော ထိတွေ့ ဆက်ဆံမှုများ ပေါ်ပေါက်လာအောင် စေ့ဆော် တိုက်တွန်းသွားရန်။

၃။ မိမိတို့၏ အခွင့်အရေးအများကို ကိုယ်တိုင်သိနားလည်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တို့အတွက် လက်ဦးမှု ရှိရှိဖြင့် တာဝန်ယူတတ်သည့် နိုင်ငံရေး ခေါင်းဆောင်မျိုးဆက်သစ်တစ်ရပ် ပေါ်ထွန်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်။

## နိုင်ငံရေး ဦးတည်ချက် (၇) ရပ်

၁။ ရခိုင်ကျောင်းသားနှင့် လူငယ်များ ဗလ (၅) တန် ဖွံ့ဖြိုးရေး။
၂။ ရခိုင့်ဂေဟာစနစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
၃။ ရခိုင်တမျိုးသားလုံး၏ သွေးစည်းညီညွတ်ရေး။
၄။ နယ်ချဲ့ လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး။
၅။ အဖိနှိပ်ခံ တိုင်းရင်းသားပြည်သူတရပ်လုံး လွတ်မြောက်ရေး။
၆။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး။
၇။ ရခိုင်တမျိုးသားလုံး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။

# ကျေးဇူးတင် အသိအမှတ်ပြုလွှာ

ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပူးပေါင်းပါဝင် ကူညီပံ့ပိုးခဲ့ကြသူများအား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

အထူးသဖြင့် မြောက်ဦးလူသတ်ပွဲဖြစ်စဉ်တွင် အသက်ပေးလိုက်ရသူများနှင့် ဒုက္ခိတဘဝသို့ ကျရောက်ခဲ့ရသူများ၏ ကျန်ရစ်သူမိသားစုဝင်များအနေဖြင့် မိမိတို့၏ လူတွေ့မေးမြန်းချက်များအား လက်ခံဖြေကြားရသည်မှာ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနာကျင်ဖွယ်ရာ အတွေ့အကြုံများအား ပြန်လည်တူးဆွနေရသည့် သဘောဖြစ်သဖြင့် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) မှ ကာယကံရှင်များနှင့်ထပ်တူ စာနာကြေကွဲရကြောင်းကိုလည်း သိစေအပ်ပါသည်။

အဆိုပါပုဂ္ဂိုလ်များ၏ စိတ်ရှည်သည်းခံမှုအပြည့်ဖြင့် ဖြေကြားချက်များမပါရှိဘဲ ဤ အစီရင်ခံစာကို ပြီးပြည့်စုံအောင် ထုတ်ဝေနိုင်မည်မဟုတ်သဖြင့် ထိုဖြေကြားချက်များကိုသမိုင်းတန်ဖိုးတခုအနေဖြင့်လည်း အသိအမှတ်ပြုအပ်ပါသည်။

ထို့ပြင် အစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် သတင်းအချက်အလက် ရယူနိုင်ရန် ကွင်းဆင်းမေးမြန်းရာတွင် ပါဝင်ခဲ့ကြသော AASYC မှ ရဲဘော်၊ ရဲမယ်များ၊ ဘဏ္ဍာငွေကြေးထောက်ပံ့သူများ၊ အကြံဉာဏ်ပေးသူများနှင့် တကွ ဤဖြစ်စဉ်အား လူ့အခွင့်အရေးနှင့် ဥပဒေရှုထောင့်မှ ဝေဖန်သုံးသပ်ပေးကြသော ဦးအောင်ထူး (Legal Aid Network)၊ ဦးအောင်မျိုးမင်း (Equality Myanmar)နှင့် ဒေါ်ခင်ဥမ္မာ (Progressive Voice) တို့အားလည်း AASYC အနေဖြင့် မှတ်တမ်းတင်ထားရှိကြောင်း သိစေအပ်ပါသည်။

# မာတိကာ


အမှာစာ..........................................................................................၁

အစီရင်ခံစာ၏ ရည်ရွယ်ချက်...........................................................................၃

နိဒါန်း..........................................................................................................၅

အစီရင်ခံစာအနှစ်ချုပ်..................................................................................၈

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်...........................................................................၁၀

ကျူးလွန်ခံရသူများအား မှတ်တမ်းတင်ခြင်း...................................................၂၆

သုံးစွဲခဲ့သည့် လက်နက်ကိရိယာများ............................................................၆၂

သက်ဆိုင်ရာအစိုးရမှ တာဝန်ယူမှု၊ တာဝန်ခံမှုအခြေအနေ..............................၆၃

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်၏ နောက်ဆက်တွဲ ရှုပ်ထွေးမှုပြဿနာများ...............၆၆

ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ရိုက်ခတ်မှု..........................................................၆၇

လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်များ.........................................၆၉

အဖွဲ့အစည်းများမှ ထုတ်ပြန်ချက် များ.........................................................၇၈

အကြံပြုချက်များ.........................................................................................၉၃

# အမှာစာ

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်နှင့် ငြိမ်းချမ်းရေးပြဿနာသည် ဗမာမဟုတ်သော တိုင်းရင်းသားများ၏ သမိုင်းကြောင်းအမှန်နှင့် သီးခြားဖြစ်တည်မှုကို အသိအမှတ်မပြုခြင်း၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ကံကြမ္မာကိုယ်ဖန်တီးခွင့်ကို လျစ်လျူရှုခြင်းပင် ဖြစ်ပေသည်။

ဗမာမဟုတ်သော တိုင်းရင်းသားတို့သည် ဗမာတိုင်းရင်းသားများနှင့် နိုင်ငံရေးအရ တန်းတူမည်ကိုထား၊ မိမိတို့၏ သမိုင်း၊ စာပေနှင့် ယဉ်ကျေးမှုများအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကိုပင် အကြမ်းဖက်၍ ပိတ်ပင်ခြင်းခံနေရသည်။

ဗမာတိုင်းရင်းသားများ အနေဖြင့်မူ မြန်မာတနိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ခဲ့သည်မှာ နှစ်ပေါင်း (၇၀) ကျော်လွန်ခဲ့ပြီဖြစ်သော်လည်းသီပေါမင်းကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် အထိမ်းအမှတ် ပါတော်မူနေ့နှင့် နယ်ချဲ့ ဆန့်ကျင်ရေး အထိမ်းအမှတ် အမျိုးသားနေ့များကို ယခုတိုင်ကျင်းပ နေကြဆဲဖြစ်သည်။ ကုန်းဘောင်မင်းဆက်၏ သားစဉ်မြေးဆက်များအား အနွယ်တော်များအဖြစ်သမုတ်၍ ဆွေတော်မျိုးတော်တို့၏ ဂူသချိုင်းအား ပူဇော်ကန်တော့ပွဲများကို တခမ်းတနား ကျင်းပနေကြဆဲဖြစ်သည်။

သို့ရာတွင် အခြားတိုင်းရင်းသားများက အတိတ်တချိန်က ဗမာပဒေသရာဇ်များ၏ ရန်စကျူးကျော်မှုများကို ဖော်ထုတ်သည့်အခါ၊ ယနေ့အချိန်ထိ လူမျိုးတိုင်း၏ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်အား ဗမာခေါင်းဆောင်များက လက်နက်အားကိုးဖြင့်သော်လည်းကောင်း၊ ဥပဒေမျက်လှည့်ပြ၍သော်လည်းကောင်း ထိန်းချုပ်ထားသည်ကို ဝေဖန်ထောက်ပြသည့်အခါ ပုဒ်မအမျိုးမျိုးဖြင့် လီဆယ်လုပ်ကြံစွပ်စွဲ၍ အပြစ်ပေး လက်စားချေရေးကိုသာ ဇောင်းပေးတတ်ကြပေသည်။

မိမိသမိုင်းမှန်ကို မြတ်နိုးသော၊ မိမိပြည်နှင့် မိမိလူမျိုးကိုချစ်ခင်သော တခြားတိုင်းရင်းသား များကို မျက်ကန်းမျိုးချစ်များအဖြစ် ကင်ပွန်းတပ်၍ ဗမာသမိုင်း ဆရာများ လိုရာဆွဲ၍ရေးသားထားသော သမိုင်းကိုလက်ခံသူ၊ မိမိတို့၏ ယဉ်ကျေးမှုကို ဗမာ့ယဉ်ကျေးမှု၏ လက်ဝေခံအဖြစ် ခံယူထားသူများကိုမူကား ပြည်ထောင်စု စိတ်ဓာတ်ရှိသူအဖြစ် ပုံဖော်လေ့ရှိကြပေသည်။

ယခုထုတ်ဝေလိုက်သော "မြောက်ဦး လူသတ်ပွဲ" အစီရင်ခံစာကို လေ့လာပါက (၁၉၉၀)ဝန်းကျင်မှစ၍ ကမ္ဘာတဝန်းတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များ တခေတ်ဆန်းခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်တို့၏ ရခိုင်လူ့အဖွဲ့အစည်းတွင်မူကား ဗမာ ပဒေသရာဇ် နယ်ချဲ့တစ္ဆေသည် ယခုတိုင်ခြောက်လှန့်နေဆဲဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။

ရခိုင်ဘုရင့်နိုင်ငံကျဆုံးသည့် အထိမ်းအမှတ်အား ကျင်းပခွင့်ရရေးအတွက် လက်နက် ဟူ၍ အပ်တိုတချောင်းမျှမပါဘဲ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နေသော အပြစ်မဲ့ ရခိုင်ပြည်သူလူထုကို ချေမှုန်းရေးရိုင်ဖယ်များသုံး၍ လူမဆန်စွာ ပစ်ခတ်နှိမ်နင်းခဲ့သော ဤသမိုင်းမှန်ကို သားစဉ်မြေးဆက် ထပ်ဆင့်ဖြန့်ဝေကြခြင်းဖြင့်

"ငါရို့ပြည်ကို ငါရို့အုပ်ချုပ် နိုင်ရေနီအထိ ရခိုင်သားများ အရိုးတွန်နိုင်ကြပါစီ" သတည်း။

ဗိုလ်မှူးကြီး မင်းထွန်း
သဘာပတိ
ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

# အစီရင်ခံစာ၏ ရည်ရွယ်ချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရခိုင်ပြည်မြောက်ဦးမြို့၌ ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာ ကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းအနား ဟောပြောပွဲ ကျင်းပခွင့်ရရန် ဒေသခံပြည်သူများမှ ဆန္ဒထုတ်ဖော်မှုကို ဒေသအာဏာပိုင်များက အကြမ်းဖက်နှိမ်နင်းခဲ့သဖြင့် ပြည်သူ (၇) ဦး သေဆုံးခဲ့ကာ (၁၂) ဦးဒဏ်ရာ ရရှိခဲ့သည်။

ရခိုင်ပြည်သမိုင်းတွင် မြောက်ဦးလူသတ်ပွဲ အဖြစ်အပျက်ကဲ့သို့ အာဏာရှင်ဦးနေဝင်း အစိုးရလက်ထက်တွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်(စ်)လ (၁၃) ရက်နေ့က စစ်တွေမြို့၌ ဖြစ်ပေါ်ခဲ့သော ဆန်ပြဿနာ၌လည်း ဒေသခံ (၂၀၀) ခန့် သတ်ဖြတ်ခံခဲ့ရသည်။

ဤအဖြစ်အပျက်မျိုးများကို နိုင်ငံတကာ လူ့အခွင့်အရေးရှုထောင့်မှကြည့်လျှင် ရခိုင်လူမျိုးများမှာ "Extra Judicial Killing" ဟုခေါ်သော ဥပဒေမဲ့ သတ်ဖြတ်ခံရခြင်း ဖြစ်ပြီး အုပ်စိုးသူ အာဏာပိုင်အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များမှာ ၎င်းတို့၏ ကျူးလွန်မှုများကို တာဝန်ခံမှု တာဝန်ယူမှုမရှိဘဲ ပြစ်ဒဏ်မှကင်းလွတ်ခွင့် (Impunity) ပေးထားသည်ကို တွေ့မြင်နေရပါသည်။

ထို့အတွက်ကြောင့်မိမိတို့ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့်လူငယ်များအစည်းအရုံး (AASYC) မှ အတတ်နိုင်ဆုံးကြိုးစား ပြင်ဆင်ကာ လိုအပ်သည့်ကွင်းဆင်းလေ့လာမှုများနှင့် လက်လှမ်းမှီသမျှသော သက် ဆိုင်ရာမိသားစုဝင်များကို လူတွေ့မေးမြန်းစုံစမ်း၍ ပြုစုလိုက်ရခြင်း ဖြစ်ပါသည်။

ဤမှတ်တမ်းစာအုပ်ကို အခင်းဖြစ်ပွားပြီးနောက် နှစ်ပတ်လည်နေ့တွင် ပြုစုထုတ်ဝေနိုင်ရန် မျှော်မှန်းထားခဲ့သော်လည်း ရခိုင်ပြည်တွင်းလုပ်ဆောင်နေကြသည့် နိုင်ငံရေး၊ တော်လှန်ရေးအင်အားစုများ၏ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုများနှင့် မြေပြင်အခြေအနေများအရ မျှော်မှန်းကာလလွန်မြောက်ပြီးမှ ထုတ်ဝေနိုင်ရခြင်း ဖြစ်ပါသည်။

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်လာစေရန်၊ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များအား လွတ်လပ်စွာ စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်စေရန်၊ ဤကဲ့သို့ ကျူးလွန်မှုမျိုး နောက်ထပ်မဖြစ်ပွါးစေရန်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့နှင့် မကိုက်ညီသည့် ဥပဒေများကို ပယ်ဖျက်ပြီး ပြည်သူလူထု၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့ကို အကာအကွယ်ပေးနိုင်သည့် ဥပဒေ အဆောက်အဦးများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ "မြောက်ဦးလူသတ်ပွဲ" အစီရင် ခံစာကို ပြုစုရေးသားထုတ်ဝေရခြင်းဖြစ်ပါသည်။

တိန်ဦး<br>
အထွေထွေအတွင်းရေးမှူး<br>
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)

# နိဒါန်း

မြောက်ဦးမြို့တော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်း၊ ရခိုင်ပြည်နယ်၏ မြောက်ပိုင်း၊ မြောက်လတ္တီကျူ ၂၀ ဒီဂရီ၊ ၃၅ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ၊ ၁၂ မိနစ်အကြား၊ ပင်လယ်ရေမျက်နှာပြင်အထက် (၂၅) ပေခန့်တွင် တည်ရှိသည်။ မြောက်ဦးမြို့သည် အချက်အချာကျသော သဘာဝတောတောင်များကို အခြေခံကာ (အဥ္စနနဒီ)ခေါ် လေးမြို့မြစ်နှင့် (ဂစ္ဆပနဒီ)ခေါ် ကုလားတန်မြစ်နှစ်သွယ်ကြား လွင်ပြင်ကျယ်တွင် စနစ်တကျ တည်ဆောက်ထားခြင်းဖြစ်သည်။

မြောက်ဦးမြို့တော်သည် အေဒီ ၁၇ ရာစုတွင် အရှေ့တောင်အာရှ၌ အထွဋ်အထိပ်သို့ ရောက်ရှိကာ ရောင်းဝယ်ဖောက်ကားမှု စည်ကားခဲ့သည့် မြို့ကြီးတမြို့ဖြစ်သည်နှင့်အညီ ကူးသန်းရောင်းဝယ်မှုပြုလုပ်ရန်အတွက် ရခိုင်မင်းဘွဲ့တံဆိပ်ပါ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ခတ်နှိပ်သုံးစွဲခဲ့ကြသည်။ ထိုအချိန်က မြောက်ဦးမြို့၏ ခေတ်မီလှပမှုနှင့် ကြွယ်ဝချမ်းသာခြင်းတို့ကို ကမ္ဘာ့အနောက်ခြမ်းရှိ အမ်စတာဒမ်မြို့၊ လန်ဒန်မြို့တော်များနှင့် တူညီကြောင်း နိုင်ငံခြားမှတ်တမ်းများ၌ တွေ့ရသည်။

မင်းစောမွန်သည် မြောက်ဦးမြို့ကို အေဒီ ၁၄၃၀ တွင် စတင်တည်ထောင်ခဲ့သည်။ မင်းဗာဘုရင် (အေဒီ ၁၅၃၁- ၁၅၅၃) လက်ထက်တွင် မြို့တော်ကို ပြန်လည်ပြုပြင်ပြီး အခိုင်အမာ တည်ဆောက်ခဲ့သည်။ ကာကွယ်ရေးအစီအမံများကို ရှုပ်ထွေးစွာပြုပြင်ပြီး ခံတပ်မြို့အဖြစ် ဖန်တီးထားခဲ့သည်။ ၁၉ မိုင်ခန့် ရှည်လျားသော မြို့ရိုးတံတိုင်းများ၊ ပြအိုး၊ ပစ္စင်၊ ရင်တားများနှင့် ခံတပ်များတွင် လက်နက်ခဲယမ်းမီးကျောက် အစီအရီတို့ဖြင့် ဖန်တီးထားခဲ့သည်။ မြို့ပတ်လည်တွင် ရေတံခါး၊ မြို့တံခါး၊ ရေကျုံး၊ နွံကျုံး၊ ကျုံးခြောက်၊ ကျုံးပင်လယ်များကို တည်ဆောက်ထားကာ ရန်သူများ ရေကြောင်းမှ ဝင်ရောက်လာပါက မျက်စိလည် လမ်းမှားအောင် ဖန်တီးထားခဲ့သည်။

အေဒီ (၁၆၇၄- ၁၆၈၅) တွင် နန်းတက်သော ဥဂ္ဂါဗလရာဇာမင်းကို ကိုယ်ရံတော်များ လုပ်ကြံပြီးချိန်မှစ၍ (၂၅) နှစ်တိုင်တိုင် နန်းတွင်း၌ အထိန်းအကွပ်မဲ့ဖြစ်ကာ ဘုရင်များကို နန်းတင်ခြင်း၊ နန်းချခြင်းများနှင့် နန်းလုပုန်ကန်ခြင်းများ ဖြစ်လာခဲ့သည်။ အေဒီ (၁၇၈၂ - ၁၇၈၄) တွင် နန်းတက်လာသော မဟာသမ္မတရာဇာမင်း လက်ထက်တွင် ပြည်တွင်းဆူပူမှုများကို ငြိမ်သက်အောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း သဘာဝဘေး အန္တရာယ်ဆိုးကြီးဖြစ်သော ရေလွှမ်းမိုးမှုကြောင့် ကုလားတန် မြစ်ဝှမ်းလွင်ပြင်ဒေသကို ပျက်စီးဆုံးရှုံးစေခဲ့သည်။

အေဒီ ၁၇၈၄ ခုနှစ်တွင် မြန်မာဘုရင် ဘိုးတော်မောင်ဝိုင်း (ဗဒုံမင်း)၏ သားတော် အိမ်ရှေ့ဥပရာဇာ ဦးဆောင်သောတပ်များသည် စစ်ကြေငြာခြင်းမပြုပဲ အလစ်အငိုက် ဝင်ရောက် တိုက်ခိုက်မှုကြောင့် ရခိုင့်အချုပ်အခြာအာဏာ ကျဆုံးခဲ့ရသည်။ ထိုသို့ ကျဆုံးခဲ့ရခြင်းမှာလည်း အလွန်ခိုင်မာသည်ဆိုသော ခံတပ်စနစ် ချွတ်ယွင်းမှုများကြောင့် မဟုတ်ဘဲ အဘက်ဘက်မှ အားနည်းချို့ယွင်းလာသော အခြေအနေ အရပ်ရပ်ကြောင့်သာ ဖြစ်သည်။

ဗမာဘုရင်ဘိုးတော်(ဗဒုံမင်း)၏ စစ်သည်ရဲမက်များသည် မြောက်ဦးနန်းတော်ကို သိမ်းပိုက်ပြီးနောက် ရခိုင်ဘုရင်မဟာသမ္မတရာဇာမင်း၊ မိဖုရားနှင့် မောင်းမမိဿံအပေါင်းတို့အား အမရပူရသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပြီး မြောက်ဦးနန်းတော်ကြီးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ယနေ့အချိန်တွင် နန်းရာကုန်းအဖြစ်သာ ကျန်ရှိနေခဲ့ခြင်းဖြစ်သည်။

ရဟန်းရှင်လူ ပညာရှိအပေါင်းနှင့်တကွ ပိဋကတ်စာပေကျမ်းဂန်များကိုပါ ယူဆောင်သွားခဲ့ကြသည်။ ရခိုင်လူမျိုးတို့ အထွတ်အမြတ်ထား ကိုးကွယ်ရာဖြစ်တော်မူသော မဟာမုနိဘုရားကြီးကိုလည်း မန္တလေးမြို့တော်သို့ အဓမ္မပင့်ဆောင်သွားခဲ့ကြသည်။ ရခိုင်လူမျိုးတို့သည် မင်းနှင့်မိဖုရားတို့ကို ဆုံးရှုံးရသည်သာမက ရခိုင့်ဘုရင့် နိုင်ငံတော်၏ ပြယုဒ်ဖြစ်သော ရခိုင်ထီးနန်းကိုလည်း ဆုံးရှုံးခဲ့ကြရသည်။ တပြိုင်နက်တည်းတွင် မိမိတို့၏ ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓရုပ်ပွားတော်များကိုပါ သိမ်းယူခြင်း ခံခဲ့ရသည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ရန္တပိုစာချုပ်အရ အင်္ဂလိပ်တို့သည် ရခိုင်ဒေသကို သိမ်းပိုက်ကာ မြို့တော်ကို စစ်တွေ(Akyab)သို့ ပြောင်းရွှေ့သတ်မှတ်လိုက်သဖြင့် အေဒီ ၁၈၂၆ ခုနှစ်တွင် မြောက်ဦးမြို့သည် ရှေးဟောင်းမြို့တော်အဖြစ် ပြောင်းလဲသွားခဲ့ပြီး မြို့ဟောင်းမြို့ဟု အမည်ခေါ်တွင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ခေတ်တွင် သာသနာရေး ဝန်ကြီးဌာန၏ (၂၂- ၉-၁၉၇၈) ရက်စွဲပါ စာအမှတ် ၂/၂၀၅/အထ (၂) အရ မြောက်ဦးမြို့အမည်ကို တရားဝင် ပြန်လည် ပြင်ဆင် သတ်မှတ်ခဲ့သည်။

စစ်အာဏာရှင်စနစ်ကြီးစိုးစဉ်ကာလတွင် ဖိနှိပ်မှုကြားမှ ရခိုင်လူငယ်များအမျိုးသားရေး စိတ်ဓာတ် နိုးကြားလာကာ ခေတ်သစ် ရခိုင်အမျိုးသားရေး အားသစ်လောင်းချိန်မှစ၍ ရခိုင့်ထီးနန်းကျဆုံးချိန်ဖြစ်သည့် ၁၇၈၄ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့ကို ရခိုင့်အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့အဖြစ် သတ်မှတ်ကာ ပြည်တွင်း၊ ပြည်ပတွင် ကျင်းပလာခဲ့ကြသည်။

သမ္မတ ဦးသိန်းစိန်အစိုးရ တက်လာပြီး ၂၀၁၅ ခုနှစ် နောက်ပိုင်း၌ ရခိုင်ပြည်ရှိ တချို့နေရာဒေသများတွင် ရခိုင့်အချုပ်အခြာအာဏာကျဆုံးသည့်နေ့ကို " လလည်းကွယ် ပြည်လည်းဆုံး" ရှေးစကားအတိုင်း ရခိုင်ဘုရင်နှင့် မိဖုရားတို့ဖမ်းဆီးခံရသည့် ပြာသိုလကွယ်နေ့ကို ပြောင်းလဲရွေးချယ်ကာ ပြုလုပ်လာခဲ့ကြပြန်သည်။

ရခိုင်အမျိုးသားများအနေဖြင့် ရခိုင့်အချုပ်အခြာအာဏာကျဆုံးသည့် အခမ်းအနားကို ကျင်းပပြုလုပ်လာရခြင်းမှာ ရခိုင်အမျိုးသားသွေးစည်းညီညွတ်ရေး ပြိုကွဲမှုကြောင့် ခေတ်ပေါင်းပဒေသရာဇ် ဘုရင်များ၏ သွေးစွန်းသော အနိဋ္ဌာရုံသမိုင်းဆိုးမွေများ ရင်ဆိုင်ခဲ့ရပုံနှင့် အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက် သာဓကပြုလေ့လာနိုင်စေရန် သမိုင်းမှတ်တမ်းအား ပြန်လည်ဖော်ထုတ်ခြင်းဖြစ်သည်။

# အစီရင်ခံစာ အကျဉ်းချုပ်

ရခိုင်ပြည်၊ မြောက်ဦးမြို့၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၁၆) ရက်နေ့တွင် (၂၃၃) နှစ်မြောက် ရခိုင့်အချုပ်အခြာအာဏာကျဆုံးသည့်နေ့ ဝမ်းနည်းအောက်မေ့ဖွယ် အထိမ်းအမှတ် အဖြစ် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ခြင်းအား ဒေသအာဏာပိုင်များမှ ပိတ်ပင်တားမြစ်လိုက်သဖြင့် ဒေသခံပြည်သူများမှ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ် တောင်းဆိုခဲ့ကြသည်။ ထိုသို့ တောင်းဆိုမှုကို ဒေသအာဏာပိုင်များမှ အကြမ်းဖက်နှိမ်နင်းခဲ့သည့်အတွက် ဆန္ဒပြပြည်သူ (၇) ဦးသေဆုံးကာ (၁၂) ဦး ဒါဏ်ရာရရှိခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့၊ ညနေ (၁၀) နာရီခန့်၌ မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် "ဟောပြောပွဲကျင်းပခွင့်ရရေး" အတွက် ပြည်သူများ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်သည်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်၍ အကြမ်းဖက် နှိမ်နင်းသည့် ဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် စစ်အာဏာရှင်အစိုးရစနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်ဆောင်နေသည့် ကာလာ၌ အဆိုးရွားဆုံး ဖြစ်ရပ်ပင်ဖြစ်ပေသည်။

ဒီမိုကရေစီစနစ်သို့ အသွင်းကူးပြောင်းနေသည့်အချိန်တွင် မြန်မာအစိုးရမှ ဒီမိုကရေစီကျင့်စဉ်များကို ချိုးဖောက်ပြီး ရခိုင်လူမျိုးများအပေါ် အကြမ်းဖက်နှိမ်နင်း ခြင်းသည် ပြည်ထောင်စုပိုင်ရှင် တိုင်းရင်းသားလူမျိုး၏ အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်အား ပိတ်ပင်ခြင်း၊ တားဆီးခြင်းပင်ဖြစ်သည်။

ပြည်သူ(၇) ဦးသေဆုံးကာ (၁၂) ဦး ဒဏ်ရာရရှိခဲ့သည့် မြောက်ဦးလူသတ်ပွဲဖြစ်စဉ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ကျူးလွန်ရာတွင် ပါဝင်ခဲ့သော အစိုးရဌာနဆိုင်ရာနှင့် ရဲတပ်ဖွဲ့ဝင်များကို တရားဥပဒေအရ အရေးယူခြင်း တစုံတရာမရှိခဲ့သည့်အပြင် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ဒဏ်ရာရရှိသူများကိုသာ တန်ပြန်အရေးယူထောင်ချခဲ့သည်။

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်လာရေးကို မျှော်မှန်း၍ ဖြစ်စဉ်ကာလနှင့် ဖြစ်စဉ်အပြီးနောက် ဆုံးရှုံးနစ်နာခံခဲ့ရသော သေဆုံးသူများ၏ မိသားစုများနှင့် ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူများ၏ လူမှုစီးပွားဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အစရှိသည့်အခြေအနေများ မည်သို့ရှိနေသည်၊ မည်သို့မျှော်လင့်တောင့်တနေကြသည်ကို AASYC အနေဖြင့် ကွင်းဆင်းလေ့လာ၍ ဤအစီရင်ခံစာကို ရေးသားခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့က မြောက်ဦးလူသတ်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ အခင်းဖြစ်စဉ်၊ ပွဲမတိုင်မီ အခမ်းအနားပြင်ဆင်ပုံ၊ ပွဲကျင်းပရေးကော်မတီများ၏ ကြိုတင်ပြင်ဆင်မှုများ၊ ပွဲကျင်းပခြင်းအား တားမြစ်ခံလိုက်ရခြင်းအပေါ် ပွဲတက်ရောက်လာသောလူထုများ၏ တုန့်ပြန်မှု အခြေအနေ၊ ဆန္ဒဖော်ထုတ်ရန်အတွက် လူစုလူဝေးများဖြစ်ပေါ်လာပုံနှင့် ဆန္ဒဖော်ထုတ်ပွဲအား ရဲတပ်ဖွဲ့မှ အကြမ်းဖက်နှိမ်နင်းမှုများကို ဆန္ဒဖော်ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြသော ပြည်သူများနှင့် ဒဏ်ရာရရှိပြီး ထောင်မှလွတ်မြောက်လာသူများကို AASYC မှ ကွင်းဆင်းလေ့လာ၊ လူတွေ့မေးမြန်းချက်များအား ဖော်ပြထားပါသည်။

၎င်းအပြင် ဖြစ်စဉ်နေ့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများအား လူအုပ်စုခွဲရာတွင် နိုင်ငံတကာကျင့်ထုံးကျင့်နည်းနှင့် ရဲလုပ်ထုံးလုပ်နည်းနှင့် အညီကိုက်ညီမှုရှိ၊ မရှိကို လေ့လာသုံးသပ်ဖော်ပြ ထားပါသည်။

လူထုဆန္ဒဖော်ထုတ်ရာတွင် အာဏာပိုင်များမှ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော မိသားစုဝင်များနှင့် ဒဏ်ရာရရှိပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူတို့အား ကွင်းဆင်းလေ့လာ မေးမြန်းရာတွင် ဖြစ်စဉ်၏ အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်လာရေးအတွက် အစိုးရထံမှ မျှော်လင့်တောင့်တနေကြသည်ကို ဖော်ပြထားပါသည်။

# မြောက်ဦး လူသတ်ပွဲ ဖြစ်စဉ်

## (က) ခွင့်ပြုချက်ဆိုင်ရာ အခြေအနေနှင့် အချက်အလက်များ

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းအနားကို မြောက်ဦးမြို့၊ ရှေးဟောင်းနန်းရာကုန်း၌ ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ် ကျင်းပလာခဲ့သည်။ ယခင်နှစ်များကဲ့သို့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် (၂၃၃) နှစ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးခြင်း ဝမ်းနည်း အောက်မေ့ဖွယ် အခမ်းအနားကို ကျင်းပနိုင်ရေးအတွက် ဦးစံလှဖော် ဦးဆောင်သော ပွဲကျင်းပရေး ကော်မတီမှ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသို့ ဇန်နဝါရီလ (၈) ရက်ပါ ရက်စွဲဖြင့် လည်းကောင်း၊ ဇန်နဝါရီလ (၁၁) ရက် နေ့စွဲဖြင့် မြို့နယ်ရဲတပ်ဖွဲ့အားလည်းကောင်း အသိပေးအကြောင်းကြားထားခဲ့သည်။

ပွဲကျင်းပရေးကော်မတီမှ ဦးစံလှဖော်၏ ခွင့်ပြုချက်တောင်းဆိုမှုနှင့် ပတ်သက်၍ ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(မြောက်ဦး)အနေဖြင့် အထွေ အထူးသဘောထား မပေးလိုကြောင်း၊ သို့သော်လည်း အခမ်းအနားကျင်းပပြီးဆုံး သည့်အခါတွင် ပွဲကျင်းပရေးကော်မတီအနေဖြင့် တာဝန်ယူ၍ အခမ်းအနားကျင်းပရာ နန်းရာကုန်းပရဝုဏ်အတွင်းမှ အမှိုက်များကို သန့်ရှင်းစွာ ဆောင်ရွက် ပေးစေလိုကြောင်း ညွှန်ကြားရေးမှူး ဦးညိမ်းလွင်မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်နေ့ ရက်စွဲပါစာဖြင့် ညွှန်ကြားစာပြန်ခဲ့သည်။

သို့သော်လည်း ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန(မြောက်ဦး)မှ ထပ်မံ၍ တုန့်ပြန်လာသည်မှာ သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရှိဘဲ ကျင်းပနေသော (ကျင်းပရန်ပြုလုပ်နေသော) (၂၃၃) နှစ်မြောက် ရခိုင် ဘုရင့်နိုင်ငံတော်အချုပ်အချာအာဏာ ကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အခမ်း အနားအား ကျင်းပရန် ခွင့်မပြုကြောင်း အကြောင်းကြားစာ ပေးပို့လာသည်။

ဇန်နဝါရီလ (၁၅) ရက်နေ့ထုတ် စာအမှတ်၊ ရသ-၂/ ၂၀၁၈(၁၉၆၆)/မဉ အမည်ပါ မြောက်ဦးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိမ်းလွင်၏ အခမ်းအနား မကျင်းပရန်အတွက် ပေးပို့လာသော တားမြစ်စာသည် ထူးခြားစိတ်ဝင်စားဖွယ် ကောင်းပေသည်။ အဘယ်ကြောင့်ဆိုသော် ဇန်နဝါရီလ (၈) ရက်နေ့က ထိုပုဂ္ဂိုလ်ထံမှ ပေးပို့လာသော ပထမအကြောင်းပြန်စာတွင် အခမ်းအနား ကျင်းပရန် နေရာနှင့်ပတ်သက်၍ မည်သည့်သဘောထားမှ မပေးလိုကြောင်း၊ အခမ်း

အနားကျင်းပပြီးဆုံးသည့်အခါတွင် ပွဲစီစဉ်သူများမှ မိမိတို့အစီစဉ်ဖြင့် အမှိုက်များအား သန့်ရှင်းရေးလုပ်သွားကြပါရန် အကြောင်းကြားစာတွင် ပါရှိသည်။ ဒုတိယအကြိမ်ထုတ်ပြန်သည့် ဦးညိမ်းလွင် (မြောက်ဦး-ရှေး/သု)၏ အကြောင်းကြားစာသည် အခမ်းအနားကျင်းပရေးအတွက် ပိတ်ပင်သည့်စာ ဖြစ်နေသည့်အတွက် ဒေသခံပြည်သူများအတွက် သံသယဖြစ်မိစရာပင်ဖြစ်သည်။

ပို၍သံသယဖြစ်စရာ ကောင်းသည်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် (၂၃၃) နှစ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော်အချုပ်အချာ အာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အထိမ်းအမှတ်နေ့တွင် အမျိုးသားရေးဆိုင်ရာ ဟောပြောချက်များ ပါဝင်မည်ကို ကြိုတင်သိရှိထားပြီး၊ ဟောပြောပွဲအခမ်းအနားကို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်းရာ ဥပဒေနှင့်အညီ လုပ်ဆောင်ရန်အတွက် ပြည်နယ်တွင်း ခရိုင်( ၅) ခရိုင်မှ အုပ်ချုပ်ရေးမှူးများအား ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်မှ အကြောင်းကြားစာ ပေးပို့လာခဲ့သည်ကို တွေ့ရသည်။

ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံးခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၏ အကြောင်းကြားစာသည် အခမ်းအနားအား မကျင်းပစေရန် တားမြစ်ပိတ်ပင်လိုသည့် သဘောဆန္ဒ ရှိနေသည်မှာ ငြင်းပယ်၍မရပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆိုင်ရာဥပဒေ၏ အခန်း(၃)၊ ပုဒ်မ (၄) တွင် "နိုင်ငံသားများ (သို့မဟုတ်) အဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်ငြိမ်းချမ်းစွာ စီတည်းလှည့်လည်ခြင်း အခွင့်အရေးကို သုံးစွဲဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းစွာစုဝေးခြင်း မဆောင်ရွက်မီ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးထံ အနည်းဆုံး (၄၈) နာရီ ကြိုတင်၍ စာဖြင့် အသိပေးအကြောင်းကြားတင်ပြရမည်" ဟုဖော်ပြထားသည်။

ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ပြုလုပ်မည့် အခမ်းအနားကို အခမ်းအနားမပြုလုပ်မီ (၁)ရက် အလိုတွင် ဇန်နဝါရီလ (၁၅) ရက်နေ့ရက်စွဲဖြင့် ပြည်နယ်အစိုးရမှ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ လျောက်ထားဆောင်ရွက်စေရန်အတွက် ခရိုင်အထွေအထွေ အုပ်ချုပ်ရေးမှူးများထံသို့ ညွှန်ကြားခြင်းမှာ ပြည်နယ်အစိုးရအနေဖြင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာစေရန် စ၍ လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ " တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ - ၂၀၁၅" ၏ အခန်း (၃) (ဂ) တွင် "တိုင်းရင်းသားလူမျိုးများသည် မိမိတို့၏

ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ် များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်” ဟုဖော်ပြထားသည်။

“ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNDRIP)” ၏ အပုဒ် (၁၂) နှင့် (၁၃) ပါ ပုဒ်မခွဲ (၁) (၁) များတွင် ဌာနေတိုင်းရင်းသား လူငယ်များ၏ ရိုးရာဓလေ့ထုံးတမ်း၊ စာပေယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာများ ဖော်ထုတ် ဟောပြောခြင်းနှင့် ပွဲလမ်းသဘင်များကို လွတ်လပ်စွာကျင်းပဖော်ထုတ်ပိုင်ခွင့် စသည့် အခွင့်အရေးများကို အသိအမှတ်ပြုပေးထားသည်။

ဤသို့ ရခိုင်တမျိုးသားလုံးရေးနှင့်သက်ဆိုင်သော နေ့ရက်တွင် ဟောပြောပွဲကို လွတ်လပ်စွာကျင်းပခွင့်မပြုပဲ ပိတ်ပင်တားမြစ်ခြင်းသည် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေကို ချိုးဖောက်သလို မြန်မာနိုင်ငံမှ သဘောတူ လက်မှတ်ထိုးထားသည့် “ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNDRIP)” စာတမ်းပါအခွင့်အရေးတို့ကိုလည်း လေးစားလိုက်နာခြင်းမရှိပဲ ချိုးဖောက်ခြင်း ဖြစ်သည်။

ရခိုင့်အချုပ်အချာအာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် အခမ်းအနားကျင်းပရန် ပြင်ဆင်မှုအခြေအနေများ ပြီးမြောက်နေသည့်နေ့ရက်နှင့် အချိန်အလွန်နီးကပ်မှပိတ်ပင်တားမြစ်မှုသည် အခမ်းအနားအစီစဉ်အား ကမောက်ကမ ဖြစ်စေရန်နှင့်ကျင်းပရေးကော်မတီမှ လူထုအား ထိန်းသိမ်းရန် ခက်ခဲစေသောအနေ အထားသို့ တွန်းပို့ရာရောက်နေသည်ကို ထင်သာမြင်သာ တွေ့မြင်ရသည်။ အထိမ်းအမှတ်ပွဲကို ရခိုင်ပြည်ရှိမြို့နှင့် ကျေးရွာအသီးသီး၌ နှစ်စဉ်ကျင်းပကျင်းပပြုလုပ်ခဲ့သော်လည်း ဥပဒေအရ ဤအကြိမ်ကဲ့သို့ ကန့်သတ်တားဆီးမှုများမရှိခဲ့ပေ။



### (ခ)နံနက်ပိုင်းနှင့် နေ့လည်ပိုင်းအခမ်းအနား

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာ ကျဆုံးခြင်းအခမ်းအနား ကျင်းပနိုင်ရေး အတွက် မြောက်ဦးမြို့ပေါ် အသိုင်းအဝိုင်းများစုစည်းကာ ကော်မတီဖွဲ့စည်း၍ လုပ်ဆောင်လာခဲ့သည်မှာ ရက်သတ္တပတ် (၂)ခု ကြာမြင့်ခဲ့ပြီးဖြစ်၍ မြောက်ဦးနန်းရာကုန်းပေါ်၌ ယခင်နှစ်များကဲ့သို့ ကျင်းပရန်အတွက် မြောက်ဦးမြို့ပေါ်ရှိ လူထုထံသို့သာမက ကျေးလက်နေပြည်သူများထံသို့လည်း ကြော်ငြာများ ဖြန့်ဝေခြင်း ပြီးစီးနေသည့် အနေအထားတခုသို့ ရောက်ရှိနေပြီးဖြစ်သည်။

သို့ဖြစ်၍ အခမ်းအနားဖြစ်မြောက်ရေးကော်မတီမှ ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာကျဆုံးခြင်း အခမ်းအနားကို ဇန်နဝါရီလ(၁၆)ရက်နေ့ နံနက်ပိုင်းတွင် မြို့ပေါ်မှ လူငယ်မောင်မယ်များအပါအဝင် ပြည်သူအချို့နှင့် ကျင်းပရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်၍ ရဟန်းသံဃာတို့မှ ပရိတ်တရားတော်များနာကြားခြင်း၊ မေတ္တာပို့ အမျှဝေခြင်းနှင့် တက်ရောက်လာသည့် ဧည့်ပရိတ်သတ်တို့မှ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ဖြင့် ငြိမ်းချမ်းစွာကျင်းပခဲ့ ကြသည်။

ထို့နောက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား နယ်/လုံဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၏ တားဆီးပိတ်ပင်သည့် အမိန့်စာထုတ်ပြန်ပြီးနောက် ထပ်ဆင့်ထွက်ပေါ်လာသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(မြောက်ဦး)မှ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်၏ ထုတ်ပြန်ချက်ဖြင့် တားမြစ်ထားသော်လည်း ဦးဆောင်ကော်မတီမှ ကျင်းပသည်ဟုဆိုကာ ဇန်နဝါရီလ (၁၆)ရက်နေ့ နေ့လည်ပိုင်းတွင် ဦးဆောင်ကော်မတီဝင် အချို့အား မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူတွေ့ဆုံမှုများရှိခဲ့သည်။

ဦးဆောင်ကော်မတီဝင်များနှင့် မြို့နယ်အာဏာပိုင်တို့ မည်သို့မည်ပုံ ဆွေးနွေးခဲ့ကြသည်ကို မသိရသော်လည်း ၎င်းနေ့ညပိုင်းတွင် ပြုလုပ်မည့် စာပေဟောပြောပွဲနှင့် ပြဇာတ်တို့ဖြင့်ဖျော်ဖြေမည့် ညနေပိုင်း အစီအစဉ်ကို ပွဲဖြစ်မြောက်ရေးကော်မတီနှင့်ဝန်းရံပြည်သူအချို့မှ ရုပ်သိမ်းရန် ပြင်ဆင်ခဲ့ကြသည်။

### (ဂ) ညနေပိုင်း အခြေအနေ

(၂၃၃) မြောက် ရခိုင်အချုပ်အချာအာဏာ ကျဆုံးခြင်းအခမ်းအနားအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) နေ့၌ မြောက်ဦးနန်းရာကုန်းတွင် ကျင်းပပြုလုပ်ရန်အတွက် မြို့ပြနှင့် ကျေးလက်သို့ ကြော်ငြာများ ဖြန့်ဝေထားခဲ့သည်။ ပြည်သူအများမှာ အခမ်းအနား တက်ရောက်ရန် ညနေစောင်းကတည်းကပင် တဖြည်းဖြည်း ကြိုတင်စုဝေးရောက်ရှိ

လာကြသည်။ ရောက်ရှိလာခဲ့ကြသော ပြည်သူများမှာ အခမ်းအနားအားပိတ်သိမ်းရန် တားမြစ်မှုများအခြေအနေများကို မသိရှိခဲ့ကြပေ။ ညအမှောင်သန်းလာသည်နှင့်အမျှ စုဝေးရောက်ရှိလျက်ရှိသည့် လူထုကြားတွင် အခမ်းအနားပိတ်သိမ်းခံရခြင်းသတင်းများ ပျံ့နှံ့စပြုလာသလို သို့လော! သို့လော ! ကောလဟာလ အမျိုးမျိုးထွက်ပေါ်လာခဲ့သည်။

အခမ်းအနားကျင်းပရန်နေရာသို့ ရောက်လာကြသည့် လူထုသည် ပထမရည်ရွယ်ချက် ဖြစ်သည့် အခမ်းအနားသို့ တက်ရောက်ပါဝင်ခြင်း မဟုတ်တော့ဘဲ သမိုင်းဆိုင်ရာ မှတ်တမ်းဖြစ်စဉ်ကို ဖုံးကွယ်တားဆီးရန် ကြိုးစားသည့် အာဏာပိုင်တို့၏ လုပ်ရပ် အပေါ် စောင့်ကြည့်အံ့တုရန် ရည်ရွယ်ချက်သို့ ပြောင်းလဲခဲ့ရသည်ဟု ဆိုလျှင် မှားမည် မဟုတ်ပေ။ ညနေပိုင်းတွင် ကျင်းပပြုလုပ်မည့် အခမ်းအနား အစီစဉ်အား အာဏာပိုင်တို့၏ တားမြစ် ပိတ်ပင်မှုများ မြင့်တက်လာခဲ့သည်။ ပွဲကျင်းပရေး ဦးဆောင်ကော်မတီမှ ညနေ (၅) နာရီခွဲအချိန်ခန့်မှစ၍ အခမ်းအနား ရုပ်သိမ်းကြောင်းကို ရောက်ရှိလာကြသော ပြည်သူ အားလုံးသို့ အသိပေးအကြောင်းကြားရန် အချိန် လုံလောက်မှု မရှိခဲ့ပေ။

အခမ်းအနားပြုလုပ်ကျင်းပရန် မြောက်ဦးနန်းရာကုန်းပေါ်သို့ ကြိုတင်ရောက်ရှိနေကြ သော ပြည်သူများကိုသာ အခမ်းအနားရုပ်သိမ်းကြောင်း အသိပေးနိုင်ခဲ့သော်လည်း (၂) ပတ်ခန့်ကြာ မြို့ပြနှင့်ကျေးလက်အဆင့်ထိ ကြော်ငြာထားသည့် အခြေအနေကြောင့် နောက်ထပ်ရောက်ရှိလာသော မြို့ပေါ်နှင့်ကျေးလက်မှ လူထုပရိသတ်အား အကျယ် တဝင့် အသိပေးနိုင်ခြင်း မရှိခဲ့တော့ပေ။

ပွဲကျင်းပရေးကော်မတီအနေဖြင့် ညနေပိုင်း (၆) နာရီခန့်တွင် ညပွဲအခမ်းအနားအတွက် ပြင်ဆင်ထားသည့်မီးစက်ကို ရပ်နားပြီး ပစ္စည်းတချို့အား သိမ်းဆည်းကာ အိမ်ပြန်ခဲ့ ကြပြီးအိမ်ပြန်ခဲ့ကြသည်။ သို့သော်အခမ်းအနားပြုလုပ်ရန် ရက်ရှည်စောင့်မျှော်ခဲ့ရသော ပြည်သူတချို့မှာ အိမ်မပြန်ကြဘဲ မြောက် ဦး နန်းရာကုန်းပေါ်၌ပင် ကျန်ရစ်ခဲ့ကြသည်။

ညအမှောင်သို့ တဖြည်းဖြည်းတိုးဝင်လာသည်နှင့်အမျှ မြောက်ဦးနန်းရာကုန်းတွင် ကျန်ရစ်ခဲ့ကြသည့် လူထုပရိတ်သတ်နှင့် ကျေးလက်ဒေသမှ တက်ရောက်လာသည့် လူပရိတ်သတ်တို့ ပေါင်းမိကာ လူစုလူဝေးကြီး ဖြစ်လာသည်ခဲ့သည်။ အဆိုပါလူစု လူဝေးသည် ရခိုင်လူမျိုးတို့အနေဖြင့် သမိုင်းဖြတ်သန်းမှုထဲမှ လူမျိုးတုန်းသတ်ဖြတ် ခံခဲ့ရမှုကို သင်ခန်းစာယူရန်နှင့် နောက်မျိုးဆက်များ ငြိမ်းချမ်းစွာရှင်သန် နေထိုင် နိုင်ရေးအတွက် မမေ့အပ်သော ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အထိမ်းအမှတ်၏ ညပွဲအခမ်းအနားပြုလုပ်ရန် ပိတ်ပင်ခံရသည်ကို သိရှိပြီး မကျေမချမ်း ဖြစ်ပေါ်လာကြသည်။

တစ်ဖက်တွင်လည်း ရခိုင်ပြည်တွင်း နိုင်ငံရေးအခြေအနေနှင့် လက်ရှိ မြန်မာပြည် နိုင်ငံရေး ရေစီးကြောင်း ခက်ခဲကြမ်းတမ်းနေမှုများအပေါ် အားမလိုအားမရဖြစ်မှုတို့ တွေ့ဆုံပေါင်းစပ်ကာ ယခုကဲ့သို့ ရခိုင်လူမျိုးတို့၏ သမိုင်းဆိုင်ရာ အခမ်းအနား ပြုလုပ်မှုအပေါ် ပိတ်ပင်တားဆီးခြင်းအား ပြည်သူလူထုအနေဖြင့် လက်မခံနိုင်ကြောင်း သဘောထားဖော်ပြရန်အလို့ငှာ ဆန္ဒဖော်ထုတ်ရန် သဘောထားပေးလာကြသည်။ အာဏာပိုင်တို့၏ အခမ်းအနားပိတ်သိမ်းမှုကို လက်မခံနိုင်သော လူထုသည် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရန် ညနေပိုင်း ၇ နာရီ ၃၀ မိနစ် ခန့်တွင် မြောက်ဦးနန်းရာကုန်းတောင်ဘက် လေ့ကားမှဆင်းကာ အရှေ့ဘက်သို့ လက်ဝဲရစ် လှည့်ပြီး စီတန်းထွက်ခွါခဲ့ကြသည်။

ဆန္ဒဖော်ထုတ်သည့် လူထုသည် အရေအတွက်အားဖြင့် ဦးရေ ၂၀၀၀ မှ ၄၀၀၀ ဝန်းကျင်ရှိပြီး၊ မြောက်ဦးနန်းရာကုန်း အရှေ့ဘက် လှေကားခြေရင်းအနီးမှဖြတ်၍ အလယ်ဈေးလမ်းဆုံမှ ရန်ကုန်-စစ်တွေလမ်းအတိုင်း မြောက်ဘက်သို့ ချီတက်ခဲ့ကြသည်။ ထိုလမ်းမအတိုင်း ချီတက်လာသည့် သောင်းဂဏန်းခန့်ပါရှိသော ဆန္ဒပြလူထုသည် မြောက်ဦး အ.ထ.က (၁) သို့ မရောက်မီ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းလမ်းမှ မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး မြောက်ဦးမြို့တွင်း ရပ်ကွက်များနှင့် မြောက်ဦးဈေး၊ ဗန္ဓုလတံတားတို့ကိုဖြတ်ကာ မြောက်ဦး သဘော်ဆိပ်ရှိရာ အောင်မင်္ဂလာ ရပ်ကွက်အထိ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒပြချီတက်ရာ လမ်းတစ်လျှောက် မြို့ပေါ်နေပြည်သူများနှင့် ညနေပိုင်းအခမ်းအနားသို့ လာရောက်ကြသည့် ကျေးလက်နေပြည်သူများမှလည်း ပူးပေါင်းပါဝင်မှုများရှိခဲ့သလို၊ ဆန္ဒပြလူထုထဲမှ အချို့သည်လည်း နီးစပ်ရာအလိုက် ဘေးထွက်ပြီး ကျန်ခဲ့သူများလည်းရှိသည်။ အဆိုပါ ဆန္ဒဖော်ထုတ်သည့် လူထုလူတန်းသည် ည (၈) နာရီ ကျော်ခန့်တွင် မြောက်ဦးအောင်တပ်ရပ်ကွက် သဘော်ဆိပ်မှ ပြန်လှည့်ခဲ့ ကြကာ ည (၈) နာရီ (၄၅) မိနစ်ခန့်တွင် မြောက်ဦးနန်းတော်ရာကုန်းသို့ ပြန်လည် ရောက်ရှိခဲ့ကြသည်။

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အခမ်းအနား ကျင်းပခွင့်မရမှုအပေါ် ဆန္ဒဖော်ထုတ်ကြရာတွင် တမူထူးခြားသည်မှာ ဆန္ဒထုတ်ဖော်ရန် ကြိုတင်၍ ပြင်ဆင်ထားခဲ့မှုမျိုးမဟုတ်ခြင်း၊ ကျင်းပပြုလုပ်ခွင့်အား ပိတ်ပင်သော အစိုးရတာဝန်ရှိသူ အဆင့်ဆင့်တို့၏ မတရားသောလုပ်ရပ်အပေါ် မနစ်မြို့သော ဆယ်ကျော်သက်လူငယ်များက ဦးဆောင်ခဲ့ကြသော်လည်း အကြမ်းဖက်မှုများကို မဖြစ်ပေါ်စေရန် လုပ်ဆောင် နိုင်ခဲ့ကြခြင်းဖြစ်သည်။

## (ဃ) ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ခြင်း

ရခိုင်ဘုရင်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အခမ်းအနားကျင်းပခွင့် မရမှုအပေါ် ဆန္ဒထုတ်ဖော်ကြသောလူထုသည် နန်းရာကုန်းသို့ ပြန်လည်ရောက်ရှိသည့်အခါ **ထပ်မံ၍ ရောက်ရှိနေကြသော ကျေးလက်မှ ညွှန့်ပရိတ်သတ်များနှင့် ပေါင်းဆုံမိကာ ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ရန် ဦးတည်လာခဲ့ကြပြန်သည်။**

ပထမအကြိမ် ဆန္ဒဖော်ထုတ်မှုတွင် သာသနာ့အလံ၊ ရခိုင်ပြည်နယ်အလံ၊ အသံချဲ့စက်များ မပါခဲ့သော်လည်း ဒုတိယအကြိမ်ဆန္ဒဖော်ထုတ်ရန် မည်သူမည်ဝါဖြစ်သည်ကို မှန်းဆရန်ခက်ခဲသောစည်းရုံးလှုံ့ဆော်သူများက အသံချဲ့စက် (လက်ကိုင်လော်စပီကာ) အသေးစားများကို အသုံးပြု၍ အော်ဟစ်လှုံ့ဆော်ကာ ပူးပေါင်းပါဝင်လာခဲ့ကြသည်။

ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ရန် တိုက်တွန်း နှိုးဆော်ကာ နေရာရွေးချယ်မှုနှင့် ပစ်မှတ်အသစ်များဖြင့် ညာသံပေးသည့်အသံများလည်း ထွက်ပေါ်လာခဲ့သည်။ ထိုသို့သော ပူးပေါင်း ပါဝင်လာကြသည့် စည်းရုံးလှုံ့ဆော်မှု ပုံစံများသည် ဆန္ဒဖော်ထုတ် မှုအား ပံ့ပိုးကူညီရန်အလို့ငှာ ဖြစ်နိုင်သလို၊ လူထုအား အန္တရာယ်ကျရောက်မည့် သတ်ကွင်းထဲသို့ ကျုံးသွင်းခေါ်ဆောင်ရန် ရည်ရွယ် ချက်ကြောင့်လည်း ဖြစ်နိုင်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယအကြိမ် ဆန္ဒမဖော်ထုတ်မီ လူထုအတွင်းသို့ မှန်းဆရန်ခက်ခဲသည့် မျက်နှာစိမ်းများနှင့် စည်းရုံးလှုံ့ဆော်မှုအသစ်များ စိမ့်ဝင်လာခဲ့သလို ဆန္ဒဖော်ထုတ်မှုကို ဦးဆောင်ခဲ့သူ အများစုသည် နိုင်ငံရေး၊ အမျိုးသားရေး နယ်ပယ်နှင့် နီးစပ်မှုမရှိသောကြောင့် လူထုလှုပ်ရှားမှုများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို သတိမပြုမိကြ။ ဦးဆောင်သူများမှာ အမျိုးသားရေးစာတ်ခံ အဖြူထည် ဆယ်ကျော်သက်လူငယ်များပင် ဖြစ်သည့်အတွက်ကြောင့် ဆန္ဒပြလူထုအတွင်း၌ သဘောထားအမြင် ကွဲလွဲမှုများရှိခဲ့သည်။ ဆန္ဒပြလူထုအတွင်းမှ တစ်ချို့သည် ဆန္ဒဖော်ထုတ်မှုကို ရပ်နားပြီး အိမ်ပြန်မည်ဟု သဘောထားရှိကြသလို၊ တချို့သောသူများက ထပ်မံ၍ ဆန္ဒဖော်ထုတ်ရန် လိုလားကြသည်။ ထိုသို့ ဆန္ဒဖော်ထုတ်ရန် အာသီသရှိသည့် လူအုပ်စုထဲတွင်ပင် သဘောထား မတိုက်ဆိုင်မှုများပင် ရှိခဲ့သည်။

ဒုတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်ရန်အတွက် လူထုသည် ည (၉) နာရီ ခန့်တွင် မြောက်ဦးနန်းရာကုန်း အနောက်ဘက် လေ့ကားမှဆင်းကာ ကုန်သည်လမ်းအတိုင်း ချီတက်လာခဲ့ရာ လူထုကြားတွင် ဆန္ဒဖော်ထုတ်ရန် နေရာရွေးချယ်မှုနှင့် ပတ်သက်၍ သဘောထား မတိုက်ဆိုင်မှုများရှိလာခဲ့သဖြင့် ကုန်သည်လမ်း လမ်းဆုံတွင် ခေတ္တရပ်တန့်ခဲ့ကြသည်။ ဆန္ဒပြလူထုထဲမှ အချို့သည် ပထမအကြိမ် ဆန္ဒဖော်ထုတ်သကဲ့သို့ မြို့တပတ်လှည့်၍ ဆန္ဒဖော်ထုတ်လိုသော်လည်း အချို့က အစိုးရအာဏာပိုင်ရုံးများ

(စုပေါင်းရုံး) တည်ရှိရာ၊ အထူးသဖြင့် မြို့နယ်နှင့် ခရိုင်အုပ်ချုပ်ရေးရုံးများကို ပစ်မှတ်ထားကာ ဆန္ဒဖော်ထုတ်ရန် သဘောထားပေးကြသည်။

နောက်ဆုံးတွင် အုပ်ချုပ်ရေးရုံးများရှိရာသို့ ချီတက်ရန် သဘောတူကြသဖြင့် (၁) မိုင်ခန့် ဝေးသော စုပေါင်းရုံးရှိရာသို့ ဦးတည် ချီတက်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်ခဲ့သူတချို့မှာ ည (၉) နာရီ ကျော်လွန်လာသဖြင့် အိမ်ပြန်ခဲ့ကြပြီး၊ တချို့မှာ ၎င်းတို့နေထိုင်ရာ လမ်းသို့ရောက်လာ၍ အိမ်ပြန်ခဲ့ကြသူများလည်းရှိသဖြင့် ဆန္ဒဖော်ထုတ်သော လူထုမှာ တဖြည်းဖြည်း လျော့နည်းသွားခဲ့သည်။

ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်သည့် လူထုသည် အစိုးရအဖွဲ့မှ ဖော်ပြသကဲ့သို့ လူအင်အား သောင်းဂဏန်းမဟုတ်ဘဲ လူဦးရေ ထောင်ကျော် အင်အားဖြင့်သာ မြောက်ဦးနန်းရာကုန်းမှ ကုန်သည်လမ်း လမ်းဆုံ၊ ထိုမှတဖန် ကုန်သည်လမ်း အတိုင်း ရန်ကုန်-စစ်တွေ လမ်းမကြီးသို့ ချီတက်ကာ ကျောက်ရစ်ကေ လမ်းဆုံသို့ ချီတက်ကြသည်။ ကျောက်ရစ်ကေလမ်းဆုံမှ မြို့တွင်းသို့ ပြန်မဝင်တော့ဘဲ ရန်ကုန်- စစ်တွေ လမ်းမကြီး အတိုင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးတည်ရှိရာသို့ ဆက်လက် ချီတက်ခဲ့ကြသည်။

## (င) မြောက်ဦးလူသတ်ပွဲ ဖြစ်ပွါးရာနေရာ

မြောက်ဦးလူသတ်ပွဲ ဖြစ်ပွါးရာနေရာသည် အစိုးရရုံးဌာနများဖြစ်သည့် ရဲစခန်း၊ တရားရုံး၊ ဘဏ်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးရုံးတို့တည်ရှိရာ မြောက်ဦးကားဂိတ်အနီးတွင်ရှိသော စုပေါင်းရုံးနေရာတွင်ပင် ဖြစ်သည်။ ၎င်းနေရာသည် ရန်ကုန်- စစ်တွေ ကားလမ်းမသို့ "ပ"ပုံသဏ္ဍာန် လမ်းသွယ်ဖြင့် ဆက်စပ်တည်ရှိသည်။ အဝင်လမ်းတွင် ရဲစခန်းတည်ရှိပြီး အထွက်လမ်းတွင် ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတို့ တည်ရှိသည်။

မြောက်ဦးမြို့တွင်းမှ ဆန္ဒဖော်ထုတ်ပြီး ချီတက်လာသော လူထုသည် ငွေတောင်ပေါက်တံတားအနီးသို့ ရောက်ရှိသည့်အခါ လူထုမှာ အုပ်စု (၂) စုအဖြစ် ကွဲသွားခဲ့သည်။ လူဦးရေ (၅၀၀) ခန့်ရှိသော အုပ်စုသည် ရဲစခန်းနှင့် ခရိုင် အုပ်ချုပ်ရေးမှူးရုံးတို့ ရှိရာ " ပ " ပုံသဏ္ဍာန်ရှိရာ လမ်းသွယ်အတွင်းသို့ ဝင်သွားခဲ့သည်။ ကျန် လူဦးရေ (၁၀၀၀) ကျော်ခန့်ပါရှိသော အုပ်စုမှာ အဆိုပါ လမ်းသွယ်အတွင်း ရဲစခန်းရှိသောကြောင့် ရှေ့သို့ ဆက်လက် မချီတက်ရဲတော့ဘဲ ၎င်းလမ်းသွယ်ထိပ်တွင် ကျန်ခဲ့ကြသည်။

ခရိုင်ရုံး အဝင်လမ်း "ပ" ပုံသဏ္ဍာန်လမ်းအတိုင်း ဝင်သွားကြသည့် လူဦးရေ (၅၀၀) ခန့်ပါသော လူထုသည် မြောက်ဦးမြို့နယ် ရဲစခန်း၏ စစ်ဆေးရေးဂိတ်သို့အရောက်တွင် တာဝန်ကျရဲများနှင့် တားဆီးရေးဂိတ်ကို ဖယ်ရှားပေးရန် ညှိနှိုင်း၍ ဆက်လက်

ချီတက်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်သည့် လူထုသည် ခရိုင်အုပ်ချုပ်ရေးမှူးရုံး ရှေ့၌ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ရှေ့ဆက်မလိုက်ရဲဘဲ **စစ်တွေ- ရန်ကုန် ကားလမ်းမပေါ်မှ** ရပ်ကြည့်နေကြသည့် လူထုထဲမှ (၃၀၀) ခန့်လည်း ထပ်မံ၍ ပူးပေါင်းလာခဲ့ကြသည်။

## (စ) လူထုထား ပစ်ခတ်သတ်ဖြတ်မှု

ဆန္ဒဖော်ထုတ်သော မြောက်ဦး လူထုသည်

"စာပေဟောပြောပွဲအား တားမြစ်သူ တို့ရန်သူ"

"ရခိုင်ပြည်လွတ်မြောက်ရေး တို့အရေး တို့အရေး"

"စာပေ ဟောပြောပွဲ ပြန်လည်ကျင်းပခွင့် ရရှိရေး တို့အရေး၊ တို့အရေး"

"နန်းတော်ရာကုန်းတွင် မီးထွန်းခွင့် ရရှိရေး တို့အရေး"

အစရှိသည့် ကြွေးကြော်သံများဖြင့် မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်သူဦးရေ (၅၀၀) မှ (၈၀၀) ခန့်အထိ တိုးမြင့်လာသောအချိန်အထိ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် လုံခြုံရေး ရဲအင်အား (၇)ဦးသာ ရှိနေခဲ့သည်။ ထိုရဲအင်အား (၇) ဦးထဲမှ တစ်ဦးသည် လူစုခွဲသည့် ပုံစံဖြင့် သေနတ် (၃) ချက် ဖောက်လိုက်သော်လည်း လူထုမှာ ဆက်လက်ဆန္ဒဖော်ထုတ်နေကြဆဲဖြစ်သည်။

ထိုအချိန်အတွင်း မြောက်ဦးမြို့နယ် ရဲစခန်းဘက်မှ ချီတက်လာသော ရဲများမှာ စက္ကန့်ပိုင်း (မိနစ်အနည်းငယ်) အကြာတွင် ဆန္ဒပြလူထုအားနောက်ကြောမှ ဆက်တိုက်ဆိုသလို ပစ်ခတ်လိုက်ရာ လူစုကွဲသွားခဲ့သည်။ တချို့မှာ အသက်လု၍ ထွက်ပြေးခဲ့ကြပြီး အချို့မှာ ကျည်သင့်ကာ လဲကျသွားခဲ့ကြသည်။ သေနတ်ဒဏ်ရာဖြင့် လဲကျနေသူများကို ဆွဲထူရန် သွားသူများပင် သေနတ်ဖြင့် ပစ်ခတ်ခံရသည်။ တချို့က သေနတ်ဒဏ်ရာဖြင့် လဲနေသူများအား အရေးစွန့်၍ ကယ်ထုတ်ကာ ဆေးရုံသို့ထမ်း၍ ပြေးခဲ့ကြရသည်။ ရဲတပ်ဖွဲ့မှ သေနတ် ဒဏ်ရာဖြင့် လဲကျနေသူတချို့အား ခြေထောက်ကို ဆွဲငင်ပြီး မြောက်ဦးမြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူး ရုံးအတွင်းသို့ တရွတ်တိုက် ယူဆောင်သွားကြသဖြင့် မသေသင့်ဘဲ အသက်ဆုံးရှုံးခဲ့ရသည်။

သို့

မြို့နယ်ရဲတပ်ဖွဲ့မှူး
မြောက်ဦးမြို့

ရက်စွဲ- ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၁၁) ရက်

**အကြောင်းအရာ ။** ။ **လုံခြုံရေးပေးနိုင်ပါရန်တင်ပြခြင်း**

၁။ မြောက်ဦးမြို့နယ်ရှိ ရခိုင်သူ ရခိုင်သားအပေါင်းတို့မှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၁၆) ရက်နေ့ ကျရောက်လာမည့် (၂၃၃)နှစ်မြောက် ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးသည့်နေ့နှင့် ရခိုင့်လူမျိုးအတွက်အသက်ပေးသွားကြသော ရခိုင့်အာဇာနည်တို့အား ကြေကွဲဝမ်းနည်းဖွယ် အမှတ်ရအခမ်းအနားကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၂။ သို့ဖြစ်ပါ၍ ရခိုင်သူ/ရခိုင်သားအပေါင်းတို့၏ မမေ့နိုင်သော နေ့ကြီးတစ်နေ့ဖြစ်ပါသောကြောင့် အဆိုပါကျရောက်မည့် ၁၆. ၁. ၂၀၁၈ (အင်္ဂါ) နေ့တွင် နန်းတော်ကုန်းပေါ်၌ ဝမ်းနည်းအမှတ်ရ အခမ်းအနားကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လုံခြုံရေးပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

အခမ်းအနားအစီစဉ်များကိုပူးတွဲတင်ပြအပ်ပါသည်။

စံလှဖော်
ဥက္ကဋ္ဌ
ကျောင်းပရေဆပ်ကော်မတီ
မြောက်ဦးမြို့

မိတ္တူကို-

-ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အလယ်ဈေးရပ်ကွက် မြောက်ဦးမြို့။
-လက်ခံ

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မြောက် ဦး ဌာ န ခွဲ ၊ မြောက် ဦး မြို့
စာအမှတ်၊ ရ သ - ၂ / ၂၀၁၈ ( ၁၉၂၂ )/ မ ၃
ရက် စွဲ ၊ ၂၀၁၈ - ခုနှစ်၊ ဇန်နဝါရီလ ( ၈ ) ရက်

သို့

ဥက္ကဋ္ဌ
ကျင်းပရေးကော်မတီ
မြောက်ဦးမြို့

အကြောင်းအရာ။ **ရခိုင့်နိုင်ငံတော်ကျရှုံးခြင်း ဝမ်းနည်းအမှတ်ရ အခမ်းအနားကျင်းပရေးနှင့် ပတ်သတ်၍ အကြောင်းကြားခြင်း**

ရည် ညွှန်း ချက်။ ဦးစံလှဖော်(ဥက္ကဋ္ဌ)၊ ကျင်းပရေးကော်မတီ ၊ မြောက်ဦးမြို့၏ ၈-၁-၂၀၁၈ ရက်နေ့တင်ပြစာ

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၁၆-၁-၂၀၁၈ ရက်နေ့တွင် နှစ်စဉ်ကျင်းပသည့်အတိုင်း နန်းတော်ရာကုန်းတွင် ရခိုင့်နိုင်ငံတော်ကျရှုံးခြင်း ဝမ်းနည်းအမှတ်ရ အခမ်းအနားကျင်းပပြုလုပ်ရန် ကျင်းပရေးကော်မတီမှတင်ပြလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သတ်၍ မြောက်ဦးနန်းတော်ရာကုန်းသည် ရှေးယခင်မြောက်ဦးဘုရင့် နန်းတော်ဖြစ်ခြင်းနှင့် မြန်မာတစ်နိုင်ငံလုံး၏နိုင်ငံသားများပိုင်သော အမျိုးသားအမွေအနှစ်ဖြစ်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲအနေဖြင့် သဘောထား မှတ်ချက်အထူးပေးရန် မရှိသော်လည်း အခမ်းအနားပြီးဆုံးသည့်အခါတွင် ကျင်းပရေးကော်မတီ အနေဖြင့်အမှိုက်များကို မိမိတို့အစီစဉ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးပါရန် ပြန်ကြားအပ်ပါသည်။

8.1.2018
(ညိမ်းလွင်)
ညွှန်ကြားရေးမှူး

မိတ္တူကို-

- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့
- မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြောက်ဦးမြို့

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
မြောက် ဦး ဌာ န ခွဲ ၊ မြောက် ဦး မြို့
စာအမှတ်၊ ရသ - ၂/ ၂၀၁၈ ( ၁၆၆၄ )/ မဥ
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၁၅ ရက်

ဦးစံလှဆော်
ကျင်းပရေးကော်မတီ
မြောက်ဦးမြို့

အကြောင်းအရာ။ နိုင်ငံတော်အစိုးရပိုင်မြေ နန်းတော်ရာကုန်းပေါ် ခွင့်ပြုချက်မဲ့အခမ်းအနား ကျင်းပခြင်းအား မပြုလုပ်ပါရန် မေတ္တာရပ်ခံခြင်းကိစ္စ

ရည်ညွှန်းချက် ။ (၁) စံလှဆော်၊ ဥက္ကဋ္ဌ ၊ ကျင်းပရေးကော်မတီ၊ မြောက်ဦးမြို့၏ ၈-၁-၂၀၁၇ ရက်စွဲပါအကြောင်းကြားစာ
(၂) ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြောက်ဦးခရိုင်၏ ၁၁-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၀၀၅၁/ ၈/ ၂ - ဖ ဦး ၁ (ခရိုင်စီခန့်)

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရပိုင်မြေ နန်းတော်ရာကုန်းပေါ်တွင် ရခိုင့်နိုင်ငံတော်ကျဆုံးခြင်းဝမ်းနည်းအမှတ်တရအခမ်းအနားအား သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ကျင်းပရေးကော်မတီမှ ဆင်ယင်ကျင်းပနေခြင်းအား ခွင့်မပြုနိုင်ပါကြောင်းနှင့် အခမ်းအနားကျင်းပခြင်း မပြုလုပ်ပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။ ဤစာဖြင့် ၈-၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ရသ-၂/၂၀၁၈ (၁၉၂၂) / မဥ စာအား လွှမ်းမိုးပယ်ဖျက်လိုက်သည်။

15.1.2018
( ညိမ်းလွင် )
ညွှန်ကြားရေးမှူး

မိတ္တူကို-
- ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စစ်တွေမြို့
- ပြည်နယ်ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ စစ်တွေမြို့
- ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေးအခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ စစ်တွေမြို့
- ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ နေပြည်တော်
- တပ်မှူး၊ အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ကျောက်တော်မြို့
- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရခိုင်ပြည်နယ်

စာအမှတ်၊ (၄၈၉) / ၃ / ၆ - ၁ (လုံခြုံ)/ အထွေ(ရခိုင်)
ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

သို့

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ)မြို့

အကြောင်းအရာ။ **သိရှိလိုက်နာဆောင်ရွက်သွားရန် ကိစ္စ**

ရည် ညွှန်း ချက်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြောက်ဦးမြို့၏ (၁၅-၁-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၀၀၇၆ / ၈ / ၂ - ၆ / ဦး ၁ (ခရိုင်စီခန့်)


၁။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရခိုင့်နိုင်ငံတော်ကျဆုံးခြင်း ဝမ်းနည်းအမှတ်တရ အခမ်းအနားများ၊ ဟောပြောပွဲများ ဆောင်ရွက်ရန်ရှိကြောင်း သိရှိရပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်စေရန်နှင့် ဥပဒေပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊ အခမ်းအနား/ဟောပြောပွဲကျင်းပပြုလုပ်မည့် မြေနေရာ၊ အဆောက်အဦနှင့်စပ်လျဉ်း၍ အဆိုပါမြေနေရာ၊ အဆောက်အဦအားစီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက်ရယူဆောင်ရွက်စေရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အကြောင်းကြားသည်။


ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)
(ဗိုလ်မှူးကြီး ဖုန်းတင့်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)

မိတ္တူကို
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အားလုံး)
ရုံးလက်ခံ
မျှောစာတွဲ

# ပထမအကြိမ် ဆန္ဒဖော်ထုတ်ပွဲ ချီတက်ရာ လမ်းကြောင်းပြမြေပုံ




# ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ပွဲ ချီတက်ရာ လမ်းကြောင်းပြမြေပုံ






ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)မှ ထုတ်ဝေသည်။

# အခင်းဖြစ်ပွားသည့်နေရာပြ မြေပုံ



# ကျူးလွန်ခံရသူများအား မှတ်တမ်းတင်ခြင်း

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် မြောက်ဦးမြို့၌ ဆန္ဒဖော်ထုတ်ပွဲအား ရဲတပ်ဖွဲ့မှ အကြမ်းဖက်ပစ်ခတ် ဖြိုခွင်းခဲ့သည့်ဖြစ်စဉ်တွင် လူငယ် (၇) ဦး အသက်သေဆုံးခဲ့ကြရပြီး (၁၂) ဦး ဒဏ်ရာရရှိခဲ့သည်။ မြောက်ဦးအဓိကရုဏ်း ဖြစ်စဉ်အတွင်း မောင်ကျော်သိန်းစိုး (၁၅)နှစ်၊ မောင်မင်းကျော်သန်း (၁၆)နှစ်၊ မောင်ဦးသန်းမောင် (၁၈)နှစ်၊ မောင်နိုင်ဆန်းချေ (၂၁)နှစ်၊ မောင်ကျော်နိုင်ဝင်း (၂၃)နှစ်၊ ကိုညီညီကျော် (၃၁)နှစ်နှင့် ကိုအောင်နိုင်လင်း (၃၅)နှစ်တို့ (၇) ဦး သေဆုံးခဲ့ကြရသည်။

ဒဏ်ရာရ လူငယ်များထဲမှ ဒဏ်ရာအနည်းငယ်သာရသော သူများမှာ ဆေးကုသမှုခံယူနေစဉ်အတွင်း ဒဏ်ရာသက်သာပြီး ဆေးရုံမှ ဦးစွာဆင်းကာ တိမ်းရှောင်သွားကြသည့်အတွက် လွတ်မြောက်သွားခဲ့ကြသော်လည်း ကျန်(၈)ဦးမှာ ရာဇသတ်ကြီး ပုဒ်မ (၁၄၅) ဖြင့် ထောင်ဒဏ်(၈)လ ချမှတ်ခံခဲ့ရပြီး လက်ရှိတွင် အာမခံဖြင့် လွတ်မြောက်လာခဲ့သည်။ မြောက်ဦးဆန္ဒဖော်ထုတ်ပွဲတွင်ပါဝင်၍ ဒဏ်ရာအသီးသီးရရှိကာ ဖမ်းဆီးထောင်ချခံခဲ့ရသူ(၈)ဦးမှာ ဦးအောင်ကျော်မြင့်၊ ကိုကျော်ကျော်နိုင်၊ မောင်ဦး သန်းဖော်၊ မောင်ကျော်ဝင်းနိုင်၊ မောင်ထွန်းကျော်စိန်၊ မောင်ခိုင်အောင်ဌေး၊ ကိုရွှေမောင်နှင့် မောင်ကျော်မင်းစိုးတို့ဖြစ်သည်။

## (က) သေဆုံးသွားသူများ၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှုအခြေအနေ

**သေဆုံးသွားသော မောင်မင်းကျော်သန်း၏**
**ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ**


အမည် - မောင်မင်းကျော်သန်း၊
အသက် - ၁၆ နှစ်၊
အဘမည် - ဦးမောင်ထွီးညို၊
နေရပ် - မဟိန်ဂျီရပ်ကွက်၊ မြောက်ဦးမြို့။
ထိခိုက်ဒဏ်ရာ - နဖူးတွင် ကျည်ဖောက်ဝင်သွားသော ဒဏ်ရာပါရှိ။



## သေဆုံးသွားသော မောင်ကျော်သိန်းစိုး၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ

| | |
|---|---|
| အမည် | - မောင်ကျော်သိန်းစိုး |
| မိဘအမည် | - ဦးလှသိန်းထွန်း နှင့် ဒေါ်စောသိန်းဖြူ |
| အသက် | - ၁၅ နှစ်၊ |
| မွေးသက္ကရာဇ် | - (၁၃၆၄-နတ်တော်လဆန်း ၁၄ရက်) |
| လူမျိုး/ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| ပညာအရည်အချင်း | - ၈တန်း |
| အလုပ်အကိုင် | - ဆိုင်ကယ်ဝပ်ရှော့လုပ်သား |
| ညီအစ်ကိုမောင်နှမ | - မောင်နှမ လေးဦးအနက် တတိယမြောက်သား |
| မိဘအလုပ်ကိုင် | - မုန့်တီလုပ်ငန်း |
| နေရပ် | -(တရ-၄၂၁) တောင်ရပ် ရပ်ကွက်၊ မဟိန်ဂျီရပ်၊ မြောက်ဦး။ |
| ထိခိုက်ဒဏ်ရာများ | - ကျည်ဆံဒဏ်ရာမရှိ၊ ညာဘက် နောက်နားထင် အကွဲဒဏ်ရာပါ (သေနတ်ဒင်ဖြင့် ထုထောင်းထားဟန်)၊ ညာဘက်ရင်ဘတ်အပေါ်တွင် (အလျား ၄ လက်မခန့် ဓါးဒဏ်ရာအပေါက်ရာပါ)၊ ညာဘက်ဒူးတွင် ဓားဒဏ်ရာ |

အပေါက်နှစ်ခုပါ (ဒိုးယိုပေါက်အနေအထား)၊ ဘယ်ဖက်ပေါင်တွင် ဓားဒဏ်ရာအပေါက်ပါ၊ လည်မျိုကို နင်းခြေထားသည်များကိုတွေ့ရ (ဆေးစစ်ချက်များအား ဆရာဝန်များမှထုတ်မပေးခဲ့)၊



# သေဆုံးသွားသော မောင်ဦးသန်းမောင်၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ

အမည် - မောင်ဦးသန်းမောင်

မိဘအမည် - ဦးသန်းကျော်နှင့် ဒေါ်နီနီ

အသက် - ၁၈ နှစ်

မွေးသက္ကရာဇ် - ၁၁၊ ၆၊ ၁၉၉၉

မှတ်ပုံတင်အမှတ် - ၁၁/မဥန(နိုင်)၁၆၇၆၄၇

လူမျိုး၊ ဘာသာ - ရခိုင်/ဗုဒ္ဓ

ပညာအရည်အချင်း - ဒသမတန်း


ညီအစ်ကိုမောင်နှမ - ညီအစ်ကိုမောင်နှမ လေးဦးတွင် အကြီးဆုံးသား

အလုပ်အကိုင် - ရန်ကုန်မြို့ရှိ ဖုန်းဆိုင်တဆိုင်တွင် အလုပ်လုပ်ကိုင်နေ (မသေဆုံးမီ ၅ ရက်ခန့်က ရှင်ပြုရန် မြောက်ဦးသို့ရောက်ရှိနေခြင်းဖြစ်သည်။)

မိဘအလုပ်ကိုင် - ဖခင်ဖြစ်သူမှာ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေပြီး မိခင်မှာ မိမိဒေသ၌ လယ်ယာလုပ်ငန်းလုပ်ကိုင်

နေရပ် - ဇင်လကုန်းကျေးရွာ၊ မြောက်ဦးမြို့နယ်။

ထိခိုက်ဒဏ်ရာများ - ကျည်ဆံမှာ သူ၏ဘယ်ဘက်ခါးမှ ဆီးအိမ်ထဲ ဖောက်ဝင်သွား ဘယ်ဖက်လက်ညှိုးနှင့် လက်မတွင် ကျည်ရှပ်မှန်ဒဏ်ရာ၊



# သေဆုံးသွားသော မောင်နိုင်ဆန်းချေ၏
# ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာ ရရှိမှု အခြေအနေ

| | |
|---|---|
| အမည် | - မောင်နိုင်ဆန်းချေ |
| မိဘအမည် | - ဦးမောင်ကျော်စိန်နှင့် ဒေါ်သန်းဖြူမေ |
| အသက် | - ၂၁ နှစ် |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| ပညာအရည်အချင်း | - စတုတ္ထတန်း |
| အလုပ်အကိုင် | - ဆိုင်ကယ်ကယ်ရီ(ဘေးတွဲမောင်း)၊ ပန်းရံ၊ လက်သမား၊ |
| ညီအစ်ကိုမောင်နှမ | - မွေးချင်းညီအစ်ကိုနှစ်ဦးတွင် ဒုတိယမြောက်သား |
| နေရပ် | - ပန်းဖဲတန်း(ရွာသာယာ)၊အောင်မင်္ဂလာရပ်ကွက်၊ မြောက်ဦးမြို့။ |
| ထိခိုက်ဒဏ်ရာများ | - ရင်ဘတ်အောက်တွင် ကျည်ဆန်ထိဒဏ်ရာ တစ်ချက်ရှိ၊ မျက်နှာတွင် သေနတ်ဒင်ဖြင့် ထုထောင်းထားသည့် ဒဏ်ရာများရှိ၊ နောက်စေ့ပွင့်၍ သွေးယိုသည့် ဒဏ်ရာများရှိ၊ |



## သေဆုံးသွားသော ကျော်နိုင်ဝင်း(ခ) မျက်ပြူး၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ

| | |
|---|---|
| အမည် | - ကိုကျော်နိုင်ဝင်း (ခ) မျက်ပြူး |
| မိဘအမည် | - ဦးအောင်ကျော်ထွန်း၊ ဒေါ်မသိန်းချေ |
| အသက် | - ၂၃ နှစ် |
| မွေးသက္ကရာဇ် | -၂၃၊ ၄၊ ၁၉၉၄ |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| မှတ်ပုံတင်အမှတ် | - ၁၁/မဥန(နိုင်)၁၂၉၈၃၂ |
| ပညာအရည်အချင်း | - နဝမတန်း |
| ဇနီးအမည် | - မဝေဝေဆန်း |
| သမီးအမည် | - ထူးအေးမင်း (အသက် ၁ နှစ် ၈ လ) |
| အလုပ်အကိုင် | - ဆိုင်ကယ်ကယ်ရီမောင်း |
| ညီအစ်ကိုမောင်နှမ | - ညီအစ်ကိုမောင်နှမ (၅) ဦးတွင် တတိယမြောက်သား |
| နေရပ် | - အလစျ(၆၈၄)၊ အလယ်ဈေး၊ ကြက်လျှာကျွန်း၊ မြောက်ဦးမြို့။ |
| ထိခိုက်ဒဏ်ရာများ | - ကျည်ဆံဒဏ်ရာမပါ၊ ရင်ဘတ်တွင် ( ဖိနပ်ဒဏ်ရာ၊ တုတ်ဒဏ်ရာ၊ သေနတ်ဒင် ဒဏ်ရာ၊ အပေါ်နှုတ်ခမ်းအထက်တွင် အပေါက်ဒဏ်ရှိ။ |



## သေဆုံးသွားသော ကိုညီညီကျော်(ခ) ညီဘု၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ

| | |
|---|---|
| အမည် | - ကိုညီညီကျော် (ခ) ညီဘု |
| မိဘအမည် | - ဦးသန်းစိန် နှင့် ဒေါ်မဲပြား |
| အသက် | - ၃၁ နှစ် |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| ပညာအရည်အချင်း | - ၈တန်းအောင် |
| ဇနီးအမည် | - မစောအေး |
| သမီးအမည် | - မြတ်ဝင်းသွယ် |
| အလုပ်အကိုင် | - ဆိုင်ကယ်ကယ်ရီ(ဘေးတွဲယာဉ်မောင်း) |
| နေရပ် | - အမှတ်(၀၆၄)၊စံကားတောင်အုပ်စု(ပန္နလရပ်ကွက်)၊ မြောက်ဦး။ |
| ထိခိုက်ဒဏ်ရာ | - ညာဘက်ရင်ဘတ်အောက်တွင် သေနတ်ဒဏ်ရာ တစ်ချက်ပါ (နှစ်လက်မခန့် မြုပ်ဝင်နေ)၊ လည်ပင်း(လည်မျို) တွင် point ဖိနပ်ရာ တွေ့ရ၊ ရင်ဘတ်၊ ဝမ်းဗိုက်၊ နောက်ကျောတို့တွင် သေနတ်ဒင်ဖြင့် ထုထောင်းထား ခြင်း ပါရှိ၊ |



## သေဆုံးသွားသော ကိုအောင်နေလင်း(ခ) တောက်လူမ၏ ကိုယ်ရေးအကျဉ်းနှင့် ဒဏ်ရာရရှိမှု အခြေအနေ

| | |
|---|---|
| အမည် | - ကိုအောင်နေလင်း (ခ) တောက်လူမ |
| မိဘအမည် | - ဦးလှမောင်သိန်း နှင့် ဒေါ်ခင်သန်းအုန်း(ခ)မယောင်း |
| အသက် | - ၃၅ နှစ်၊ |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| ပညာအရည်အချင်း | - န၀မတန်း(၉တန်းအောင်) |
| အလုပ်အကိုင် | - တည်းခိုခန်းမန်နေဂျာ(King တည်းခိုခန်း) |
| ညီအစ်ကိုမောင်နှမ | - မွေးချင်း လေးဦးတွင် ဒုတိယမြောက်သား |
| နေရပ် | - (လကမ-၅၅၃)လော်ကမုန်ရပ်ကွက်၊ ပြင်ဈေးရပ်၊ မြောက်ဦးမြို့။ |
| မိသားစုအလုပ်အကိုင် | - ဗွီဒီယိုအခွေရောင်း(လက်လီ) |
| ထိခိုက်ဒဏ်ရာများ | - ခြေထောက်ဒူးနစ်ဖက်တွင်ကျည်ဆံထိမှန်ထား၊ |



# (၁) သေဆုံးသွားသူများ၏ မိသားစုဝင်များ ရင်ဖွင့်သံ

## မောင်ကျော်သိန်းစိုး သေဆုံးခြင်းနှင့် ပတ်သက်၍ အစ်မဖြစ်သူ မအိအိဖြူ ပြောကြားချက်



မောင်ကျော်သိန်းစိုး သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်ပြီး အစ်မဖြစ်သူ မအိအိဖြူက " သူသေတာကို ည (၁) နာရီလောက်မှ သိရတယ်။ သူ့ရဲ့သူငယ်ချင်း မင်းကျော်သန်းနှင့် (၇) နာရီလောက်ကတည်းက ထွက်သွားတာ၊ မောင်လေး မရောက်သေးဘူးဆိုပြီး ရွာမှာ ရှာနေတုန်းပဲ ရှိသေးတယ်၊ မြင်လိုက်တဲ့သူတွေက အလောင်း (၇) လောင်းကို ရဲတွေက ခွေးသေတွေလို ဆွဲချပစ်ခဲ့တာလို့ပြောကြတယ်။ ပထမတခါ ဖုန်းဆက်တော့ "ဟဲလို" ဆိုပြီး ဖုန်းကိုင်ခဲ့သေးတယ်။ နောက်တခေါက်ခေါ်တော့ ကျနော်ရဲသားပါတဲ့၊ တတိယအကြိမ် ထပ်ဆက်တော့ ဒီဖုန်းပိုင်ရှင်မှာ ဒူးမှာ ဒဏ်ရာရနေလို့ပါ ဆိုပြီးပြောတယ်။ ရှာနေတဲ့အချိန်မှာ ဆက်တာ မောင်လေးက ဖုန်းကိုင်နိုင်ခဲ့သေးတယ်၊ သဘောကတော့ သူတို့ သတ်နေတဲ့အချိန် ဖြစ်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ "ဟဲလို" ဆိုပြီး ပြောနိုင်ခဲ့သေးတာပဲ၊ နောက်တစ်ခေါက်ဆက်မှသာ ရဲကိုင်တာ" ဟု ထိုနေ့က အဖြစ်အပျက်ကို ပြောပြသည်။

သေဆုံးပြီး နောက်ပိုင်းတွင်လည်း အောင်တပ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖြူလှထွန်းနှင့် တောင်ရပ် ရပ်ကွက်အုပ်ချုပ်ရေးမှူး အောင်သိန်းတို့မှ မြောက်ဦးမြို့ နာရေးကူညီမှု အသင်း ရုံးထဲသို့ သေဆုံးသူများ၏ မိသားစုဝင်များကို ခေါ်ယူကာ ဘုံးသီးတောင် လူငယ်အဖွဲ့ကပေးသည်ဟုဆိုပြီး ပိုက်ဆံ(၅)သိန်းစီ ပေးခဲ့ကြောင်းလည်း သူကဆိုသည်။ သို့သော်လည်း နောက်တစ်နေ့တွင် အစိုးရကပေးသည်ဟု သိရှိရပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဖြူလှထွန်းထံ ပြန်လည်ပေးအပ်လိုက်သည်ဟု ပြောသည်။

သူမ၏ မောင်ဖြစ်သူ သေဆုံးပြီးနောက် မိသားစု စားဝတ်နေရေး ပိုမိုကျပ်တည်းလာကြောင်း မအိအိဖြူက ပြောသည်။

"သူရှိတုန်းကတော့ ညဖက်တွေ မုန့်တီလုပ်ရင်လည်း ဝင်ကူဖို့ရတယ်။ မနက်ပိုင်းကျမှ သူက ဝပ်ရှော့ကို သွားတာ၊ အားလုံးက အလုပ်ကိုယ်စီလုပ်နေမှ အဆင်ပြေတာ၊ သူမရှိတော့တာနဲ့ လစ်ဟာမှုတွေ ရှိလာတယ်" ဟုလည်း သူမက ဆိုသည်။

အကြမ်းဖက်ဖြိုခွဲမှုတွင် ရဲတပ်ဖွဲ့ဘက်က ပစ်ခတ်မှုကြောင့် အသက်သေဆုံးသည်အထိ ရှိခဲ့ကြသော်လည်း ရဲတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်မှ အရေးယူခံရခြင်းမရှိသည့် ကိစ္စနှင့် ပတ်သက်၍လည်း "ပြည်သူနှင့် အစိုးရဆိုတာ သားသမီးနဲ့ မိဘလိုပါပဲ။ အစိုးရက ပြည်သူကို သားသမီးလို ဆက်ဆံပေးမှ ပြည်သူတွေက အေးချမ်းမှာ။ နောက်လူတွေကိုလည်း ဒီလိုမျိုး မသတ်စေချင်ဘူး။ နောက်လူတွေကိုလည်း သနားငဲ့ညှာပေးပါ။ ဘာကြောင့်လဲဆိုတော့ ကလေးတွေက အသက်တောင် မပြည့်သေးဘူး"ဟု ဆိုသည်။

အသတ်ခံရသူများအတွက် တရားမျှတမှု တစုံတရာ ရရှိအောင် လုပ်ဆောင်ပေးလိုသော်လည်း မိမိတို့ စားဝတ်နေရေး အခက်အခဲများအတွက် အလုပ်လုပ်နေကြရသလို ပညာတတ်အသိုက်အဝန်း မဟုတ်သည့်အတွက် ဥပဒေဆိုင်ရာ ကိစ္စရပ်များကိုမသိ၍ တရားစွဲဆိုမှုများ မလုပ်နိုင်ခဲ့ကြောင်းလည်း ဆိုသည်။ "အမှန်တရားကိုတော့ ဖော်ထုတ်ချင်တာပေါ့၊ မတရားသဖြင့် သေဆုံးခဲ့ကြရတာပဲ။ ဒါပေမဲ့ ဦးဆောင် လုပ်ပေးမယ့်သူလည်း မရှိဘူး" ဟု သေဆုံးသူ မောင်ကျော်သိန်းစိုး၏ အစ်မဖြစ်သူ မအိအိဖြူက ဆိုသည်။

မြောက်ဦးလူထုဆန္ဒဖော်ထုတ်မှုကို အကြမ်းဖက်ဖြိုခွင်းခံရပြီး နောက်ပိုင်းတွင် အစိုးရဘက်မှ တိတ်ဆိတ်နေခြင်းနှင့် ပတ်သက်၍လည်း မအိအိဖြူက "အစိုးရကို ပြောချင်တာက ဘာကြောင့်သတ်တာပါလဲ၊ ဘာကြောင့် အစိုးရက ပွင့်ပွင့်လင်းလင်းမဖော်ထုတ်တာလဲ၊ သေဆုံးပြီးတာနဲ့ အစိုးရက ဘာကြောင့် တိတ်ဆိတ်နေ ရတာလဲ။ မတရားလည်း သေရသေးတယ်၊ သူတို့ကတော့ တိတ်ဆိတ်နေတာ ဘာကြောင့်လဲ" ဟု မချိတင်ကဲ မေးခွန်းထုတ်ခဲ့သည်။

## မောင်ဦးသန်းမောင် သေဆုံးခြင်းနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်နီနီ ပြောကြားချက်



"ပထမကြားတာက ဆေးရုံရောက်တယ်ဆိုတဲ့ သတင်းပဲကြားတယ်။ ဆေးရုံကို လိုက်သွားတော့မှ သေတယ်ဆိုတာသိရတာ။ သားလေးက လိမ္မာပါတယ်၊ အကျင့်စာရိတ္တလည်းကောင်းတယ်၊ အစိုးရကို လုံးဝမကျေနပ်ဘူး၊ မတရားသဖြင့် ပစ်သတ်လို့ လုံးဝမကျေနပ်ဘူး" မောင်ဦးသန်းမောင်၏ မိခင်က ဒေါ်နီနီက ပြောသည်။

မောင်ဦးသန်းမောင်မှာ ထိုနေ့ညက သူငယ်ချင်းများနှင့်အတူ နေအိမ်မှ ညနေ (၈) နာရီခန့်တွင် ထွက်သွားခဲ့ခြင်းဖြစ်သည်။ မောင်ဦးသန်းမောင် သေဆုံးပြီးနောက်ပိုင်းတွင် အစိုးရဘက်မှ ထောက်ပံ့ငွေ (၅) သိန်းကျပ် ပေးအပ်ခဲ့သည်ကို နာရေးကူညီမှုအသင်းက ပေးသည်ထင်၍ လက်ခံခဲ့သော်လည်း နောက်နေ့တွင် အစိုးရကပေးမှန်း သိသဖြင့် ပြန်ပေးခဲ့ကြောင်း ဒေါ်နီနီကဆိုသည်။

တရားမျှတမှု တစ်စုံတရာ ရရှိရေးအတွက် အမှုဖွင့်တိုင်ကြားရန် ကြိုးစားခဲ့ပုံများနှင့်ပတ်သက်၍ " တစ်ခါတော့ တိုင်ကြားဖို့၊ အမှုဖွင့်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် အဲဒီတုန်းက စစ်တွေမှာ ပုံးပေါက်ကွဲမှုဖြစ်တာနဲ့ မသွားဖြစ်လိုက်တော့ဘူး၊ နောက်ပိုင်းမှာ ဦးဆောင်မယ့်သူကလည်း မရှိတော့တာနဲ့ တရားစွဲဖို့လည်း မလုပ်ဖြစ်တော့တာပါ" ဟု ဒေါ်နီနီက ဆိုသည်။

သားဖြစ်သူ သေဆုံးရခြင်းနှင့်ပတ်သက်ပြီး "အစိုးရကို ဘာမှလည်း မတောင်းဆိုချင်ဘူး။ လုံးဝလည်း မကျေနပ်ဘူး၊ သူတို့က လာပြီးတော့ သတင်းမေးတာမျိုးတောင် မလုပ်ကြဘူး။ ကျွန်မတို့ သားလေးကို သတ်သလိုမျိုး သူတို့ကိုလည်း အပြစ်ပေးစေချင်တယ်" ဟု မျက်ရည်ဝဲရင်း ပြောပြခဲ့သည်။

## မောင်ကျော်နိုင်ဝင်း သေဆုံးခြင်းနှင့် ပတ်သက်၍ အစ်မဖြစ်သူ မလှမြင့်သန်း ပြောကြားချက်



"သူ့ကို ရဲသားတွေက သတ်လိုက်ကြတာ။ သေနတ်နဲ့ပစ်တဲ့ ဒဏ်ရာမရှိဘဲ ရိုက်နှက်ထားတဲ့ ဒဏ်ရာတွေပဲ ရှိတာလေ။ နာခေါင်း အောက်နားမှာတော့ ပေါက်ပြဲ ဒဏ်ရာရှိတယ်။ သေနတ်နဲ့ ထိုးထားတာ ဖြစ်နိုင်တယ်။ ဦးခေါင်းတစ်ခုလုံးက ကြေမွသွားတယ်။ သူဆုံးသွားတာက ည (၁၂) နာရီခွဲလောက်မှာပါ။ ဆရာဝန်တွေ ပြောတာကတော့ နာရီဝက်လောက် နောက်ကျသွားတယ်လို့ ပြောပါတယ်" ဟု ထိုနေ့က အဖြစ်အပျက်ကို အစ်မဖြစ်သူ မလှမြင့်သန်းက ပြောပြသည်။

မောင်ဖြစ်သူ သေဆုံးပြီးနောက်တွင် အစိုးရကပေးသည့် နစ်နာကြေးကို လက်မခံလိုက်ပုံနှင့် ပတ်သက်၍လည်း "သူတို့ ပေးတဲ့ပိုက်ဆံကို မယူလိုက်ပါဘူး၊ လူတစ်ယောက်ရဲ့အသက်ကို ဒီပိုက်ဆံ ငါးသိန်း၊ ခြောက်သိန်းနဲ့ တန်ဖိုးဖြတ်လို့ရမလား။ အဲဒါကြောင့် လက်မခံလိုက်တာပါ"ဟု ပြောသည်။

သေဆုံးခဲ့ရသူများအတွက် တရားမျှတမှု တစုံတရာ မရရှိမှုနှင့်ပတ်သက်၍လည်း "အစိုးရကို တရားစွဲချင်တယ်၊ မဖြစ်စလောက်ငွေကြေးနဲ့ လူတစ်ယောက်ကို တန်ဖိုးဖြတ်ရသလဲ မေးချင်တာ။ ဒါပေမဲ့ အခုအချိန်ထိတော့ ကျွန်မတို့ဖက်က တရားစွဲဆိုတာတွေ မရှိသေးပါဘူး။ ဘာကြောင့် လဲဆိုတော့ အစိုးရနဲ့ စကားမပြောချင်လို့ပဲ။ တရားမစွဲဘဲ ထားလိုက်ပြန် တော့လည်း အစိုးရက သူတို့ကို ကျွန်မတို့က တရားမစွဲဝံ့ဘူး၊ ကြောက်နေတယ်လို့ ထင်ပုံရတယ်" ဟုလည်း သူမက ဆိုသည်။

သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များအပေါ်တွင် အစိုးရက လစ်လျူရှုထားသည့် အခြေအနေနှင့် ပတ်သက်၍လည်း "အစိုးရကို ပြောချင်တာကတော့ သေဆုံးသွားတဲ့ ကလေးတွေကို ငွေ (၅) သိန်းနဲ့ တန်ဖိုးဖြတ်တယ်၊ အဲဒီကလေးတွေကို သတ်ခဲ့တဲ့

အစိုးရဝန်ထမ်းတွေထဲက တယောက်ကို သိန်း (၂၀) ပေးမယ်ဆိုရင် သတ်လို့ရမလား။ မဟုတ်ရင် သေဆုံးသွားသူ (၇) ယောက် အတွက် အစိုးရက တယောက်ကို သိန်း တစ်သောင်းစီပေး။ အစိုးရမှာက သိန်းတစ်သောင်းဆိုလည်း ပေးနိုင်တာပဲ။ အဲဒါမှ မိသားစုစားဝတ်နေရေး အဆင်ပြေမှာ၊ အဲဒီလောက်ပဲ ပြောချင်တယ်" ဟု သေဆုံးသူ မောင်ကျော်နိုင်ဝင်း၏ အစ်မဖြစ်သူ မလှမြင့်သန်းက ပြောခဲ့သည်။

ကျူးလွန်ခဲ့ရာတွင် ပါဝင်ခဲ့သူများအား ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဖော်ထုတ် အရေးယူပေးစေလိုကြောင်း၊ နစ်နာမှုများအတွက်လည်း ကျေနပ်သည်အထိ လျော် ကြေးပေးစေလိုကြောင်း ဇနီးဖြစ်သူ မဝေဝေဆန်းက ဆိုသည်။

## မောင်ညီညီကျော် သေဆုံးခြင်းနှင့် ပတ်သက်၍ ဇနီးဖြစ်သူ မစောအေး ပြောကြားချက်



လင်ယောက်ျားဖြစ်သူ သေဆုံးရမှုနှင့်ပတ်သက်ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေ အရ အရေးယူပေး စေလိုကြောင်း၊ နစ်နာဆုံးရှုံးမှုများအတွက် ထိုက်သင့်သည့် ပြန်လည် ကုစားမှုမျိုးကို ပေးစေလိုကြောင်း ဇနီးဖြစ်သူ မစောအေးက ပြောကြားခဲ့သည်။

"အစိုးရကို ပြောချင်ပါတယ်။ ကျွန်မယောက်ျား သေဆုံးသွားတဲ့အတွက် ကျွန်မ လုံးဝမကျေနပ်ဘူး။ သူတို့က ကြက်ကလေး၊ ငှက်ကလေးသတ်သလို သတ်သွားတယ်။ ကျွန်မမှာ သမီးလေးတစ်ယောက်နဲ့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး" ဟု ပြောခဲ့သည်။

လင်ယောက်ျားသေဆုံးပြီးနောက် မိသားစု စားဝတ်နေရေးအခက်အခဲကြောင့် ပင်ပန်း ဆင်းရဲစွာ အလုပ်လုပ်နေရကြောင်းလည်း ဆိုသည်။ " သူရှိတုန်းကတော့ အိမ်မှာပဲ နွေးနွေးထွေးထွေး နေရတယ်။ အခုကျတော့ အလုပ်လည်း လုပ်နေရတယ်၊ တရက် မှလည်း မနားရဘူး"ဟု သူမ၏ အခက်အခဲကို ငိုလျက်ပြောသည်။

အစိုးရက တာဝန်ယူမှုမရှိသည့်အပိုင်းနှင့် ပတ်သက်၍လည်း "အစိုးရဆီကနေ တောင်းဆိုချင်တာကတော့ ကျွန်မသမီး ပညာရေး၊ အဖေမရှိတော့တဲ့ဘဝကို သူတို့တွေ ဘာလုပ်ပေးနိုင်သလဲ၊ ကျွန်မသမီးလေးရဲ့ ဘဝရှေ့ရေးအတွက် ဘာတွေလုပ်ပေးနိုင်မလဲ။ ယောက်ျားရှိတုန်းကဆိုရင် ကျွန်မ ဘာမှလုပ်စရာမလိုဘူး၊ သူကပဲ ရှာကျွေးတာ။ အခုတော့ ဘဝက အများကြီး ရုန်းကန်နေရတယ်" ဟု မစောအေးက ပြောခဲ့သည်။

## မောင်ညီညီကျော် သေဆုံးခြင်းနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်မဲပြား ပြောကြားချက်



ကိုညီညီကျော်၏ မိခင်ဖြစ်သူ ဒေါ်မဲပြားက သူ့သားဆုံးပြီးကတည်းက စိတ်မကောင်းနလုံးမကောင်းဖြစ်သွားသဖြင့် ရန်ကုန်အထိ ဆေးသွားကုခဲ့ရကြောင်း၊ သူ၏သားသည် နိုင်ငံရေး၊ လူမှုရေးအဖွဲ့ အစည်းများနှင့် ပတ်သက်ဆက်နွယ်မှု မရှိကြောင်း၊ အကျင့်စာရိတ္တပိုင်းမှာလည်း နည်းနည်းပါးပါး သောက်စားတတ်ရုံကလွဲပြီး အေးအေးဆေးဆေးနေတတ်သူဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသုဘချသည့်နေ့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး နှစ်ဦးက သေဆုံးသူများ၏ မိသားစုဝင် တဦးစီကို မြောက်ဦးမြို့နာရေးကူညီမှုရုံးသို့ ခေါ်ယူ၍ ပိုက်ဆံပေးကာ လက်မှတ်ထိုးခိုင်းခဲ့ကြောင်းလည်း ဆိုသည်။ အစပိုင်းတွင် အစိုးရပိုင်းကပေးသည့် ပိုက်ဆံမှန်းမသိ၍ လက်ခံခဲ့သော်လည်း နောက်တနေ့ နေ့လည်တွင် ပြန်ပေးခဲ့ကြောင်းလည်း ဆိုသည်။ သို့သော် တခြားလူမှုရေးအဖွဲ့များက ကူညီထောက်ပံ့မှုကိုတော့ လက်ခံခဲ့ကြောင်းပြောသည်။

လူစုလူဝေးကို အကြမ်းဖက် ဖြိုခွင်းခံရသည့်ညက အတွေ့အကြုံကိုလည်း ပြန်လည်ပြောပြခဲ့သည်။

"ကျွန်မက ပန်းပဲတန်းမှာနေတယ်။ သားက ဇန္ဒြလမှာ နေတာဆိုတော့ ည (၁၁) နာရီလောက်မှာ ချွေးမက ညီဘု မရောက်သေးဘူး ဆိုပြီးတော့ အကြောင်းကြားလာတယ်။ အဲဒါနဲ့ ကျွန်မရယ်၊ သားအငယ်ရယ်၊ သားမက်ရယ် ဆေးရုံကို သွားကြည့်ကြတယ်။ သေမှန်း ပျောက်မှန်းလည်း မသိပါဘူး၊ ဆေးရုံမှာပဲ ရှာနေကြတာ။ တခန်းပြီး တခန်း ရှာနေတုန်း အရင်ရောက်နေတဲ့ သားအလတ်က ရင်ခွဲရုံဖက်က ထွက်လာတယ်။ ဟိုဖက်မှာလည်း လူနာတွေရှိတယ်ကြားတယ်။ သွားကြည့်ကြမယ်ဆိုပြီး သားအလတ်ကို ခေါ်တော့ သူက တားတယ်။ ကျွန်မကိုလည်း အိမ်ပြန်ဖို့ပဲ ခေါ်နေတယ်။ အဲဒီတော့မှ သူ့လက်မှာ ကိုင်ထားတဲ့ သားကြီးရဲ့ ဖိနပ်နဲ့ ဆိုင်ကယ်သော့ကို တွေ့တယ်။ အဲဒါနဲ့ ဒါဘယ်က ရခဲ့သလဲမေးတော့ အမေ စိတ်ကိုထိန်းပါတဲ့။ ကိုကို ဆုံးသွားပြီ။ အခု ရင်ခွဲရုံမှာလို့ ပြန်ပြောတယ်။ ဒါနဲ့ ရင်ခွဲရုံကို သွားကြည့်တော့ ရဲတွေအများကြီးပဲ၊ လုံးဝလည်း ဝင်ခွင့်မပေးဘူး။ သူတို့က ခဏစောင့်ဆိုပြီးပြောတယ်။ ချမ်းလွန်းတဲ့ ညကြီးမှာ သားအတွက် ငိုရင်းနဲ့ စောင့်သာနေရတယ်။ စောင့်နေတဲ့ ရဲတွေ ပြန်သွားတာနဲ့ ရင်ခွဲရုံကို ပိတ်လိုက်ကြတော့ သားအလောင်းကိုတောင် ကြည့်ခွင့်မရခဲ့ဘူး။ နောက်တရက်မှ ကြည့်ရတယ်။" ဟု မျက်ရည်ဝဲကာ ပြောပြခဲ့သည်။

## ကိုအောင်နေလင်း သေဆုံးခြင်းနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်ခင်သန်းအုန်း ပြောကြားချက်



ကိုအောင်နေလင်း သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်ခင်သန်းအုန်းက "သား သေသွားတာကို ည (၁) နာရီလောက်မှာ သိရတယ်။ သူအလုပ်လုပ်နေတဲ့ တည်းခိုခန်းပိုင်ရှင် လာပြီးမေးတယ်။ အောင်နေလင်း အိပ်နေလား၊ ဒီမှာရှိလားပေါ့။ သူတို့ဆီကို မရောက်ဘူးဆိုပြီး လာပြောတယ်။ ကျွန်မကလည်း မရှိဘူး၊ ဒီကို မရောက်ဘူး ဆိုပြီး ပြန်ပြောတယ်။ အစိုးရရုံးမှာလည်း ပစ်တယ်၊ ခတ်တယ်ကြားတယ်။ ဆေးရုံကို သွားကြည့်ကြမယ်ဆိုပြီး ဆိုင်ကယ်တစ်စီးငှားကာ လိုက်သွားကြတယ်။

ဆေးရုံကို ရောက်ခဲ့ပေမယ့် ကြည့်ခွင့်မရခဲ့ဘူး။ အဲဒါနဲ့ ဆေးရုံထဲမှာ ထိုင်နေတုန်း ဘေးနားကတယောက်က ဖုန်းကြည့်နေတယ်။ သူ့ဖုန်းမှာ ကျွန်မသား အလောင်းကို မြင်လိုက်ရမှ သိရတာ။"ဟု ထိုညက သူမကြုံတွေ့ခဲ့ရပုံကို ပြန်လည်ပြောပြခဲ့သည်။

တခြားသေဆုံးခဲ့သူများ၏ မိသားစုဝင်များနည်းတူ သူမကိုလည်း အစိုးရဘက်မှ လျော်ကြေးငွေ (၅) သိန်း ပေးခဲ့သည်။ အစပိုင်းတွင် အစိုးရပေးသည့်ငွေမှန်း မသိ၍ လက်ခံခဲ့သော်လည်း နောက်တနေ့ နေ့လည်တွင် သေဆုံးသူများ၏ မိသားစု (၇)စု လုံးက တပြိုင်တည်း ပြန်လည်ပေးအပ်ခဲ့သည်ဟုလည်း ပြောပြခဲ့သည်။

သားဖြစ်သူ သေဆုံးပြီးနောက်ပိုင်း စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရကြောင်း လည်း ဒေါ်ခင်သန်းအုန်းက ဆိုသည်။

"သူမရှိတဲ့နောက်ပိုင်မှာတော့ အခက်အခဲတွေ အများကြီးရှိတယ်။ သမီးကြီး မုန့်ရောင်း တာမှာ ပိုင်းကူပြီးတော့ လုပ်စားနေရတယ်။ မိသားစုမှာက တရက်လုပ်မှ တရက် စားရတာ။ သားလေးရှိတုန်းကတော့ လကုန်ရင် ပိုက်ဆံလာပေးတယ်။ အခုတော့ ဒီလိုပဲ ကိုယ့်အားကိုယ်ကိုးနေရတယ်။" ဟု သူမ၏ အခက်အခဲကို ပြောပြခဲ့သည်။

အစိုးရကို တရားစွဲဆိုနိုင်ဖို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ရပုံကိုလည်း သူသိ သလောက် ပြောပြခဲ့သည်။

"သေဆုံးသူ (၇) ယောက်ရဲ့ မိသားစုဝင်တွေ စုပေါင်းပြီးတော့ မြောက်ဦးဆေးရုံကိုသွား ပြီး ဆေးလက်မှတ် သွားတောင်းကြတယ်။ ဟိုကို ရောက်သွားတော့ ဆရာဝန် မရှိတော့ ဘူး၊ ပြောင်းသွားပြီဆိုပြီး ပြောတယ်။ ကျွန်မတို့က တရားစွဲဖို့ အထောက်အထားတခု အနေနဲ့ ဆေးလက်မှတ်ကိုတောင်းတာ မရခဲ့ပါဘူး။ အဲဒါကြောင့် တရားစွဲဖို့ မလုပ် နိုင်ခဲ့ကြတာ။" ဟု သေဆုံးသူ ကိုအောင်နေလင်း၏မိခင် ဒေါ်ခင်သန်းအုန်းက ဆိုသည်။

အစိုးရတာဝန်ရှိသူများ၏ လစ်လျူရှုမှုကြောင့် နစ်နာနေရသည့်အတွက် အစိုးရပိုင်းကို တောင်းဆိုချင်သည့် ကိစ္စနှင့် ပတ်သက်၍လည်း "ကလေးတွေ သေဆုံးရတာနဲ့ ပတ်သက်ပြီး ကျွန်မတို့က တာဝန်ရှိတဲ့သူတွေကို တရားစွဲချင်တယ်။ ဒီအမှုကို မပပျောက်ရအောင်၊ ဘာဖြစ်လို့ အဲဒီလို မတရားသတ်ပစ်ရလဲ ဆိုတာကို အမှန်အတိုင်း ဖြစ်စေချင်တယ်။" ဟု ပြောသည်။

ကိုအောင်နေလင်းသည် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ရခြင်းဖြစ်ပြီး သူသေဆုံး ခဲ့ရမှုအတွက် ဆေးလက်မှတ် ထုတ်ပေးခဲ့ခြင်း မရှိပေ။

## မောင်နိုင်ဆန်းချေ သေဆုံးခြင်းနှင့် ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်သိန်းဖြူမေ ပြောကြားချက်



မောင်နိုင်ဆန်းချေ သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ မိခင်ဖြစ်သူ ဒေါ်သိန်းဖြူမေက "သူဆုံးသွားတော့ စားဝတ်နေရေးကအစ အဆင်မပြေဘူး။ သားအမိ နှစ်ယောက်တည်း နေတာမှာ သူက လုပ်ကျွေးနေတဲ့သူလေ။ အခုတော့ ကိုယ့်ဘာသာကိုယ် ရုန်းကန်လုပ်စားနေရတယ်။" ဟု သူမ၏ အခက်အခဲကို ပြောပြသည်။

သေကြေအောင်အထိ ရိုက်နှက်ပစ်ခတ် ကျူးလွန်ခဲ့သူများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူပေးစေလိုကြောင်းနှင့် မိမိသားအသက်ဆုံးရှုံးမှုများအတွက်လည်း ပြန်လည်ကုစားပေးစေလိုကြောင်းလည်း အသက် (၅၅) နှစ် အရွယ် ဒေါ်သန်းဖြူမေက ဆိုသည်။

အစိုးရကထောက်ပံ့သည်ဆိုသည့် ငွေကြေးကိုလည်း ပြန်လည်ပေးလိုက်ကြောင်းနှင့် တခြားလူမှုရေးအဖွဲ့များက ထောက်ပံ့သည်ကိုတော့ ယူခဲ့ကြောင်းပြောသည်။

ဇန်နဝါရီလ (၁၆) ရက်နေ့ညက အဖြစ်အပျက်နှင့်ပတ်သက်၍ "ည (၁၁) နာရီကျော်လောက်မှာ သားလေးဆုံးသွားကြောင်း သိရတယ်။ သားအလောင်းကို ရင်ခွဲရုံရောက်မှ ကြည့်ခွင့်ရတယ်။ ဒါတောင်မှ ချက်ချင်း ဝင်ကြည့်ခွင့်မရဘူး။ ပထမတော့ ပစ်ခတ်မှုဖြစ်တယ်ကြားလို့ ဆေးရုံကိုလိုက်သွားတယ်။ ဆေးရုံမှာရှာနေတုန်း တယောက်က ရင်ခွဲရုံမှာ အဲဒီကလေးနဲ့တူတဲ့ အလောင်းတလောင်း တွေ့ခဲ့တယ်ဆိုလို့ သွားကြည့်တော့ ရင်ခွဲရုံတံခါး ပိတ်ထားတယ်။ နောက်မှ သံဃာတော်တပါး ရောက်လာပြီးဖွင့်ခိုင်းမှ ဖွင့်ပေးတာ။ ကြည့်ပြီးတာနဲ့ ခဏလေးနဲ့ ပြန်ထွက်ခိုင်းတယ်။"ဟု ပြောပြသည်။

အစိုးရ၏ တာဝန်ယူမှုမရှိသည်ကိုလည်း "အစိုးရအနေနဲ့ လျော်ကြေးပေးသင့်ပါတယ်။

ဒါပေမယ့် ငွေကြေးတော့ မလိုချင်ဘူး။ သိန်းတထောင်ပေးလည်း မကျေနပ်နိုင်ဘူး၊ တရားစွဲရင်လည်း ရမှာမဟုတ်ပါဘူး။ အစိုးရကို တရားစွဲမယ်ဆိုရင်လည်း ဘယ်မှာ သွားစွဲရမှာလဲ။" ဟု ၎င်းကဆိုသည်။

မောင်နိုင်ဆန်းချေ သေဆုံးရခြင်းနှင့်ပတ်သက်၍ ဆေးရုံမှ ဆေးစာထုတ်ပေးခဲ့ခြင်း မရှိပေ။

မြောက်ဦးဖြစ်စဉ်အား အစီရင်ခံစာထုတ်ဝေရန်အတွက် မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) အနေဖြင့် မြေပြင်သတင်းများ ကောက်ယူရာတွင် မြောက်ဦးဖြစ်စဉ်၌ သေဆုံးခဲ့သော လူငယ်(၇) ဦး ထဲမှ လူငယ် (၆) ဦး၏ မိသားစုဝင်များနှင့်သာ တွေ့ဆုံခွင့်ရခဲ့ပါသည်။

အဆိုပါလူငယ် (၆) ဦးထဲမှ (၂) ဦးတွင် ကျည်ဆံဒဏ်ရာမပါပဲ ရင်ဘတ်၊ လည်မျိုနှင့် ဦးခေါင်းပိုင်းတို့အား သေနတ်ဒင်၊ တုတ်များဖြင့် ထုထောင်းရိုက်နှက်ထားသည့် ဒဏ်ရာနှင့် ပွိုင့်ဖိနပ်များဖြင့် နင်းခြေထားခြင်း၊ ဓါးဖြင့် ထိုးသွင်းခံရသည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ရပါသည်။ သေနတ်ဒဏ်ရာပါရှိသည့် ကျန်လူငယ် (၄) ဦးတွင်လည်း အထက်တွင်ဖော်ပြထားသကဲ့သို့ သေနတ်ဒင်နှင့် ပွိုင့်ဖိနပ်ဒဏ်ရာများကို ရင်ဘတ်၊ လည်မျိုနှင့် မျက်နှာတို့တွင် ပါရှိသည်ကို မှတ်တမ်းများအရ သိရှိရပါသည်။

သေနတ်ဒဏ်ရာထိမှန်ခဲ့သည့် လူငယ်(၄) ဦးတို့တွင် တမူထူးခြားသည်မှာ သေစေလောက်သည့် သေနတ်ဒဏ်ရာများ ဖြစ်မနေခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ သေနတ်ပစ်ခတ်မှုများသည် လူစုခွဲသည့်အနေဖြင့် မိုးပေါ်ထောင်ပစ်ခြင်း၊ ခါးအောက်ပိုင်းသို့ ချောက်လှန့်ပစ်ခတ်ခြင်း မဟုတ်သည်ကို တဦးချင်းစီ၏ မိသားစုဝင်များနှင့် တွေ့ဆုံးမေးမြန်းချက် မှတ်တမ်းများအရ ကျည်ဆံထိမှန်သော နေရာအများစုသည် ရင်ဘတ်အောက်ပိုင်းနှင့် ဆီးခုံအပေါ်ပိုင်းတို့တွင် ဖြစ်နေခြင်းကို ကြည့်ရှု၍ သိရှိရပါသည်။

အာဏာပိုင်များမှ သေဆုံးသော လူငယ်များအတွက် လျော်ကြေးငွေ (၅)သိန်းအား ပွင့်လင်းမြင်သာစွာ မဟုတ်ပဲ သွယ်ဝိုက်၍ ပေးအပ်ခြင်းမျိုးတို့သည် အစိုးရ အာဏာပိုင်များအနေဖြင့် အိန္ဒြေသိက္ခာမဲ့စွာ တန်ဖိုးဖြတ်ခြင်းဖြစ်သည်ဟု မေးခွန်းထုတ်ကြသလို လူငယ်များကို သေကြေအောင် ကျူးလွန်သူများအား အရေးယူမှု မတွေ့ရသည်ကို ရှုံ့ချပြောဆိုကြသည်။ သေဆုံးသွားသော လူငယ်မိသားစုဝင်များ၏ ရင်တွင်းတောင်းဆိုသံများအရ မတရားသတ်ဖြတ်ခံရသည့် ကိစ္စရပ်အတွက် မှန်ကန်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး တရားစီရင်ရေးကို ပွင့်လင်းမြင်သာစွာ ပြုလုပ်ရန်၊ ပြစ်မှု

ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်နှင့် အသက်ဆုံးရှုံးခဲ့ရသည့် မိမိတို့မိသားစုဝင်အတွက် ပြန်လည်ကုစားသည့် လုပ်ငန်းစဉ်များနှင့် ကာယကံရှင်၏ မိသားစုဝင်များ ကျေနပ်လောက်သည်အထိ ပေးလျော်မှုများ ပြုလုပ်ရန် လိုလားသည်ကို တွေ့ ရှိရပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မြောက်ဦးမြို့ ဆန္ဒထုတ်ဖော်ပွဲအား ရဲတပ်ဖွဲ့မှ အကြမ်းဖက် ပစ်ခတ်ဖြိုခွင်းခဲ့သည့် ဖြစ်စဉ်တွင် လူငယ် (၇) ဦး အသက်သေဆုံးခဲ့ကြရပြီး (၁၂) ဦးမှာ ဒဏ်ရာအသီးသီး ရရှိခဲ့ကြသည်။ ဒဏ်ရာရ လူငယ်များထဲမှ ဒဏ်ရာအနည်းငယ်သက်သာသောသူများမှာ ဆေးရုံမှစောလျှင်စွာ ဆင်းပြီးတိမ်းရှောင်သွားကြသည့်အတွက် လွတ်မြောက်သွားကြသော်လည်း ကျန် (၈) ဦးမှာ ရာဇသတ်ကြီးပုဒ်မ (၁၄၅) ဖြင့် ထောင်ဒဏ် (၈) လ ချမှတ်ခံခဲ့ရသည်။ လက်ရှိတွင်လည်း ၎င်းတို့မှာ နိုင်ငံတော်အလံ အက်ဥပဒေဖြင့် အာမခံယူ၍ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

မြောက်ဦးဆန္ဒပြပွဲတွင် ပါဝင်၍ ဒဏ်ရာအသီးသီး ရရှိခဲ့ကြပြီး ဖမ်းဆီး ထောင်ချခံခဲ့ရသူ (၈)ဦးမှာ ဦးအောင်ကျော်မြင့်၊ ကိုကျော်ကျော်နိုင်၊ မောင်ဦးသန်းဇော်၊ မောင်ကျော်ဝင်းနိုင်၊ မောင်ထွန်းကျော်စိန်၊ မောင်ခိုင်အောင်ဌေး၊ ကိုရွှေမောင်နှင့် မောင်ကျော်မင်းစိုးတို့ဖြစ်သည်။



၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က မြောက်ဦးမြို့တွင် ဟောပြောခွင့်ရရေး ဆန္ဒထုတ်ဖော်ခြင်းကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွဲလိုက်ခြင်းကြောင့် သေဆုံးခဲ့ရသူများ ဓါတ်ပုံမှတ်တမ်း

photo- Online

# (၈) ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူများ၏ ရင်ဖွင့်သံ

## ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ မောင်ထွန်းကျော်စိန် ပြောကြားချက်



အမည် - မောင်ထွန်းကျော်စိန်
မိဘအမည် - ဦးငမဲချေ(ကွယ်လွန်)၊ ဒေါ်သိန်းသိန်းန
မွေးသက္ကရာဇ် - ဝါကျွတ်လဆန်း (၁၃) ရက်၊ ၁၃၄၆ခုနှစ်။
လူမျိုး၊ဘာသာ - ရခိုင်/ဗုဒ္ဓ
ပညာအရည်အချင်း - ၉တန်း
နေရပ် - ပြလှကျေးရွာ၊

"ကျနော် အဲဒီအချိန်က ၉ တန်းကျောင်းသားပါ။ မြောက်ဦးမြို့၊ သူရိယရောင်ခြည် ပရဟိတကျောင်းမှာ ကျောင်းတက်နေပါတယ်။ အဲဒီနေ့က နန်းရာကုန်းမှာ ဒေါက်တာ အေးမောင် ဟောပြောပွဲရှိတယ်လို့ ကြားပါတယ်။ ကျောင်းက ဆရာတော်ကလည်း ဟောပြောပွဲကို သွားသင့်တယ်လို့ ဆိုတာနဲ့ သွားလိုက်ပါတယ်။ နန်းရာကုန်းရောက် တော့ ဟောပြောပွဲ အပိတ်ခံလိုက်ရတယ်လို့ သိရပါတယ်။ ပွဲခင်းထဲမှာ လူကြီးတွေက အသံချဲ့စက်နဲ့ "နှစ်တိုင်းဒီပွဲကိုကျင်းပခွင့် ရခဲ့တာ၊ ဒီနှစ်မှာမရတော့ဘူး၊ ကျင်းပခွင့် ရဖို့အတွက် တောင်းဆိုဖို့ သွားကြမယ်။ " ဆိုပြီး တိုက်တွန်း နေကြပါတယ်။ ကျနော် လည်း လိုက်သွားခဲ့တယ်။" ဟု ဆန္ဒပြပွဲ ဖြစ်ပေါ်လာပုံကို ပြောပြသည်။

"(၆၀၀၀) လောက်ရှိတဲ့ လူထုဟာ နန်းရာကုန်းကနေ စပြီး "ဒေါက်တာအေးမောင် ဟောပြောခွင့်ရရှိရေး၊ နန်းရာကုန်းတွင်မီးထွန်းခွင့်ရရှိရေး" ဆိုပြီး ကြွေးကြော်သံတွေနဲ့ မြို့ကို တပတ်ပတ်ခဲ့ကြတယ်။ မြို့တပတ်ပတ်ပြီး နန်းရာကုန်းကို ပြန်လာခဲ့ကြတယ်။ တောင်းဆိုကြပေမယ့်အခြေအနေက ဘာမှထူးမလာသေးပါဘူး။"ဟု ထိုနေ့က အစပိုင်း အခြေအနေကို ပြောပြသည်။

"အဲဒါကြောင့် ခရိုင်ရုံးမှာ တောင်းဆိုကြမယ်ဆိုပြီး အဲဒီလူထု (၆၀၀၀) လောက်ဟာ ဒေါက်တာအေးမောင် ဟောပြောခွင့်ရရှိရေး၊ နန်းရာကုန်းတွင် မီးထွန်းခွင့်ရရှိရေး ဆိုပြီး တောင်းဆိုသံတွေနဲ့ ခရိုင်ရုံးကို ဦးတည်သွားခဲ့ကြတယ်။

ထွေ/အုပ်ရုံးရှေ့ရောက်တော့ တောင်းဆိုကြတယ်။ ဘာမှအကြောင်းမပြန်ဘူး။ လူတွေကလည်း ဆူပူလာကြတယ်။ ရဲသားတွေက သေနတ်ကို မိုးပေါ်ထောင်ပစ်လိုက်တယ်။ သေနတ်သံကြားတော့ ထွက်ပြေးသွားကြတယ်။ လူ (၁၀၀) လောက်သာ ကျန်ခဲ့တော့တယ်။ ဆက်လက် တောင်းဆိုနေကြတယ်။ သေနတ်နဲ့ လူအုပ်ထဲကို ပစ်ထည့်လိုက်တော့ ကျနော့်အနားကလူတွေကို ထိတယ်။ ကျနော်က ဆွဲကူဖို့သွားတဲ့အချိန်မှာ ကျနော့် ပေါင်ကို ကျည်တစ်ချက်ဖောက်ဝင်သွားတယ်။ ကျနော်အော်လိုက်တော့ လူတယောက်က သူ့ပုဆိုးကိုချွတ်ပြီး ပေါင်ကိုစည်းလိုက်တယ်။ ကျနော့်ကိုထမ်းပြီး ဆေးရုံကို ယူလာခဲ့တယ်။” ဟု ထိုညက တွေ့ကြုံခဲ့ရသည်များကို ပြောပြခဲ့သည်။

“ဆေးရုံရောက်တော့ လက်မခံဘူးလို့ ပြောကြတယ်။ ကျနော့်ကို ထမ်းလာတဲ့သူက ဒါပြည်သူ့ဆေးရုံ မဟုတ်ဘူးလား ဆိုပြီး စကားအခြေအတင် ပြောကြရသေးတယ်။ တချို့ကလည်း ဆေးရုံကို ခဲနဲ့ပစ်ကြသေးတယ်။ ကျနော့်ဒဏ်ရာကလည်း သွေးတွေအရမ်းထွက်နေတော့ ဆရာမတဦးက သွေးအရမ်းထွက်နေပြီ၊ သွေးအားနည်းနေပြီဆိုပြီး သွေးသွင်းပေးပါတယ်။ ကျနော်တို့ကို နောက်တနေ့ မနက် (၇) နာရီမှာ စစ်တွေဆေးရုံသို့ ပို့ကြပါတယ်။ စစ်တွေဆေးရုံမှာ တပတ်လောက် ဆေးကုသမှု ခံယူရပါတယ်။ အဲဒီနောက် ကျနော်တို့ကို ဆေးရုံအချုပ်မှာ ခြေထိတ်၊ လက်ထိတ်တွေ ခတ်ပြီး ထားလိုက်ပါတယ်။” ဟု သူကဆိုသည်။

စစ်တွေအကျဉ်းထောင်ထဲတွင် နေထိုင်ခဲ့ရသည့် အခြေအနေများနှင့် ပတ်သက်၍လည်း “ထောင်မှာက ကြမ်းပိုးတွေအရမ်းကိုက်တယ်။ ကောင်းကောင်းမအိပ်ရပါဘူး။ ထောင်ဝင်စာ လာမပို့တဲ့သူတွေမှာ ကောင်းကောင်း မစားရပါဘူး။ ကျနော့်အမေက ထောင်ဝင်စာ အမြဲတမ်းလာပို့ပေးပါတယ်။” ဟု ပြောသည်။

ဒဏ်ရာများဖြင့် တရားရင်ဆိုင်ခဲ့ရခြင်းနှင့်ပတ်သက်၍ “ကျနော်တို့ကို ဌာန (၅) ခုက တရားစွဲတယ်လို့ သိရပါတယ်။ တရားစွဲသူ ဘယ်သူဘယ်ဝါဆိုတာကိုတော့ မမှတ်မိတော့ပါဘူး။ ပုဒ်မ ၆ (၁) နဲ့ အမှုရင်ဆိုင်ခဲ့ရတယ်။ (၂၄) ကြိမ် ရုံးတက်ခဲ့ရတယ်။ ကျနော့်ကို ထောင်ထဲမှာ (၉) တန်းစာမေးပွဲဖြေဆိုခွင့် ပေးခဲ့တယ်။ (၉) တန်းအောင်ခဲ့ပါတယ်။ ထောင်ထဲမှာ အင်္ဂလိပ်စာလည်း သင်ရပါတယ်။ စစ်တွေထောင်မှာ (၈) လနှင့် (၁) ရက်နေခဲ့ရတယ်။ (၂၅. ၉. ၂၀၁၈) နေ့၊ နေ့လည် (၁၂) နာရီမှာ ထောင်က လွတ်ပါတယ်။” ဟုလည်း မောင်ထွန်းကျော်စိန်က ပြောသည်။

တရားဥပဒေစိုးမိုးမှု၊ တရားရုံးများ၏ မသမာမှုများနှင့် ပတ်သက်၍လည်း သူတို့ခံစားခဲ့ရသည်ကို ပြောပြသည်။ “လွတ်တယ်ဆိုပေမယ့် လက်ထိပ်ပြုတ်မပေးဘဲ တရားရုံးမှာ ထားသေးတယ်။ အလံချမှု၊ လက်နက်လုမှု၊ ဝတ္တရားနှောက်ယှက်မှုနဲ့ဆိုပြီး

ကျနော်တို့ကို ညနေ (၅) နာရီခန့်မှာ ထောင်ထဲသို့ ပြန်ပို့လိုက်ပါတယ်။ ကျနော်တို့ အလံလည်းမဖြုတ်ခဲ့ပါ။ လက်နက်လည်း မလုခဲ့ကြပါဘူး။ နောက်တနေ့မှာ မြောက်ဦး အချုပ်ထဲသို့ ပို့လိုက်ပါတယ်။ မြောက်ဦးအချုပ်မှာ (၂) ပတ်လောက် နေခဲ့ရပါသေး တယ်။ (၉.၁၀. ၂၀၁၈) နေ့မှာ အာမခံနဲ့လွှတ်ပေး လိုက်ပါတယ်။

ကျနော့်မှာ အဖေလည်းမရှိတော့ပါဘူး။ အာမခံတဲ့သူမှာ အိမ်ပိုင်ဆိုင်မှုရှိရမယ်။ အိမ်တန်ဖိုးက သိန်း (၁၀၀) ဝန်းကျင်ရှိရမယ်။ ကျနော့်ဦးလေး (၂) ယောက်က အာမခံ ပေးပါတယ်။ စာချုပ်မှာ ဒဏ်ငွေ (၅) သိန်းလည်း ပါသေးတယ်။ ဒဏ်ငွေကတော့ လက်ငင်း မပေးရပါဘူး။ ကျနော်တို့ ကိုယ့်ဒေသမှာ မရှိတော့ဘူးဆိုရင် ဒဏ်ငွေကို ပေးရမယ်တဲ့။" ဆိုပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေး ယိုယွင်းနေမှုများကြောင့် ကိုယ် တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲကိုပြောပြခဲ့သည်။

"ဒီဖြစ်စဉ်မှာ လူကြီးတွေ သွေးထိုးပေးတယ်လို့ ကျနော်ခံစားရတယ်။ လော်စပီကာနဲ့ အော်ပြီး လှုံ့ဆော်တယ်။ ဂွင်ဆင်ပေးလိုက်သလိုပါပဲ။ လှုံ့ဆော်တဲ့သူတွေ ရှောင်ထွက် သွား ကြတယ်။ သူတို့တွေက ခေါင်းဆောင်တွေ မဟုတ်ပါဘူး။ ခေါင်းရှောင်တွေဖြစ် တယ်လို့သာ ကျနော်ပြောချင်ပါတယ်။" ဟု သူကဆိုသည်။

တိုင်းရင်းသားများ တန်းတူညီမျှသည့် အခွင့်အရေးမရရှိမှုကိုလည်း "ကျနော်တို့ ရခိုင် တွေမှာ ဘာမှလုပ်ပိုင်ခွင့်မရှိပါဘူး။ ကျနော်တို့ဖြစ်ချင်တဲ့ ဆန္ဒတွေကိုလည်း သူတို့ ဆောင်ရွက်မပေးပါဘူး။ ကျနော်တို့ကို အကြောင်းမဲ့သက်သက် ဖိနှိပ်တယ်။ ကျနော်တို့ လူငယ်တွေမှာ ကိုယ့်လူမျိုးအတွက် ကြိုးစားခွင့်ရှိရပါမယ်။" ဟု ဆိုသည်။



## ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ မောင်ကျော်မင်းစိုး ပြောကြားချက်



| | |
|---|---|
| အမည် | - မောင်ကျော်မင်းစိုး |
| မိဘအမည် | - ဦးမောင်သန်းလှိုင်နှင့် ဒေါ်မစံန |
| မွေးသက္ကရာဇ် | - ၂၀၀၁ခုနှစ် |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| မိဘအလုပ်အကိုင် | - လယ်လုပ် |
| နေရပ် | - နန်းကျားကျေးရွာ၊ နန်းကျားကျေးရွာအုပ်စု၊ မြောက်ဦးမြို့နယ်၊ |

"အဲဒီနေ့က ဆန္ဒပြဖို့လူတွေ အများကြီးသွားနေတာနဲ့ ကျနော်လည်း လိုက်သွားတယ်။ လူအင်အားကတော့ အနည်းဆုံး ငါးရာခြောက်ရာလောက်တော့ ရှိမယ်ထင်တယ်။ ကျနော်လည်း မှန်းမတတ်ဘူး၊ ဆန္ဒပြတာ ခွင့်ပြုချက်ရှိလား၊ မရှိလားကျနော်လည်း မသိပါဘူး။ ရဲတွေက ဘာမှမပြောဘဲ သေနတ်နဲ့ပစ်တာ။ ကျနော့် ညာဖက် လက်ဖျံ၊ လက်မောင်း၊ နဖူးတွေမှာဒဏ်ရာရတယ်။ မြောက်ဦးဆေးရုံသို့ ကိုယ့်ဘာသာကိုယ် သွားခဲ့တယ်။ အဲဒီညမှာပဲ ည (၁၂) နာရီလောက်မှာ ကျနော့်ကို စစ်တွေဆေးရုံသို့ ပို့ပါတယ်။ ရဲက ကျနော်တို့ဖြစ်ခဲ့တာတွေကို စစ်တွေဆေးရုံမှာ လာမေးတာတွေရှိပါ တယ်။ ညာဖက်က ဒဏ်ရာရနေတော့ ဘယ်ဖက်ကို လက်ထိတ်ခတ်ထားတယ်။ ခြေကိုလည်း ခတ်ထားတယ်။ နောက်တော့ လက်ကိုဖြုတ်ပေးပြီး ခြေထောက်ကိုပဲ ခတ်ထားပါတယ်။" ဟု သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြခဲ့သည်။

စစ်တွေဆေးရုံနှင့် စစ်တွေအကျဉ်းထောင်တွင် တွေ့ကြုံခဲ့ရသည်များနှင့် ပတ်သက်၍ လည်း "ဆေးရုံမှာတုန်းက နည်းနည်းပါးပါး ခြိမ်းခြောက်တာမျိုးကြုံခဲ့ရတယ်။ ဆေးရုံမှ ထောင်ကို ဖေဖော်ဝါရီလ (၄) ရက်နေ့ ညနေ (၄) နာရီလောက်မှာ ပြောင်းပါတယ်။ ထောင်ထဲမှာတော့ သတ်ပုတ်ခြိမ်းခြောက်တာမျိုးမရှိပါဘူး။ ရဲအုပ်တယောက်က ဦးဆောင်ပြီးတော့ ခေါ်သွားတာပါ။ စစ်ဆေးတာတော့ (၁၅) ခေါက်လောက်ရှိပါတယ်။ (၈) ယောက်စလုံးကို စစ်တာပါ" ဟု မောင်ကျော်မင်းစိုးကဆိုသည်။

အကျဉ်းထောင်ထဲတွင် နေခဲ့ရစဉ်ကာလက အခက်အခဲတချို့ ရှိခဲ့သည်ဟုလည်း သူက ဆိုသည်။ "ထောင်ထဲမှာနေတုန်းကတော့ ဆေးဝါးကုသမှု အခက်အခဲတွေရှိပါတယ်။ အိပ်ဖို့နေရာကတော့ တယောက်ကို တတောင်နှင့် လက်ဝါးလေးပြားစာလောက်စီ ရပါတယ်။ စားရတာကတော့ ဆန်လည်းမကောင်းဘူး။ အမဲသားတို့၊ ငါးတန်သားတို့

ဆိုလည်း ပြုတ်ထားသလိုပါပဲ။ အိမ်ကစားစရာတွေပို့ပေးလို့သာ အဆင်ပြေတာပါ။ ထောင်မှာက ဆရာဝန်ရှိပေမဲ့ ဆေးဝါးပစ္စည်းတွေကတော့ မပြည့်စုံပါဘူး။" ဟု ထောင်းတွင်းအတွေ့အကြုံများကို ပြောပြသည်။

လက်ရှိတွင် မောင်ကျော်မင်းစိုးသည်လည်း ကျန် (၇) ဦးနှင့်အတူ နိုင်ငံတော်အလံ အက်ဥပဒေဖြင့် မြောက်ဦးမြို့နယ်တရားရုံးတွင် စွဲဆိုထားသည့်အမှုအတွက် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

"အခုက အာမခံနဲ့လွတ်ဖို့အတွက် ဦးလေး (၂) ယောက်က အာမခံပေးပါတယ်။ အားလုံး ဒဏ်ရာရသူက (၁၂) ယောက်ပါ။ သေဆုံးသူ ကတော့ (၇) ယောက်ဆိုပြီး ထုတ်ပြန်တာကို ကြားလို့သိရပါတယ်။ ဆေးရုံကိုရောက်တဲ့ (၁၂) ယောက်မှာ (၄) ယောက်ကတော့ ထွက်ပြေးသွားကြတယ်။" ဟု မောင်ကျော်မင်းစိုးက ဆိုသည်။

ပစ်ခတ်မှုဖြစ်ခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍လည်း "ကျွန်တော်တို့ ဆန္ဒပြဖို့လာတဲ့ အချိန်မှာ သူတို့ တံခါးပိတ်ထားပါတယ်။ ဆန္ဒပြဖို့လာတဲ့သူတွေက ဘယ်သူကမှ အတင်းအဓမ္မမလုပ်ကြပါ။ တောင်းဆိုတာမျိုးလောက်ပဲ လုပ်ကြတာပါ။ အနည်းဆုံး ဟောပြောပွဲ မလုပ်ရရင်တောင် နန်းရာကုန်းမှာ မီးထွန်းပေးဖို့၊ တခြားပွဲတခုခုလုပ်ဖို့ တောင်းဆိုကြပါတယ်။ ဒါပေမဲ့ သူတို့ဘက်က အပြန်အလှန်တခုမှ ဆွေးနွေးခွင့်မပေးခဲ့ဘူး။ သူတို့ သေနတ်ထောင်ပစ်တဲ့အချိန်မှာ ကျောက်ခဲနဲ့ပစ်တဲ့သူတွေက ပစ်ပြီး ထွက်ပြေးသွားကြပါတယ်။ အဲဒီတုန်းကသာ သေနတ်နဲ့ပစ်ပြီး မဖြေရှင်းဘဲ နှစ်ဖက်ဆွေးနွေးပြီး ဖြေရှင်းခဲ့ရင် ဒီလိုအခြေအနေထိ ဖြစ်မလာနိုင်ဘူး။ ဒီဖြစ်စဉ်အပေါ်မှာ အစိုးရက ပွင့်လင်းမြင်သာမှုရှိဖို့လိုပါတယ်။" ဟု သူကဆိုသည်။



# ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ ကိုကျော်ကျော်နိုင် ပြောကြားချက်




အမည် - ကိုကျော်ကျော်နိုင်
မိဘအမည် - ဦးထွန်းရှိန်၊ဒေါ်မြလှကြည်
အသက် - ၂၈နှစ်
မွေးသက္ကရာဇ် - ၁၉၉၁
လူမျိုး၊ ဘာသာ - ကရင်/ဗုဒ္ဓ
ဇနီးအမည် - ချိုချိုဝင်း (၂၇ နှစ်)
သမီးအမည် - မခိုင်ခိုင်မိုး (၄) နှစ်
ယခင်နေရပ် - ခိုလိုကျေးရွာ၊
ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း
လက်ရှိနေရပ်- ရွှေတောင်ရွာသစ်၊မြောက်ဦးမြို့

" ည (၈) နာရီလောက်မှာ လူတွေဆန္ဒပြနေတယ်လို့ ကြားတယ်။ ဆန္ဒပြတာ တခါမှ မကြုံဖူးတာနဲ့ ကြည့်ဖို့သွားလိုက်တာ။ အလယ်စျေးခွဆုံအနီးလောက်မှာ ဆန္ဒပြတဲ့ လူအုပ်နဲ့ တွေ့တယ်။ ဒေါက်တာအေးမောင် ဟောပြောမယ့်ပွဲကို ဖျက်လိုက်လို့ ဆန္ဒပြတာဆိုတာနဲ့ ကျနော်လည်း လိုက်သွားခဲ့တယ်။

ခရိုင်ရုံးအထိ တောက်လျှောက် လိုက်သွားခဲ့တယ်။ ရဲတပ်ရင်းရှေ့ရောက်ရော ရဲတွေက ခြံစည်းရိုး (သံဆူးကြိုး) ကာထားတယ်။ မသွားရ ဆိုပြီးတော့ သူတို့က လူလေးငါးယောက်ကို ခေါ်ပါတယ်။ ဆွေးနွေးမယ်ပေါ့။ ဆွေးနွေးမယ်ခေါ်တဲ့အချိန်မှာ ခရိုင်ရုံးဖက်ကနေ တက်လာတဲ့ တဖွဲ့ရှိတယ်။ အဲဒီအဖွဲ့ကြောင့် ခြံစည်းရိုးပွင့်ထွက်သွားတာမှာ လူတွေက တားဆီးမရဖြစ်သွားတယ်။ ဒီဖက်ကအဖွဲ့နဲ့ ဟိုဖက်ကအဖွဲ့ ပေါင်းမိသွားကြတယ်။ အဲဒီအချိန်မှာ ဆွေးနွေးလို့လည်း မရလိုက်တော့ဘူး။ အဲဒီအချိန်မှာ ဒေါက်တာအေးမောင် ဟောပြောပွဲခွင့်ပြုပေးဖို့ တောင်းဆိုကြတော့တယ်။ ကျနော်လည်းကြောက်ကြောက်နဲ့ နောက်ပြန် ဆုတ်တော့ လူအုပ်အလယ် ရောက်သွားတယ်။ လူတွေကလည်း လမ်းကွေ့လေးအတိုင်း ခရိုင်ရုံးရှေ့ကို ရောက်သွားကြတယ်။

အဲဒီအချိန်မှာ 'ဖောင်း.ဖောင်း' ဆိုပြီး ပစ်သံတွေကြားတယ်။ ဒါပေမဲ့ ပြောက်အိုးဖောက်တယ်ပဲ ထင်နေတာ။ ဘာဖြစ်နေသလဲ သိချင်အားကြီးလို့ ရှေ့ကိုတက်ကြည့်လိုက်တာမှာ လူတစ်ယောက်လဲကျနေတယ်။ ပါးကဝင်သွားပြီးတော့ နောက်ဖက်က ထွက်သွားတာ ကြောက်စရာကြီးပါပဲ။ အဲဒီလူကလဲနေတော့ ကျနော်လည်း သွေးပူသွားတယ် " ဟု ထိုညကမြင်တွေ့ခဲ့ရသည်များကို ပြန်လည် ပြောပြသည်။

ကိုယ်တိုင်ဒဏ်ရရခဲ့ပုံနှင့် ပတ်သက်၍လည်း "သူတို့ကလည်း တချက်ချင်းပစ်တာမှ မဟုတ်တာ။ ဆက်တိုက်ပစ်နေတာ၊ ကိုယ့်နောက်မှာ လေးငါးယောက် လဲကျသွားတာ မြင်တော့ ကြောင်သွားတယ်။ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။ ရှေ့ဆက်ရမလို နောက်ဆုတ်ရမလိုနဲ့၊ အဲဒီမှာပဲ ကျနော့်လက်မောင်းကို ရှပ်ထိတယ်။ နောက်တချက် ဆီးခုံပေါက်သွားပါတယ်။ ပေါင်ကို တချက်လာထိပြန်တယ်။ သွေးတွေကျလာတော့ ရှက်ဖို့လဲ မရလိုက်တော့ဘူး။ ပုဆိုးကိုချွတ်ချပြီး ပေါင်ကိုစည်းလိုက်တယ်။ ဘောင်းဘီ တိုလေးနဲ့ပဲ။ အဲဒီမှာ ပေါင်အရိုးကို နောက်တစ်လုံးလာထိတာ။ အားလုံးပေါင်း လေးချက် ထိတယ်။ အဲနေရာမှာ သတိမေ့ပြီး လဲကျသွားတော့တယ်။ ကျနော် သတိရလာတော့ ဆေးရုံရောက်နေပြီ။" ဟု ပြောပြသည်။

ပြင်းထန်ဒဏ်ရာများဖြင့် အမှုရင်ဆိုင်ခဲ့ရပုံများကိုလည်း မောင်ကျော်ကျော်နိုင်က "စစ်တွေဆေးရုံရောက်ပြီးတော့ နှစ်ရက်နေပြီးမှ ကျည်ဆံတွေကို ထုတ်ရတာပါ။ ဆေးရုံ အချုပ်မှာ နေခဲ့တဲ့ နှစ်ပတ်လောက်မှာတော့ စစ်ဆေးတာတွေ မရှိသလောက်ပါပဲ။ လက်ထိပ်ခတ်ထားပါတယ်။ ဒဏ်ရာတွေမကောင်းသေးဘဲ ထောင်ကိုပို့လိုက်တယ်။ ကျနော်တို့ထောင်ကို မသွားခင်တုန်းက ချုပ်ရိုးတွေကို အတင်းဖြေခိုင်းတာလေ။ ပြီး တာနဲ့ပို့လိုက်တာ။ ထောင်ထဲမှာကတော့ ဆေးဝါးတွေလည်း မပြည့်စုံဘူး။ ထောင်ထဲ ရောက်ပြီးမှ အပြင်ဆေးရုံမှာ သွားပြရတယ်။ အပြင်ဆေးရုံမှာ ကုတာလည်း (၃) လ တကြိမ်လောက်သာ ပြရတယ်။ ဆေးရုံရောက်ရင်လည်း ဆရာဝန်ကြီးက ခြေထောက် ကိုင်ကြည့်ရုံပါ။ ရပြီဆိုပြီး ပြန်လွှတ်လိုက်တယ်။ မိသားစုနဲ့ တွေ့ခွင့်မရခဲ့ဘူး။ ကျနော်က ချိုင်းထောက်နဲ့ သွားနေရတာ မြန်မြန်မသွားလို့ဆိုပြီး ဟောက်တဲ့သူက ရှိသေးတယ်။ စခန်းမှူးတို့ မြို့နယ်မှူးတို့ပေါ့။ မြန်မြန် မသွားနိုင်တော့ အတင်းကြီး ချီလိုက်တာ တော်တော်နာသွားတယ်။" ဟု ဆိုသည်။

တရားဥပဒေစိုးမိုးမှု၊ တရားရုံးများ၏ မသမာမှုများနှင့် ပတ်သက်၍လည်းသူတို့ ခံစား ခဲ့ရသည်ကိုပြောပြသည်။

"ရုံးချိန်းက တပတ်တကြိမ်၊ နှစ်ပတ်တကြိမ်တက်ရတယ်၊ ပုံမှန်တော့ မဟုတ်ဘူးပေါ့၊ စုစုပေါင် ရုံးချိန်း (၂၄) ကြိမ် တက်ခဲ့ ရပါတယ်။ ကျနော်တို့ကို ၆ (၁) နဲ့ စွဲတယ်လို့ဆိုပါ တယ်။ ထောင်ဒဏ်က ၂နှစ်ထိ ရှိတယ်လို့လည်း ဆိုကြပါတယ်။ တရားသူကြီးက ဒဏ်ရာ နဲ့ သက်သာကြောင်း (၈) လနဲ့ လွှတ်ပေးလိုက်တာတဲ့။ ကျနော်တို့ကို တရားရုံးက (၂၅ . ၉. ၂၀၁၈) နေ့ နေ့လည် (၁၂) နာရီမှ လွှတ်ပါတယ်။ လွှတ်တယ်ဆိုတာနဲ့ ကျနော်တို့ အရမ်းပျော်ကြတယ်။ မိသားစုတွေလည်း ပျော်ကြတယ်လေ။ အဲဒီအချိန်မှာ တပွင့်နဲ့ ရဲသားတယောက်က ကျနော်တို့ကို မြောက်ဦးက ရဲတွေလာအောင် စောင့်ရမယ်တဲ့။ ကျနော်တို့ကို မြောက်ဦးက ရဲတွေပို့ဖို့ မလိုပါဘူး။ ကိုယ့်ဘာသာကိုယ် ပြန်တတ်တယ်

လို့ ဆိုကြပါတယ်။ ကျနော်တို့ကို (၄) နာရီမှာ ထောင်သို့ ပြန်ပို့လိုက်ပြန်တယ်။ ပထမ ထောင်ဘူးဝမှာ ထားသေးတယ်။ မိသားစုတွေနဲ့ တွေ့နေကြတာမြင်တော့ ကျနော် တို့ကို ထောင်ထဲက ဘုရားသိမ်မှာ ပြောင်းထားလိုက်ပြန်တယ်။ (၈) နာရီ လောက်မှာ ထောင်ဘူးဝခေါ်ပြီးတော့ လက်ထိပ်လာခတ်ပြန်တယ်။ ကျနော်တို့ကို တရားရုံးက လွှတ်ပြီးခါမှ ဘာကြောင့် ပြန်လို့ လက်ထိပ်ခတ်ရသလဲလို့ မေးတဲ့အခါမှ အလံတင်မှု ပုဒ်မ (၁၆) နဲ့ စွဲတာတဲ့။ အလံတင်လား၊ မတင်လားဆိုတာကို ကျနော်မသိပါဘူး။

နောက်နေ့ နံနက်စောစောမှာ ကျနော်တို့ကို စစ်တွေအမှတ် (၁) ရဲစခန်းသို့ ခေါ်သွား ခဲ့တယ်။ မြောက်ဦးစခန်းမှူးက ကျနော်တို့ကို မြောက်ဦးခေါ်သွားမယ်လို့ပြောတော့ ကျနော်တို့ အရမ်းဒေါသထွက်ကြတယ်။ ကျနော်တို့ကို တရားရုံးကလည်း လွှတ်ပြီးပြီ၊ စခန်းမှူးတို့နဲ့ ဘာဆိုင်သေးလို့လည်း မေးတယ်။ စခန်းမှူးက မင်းတို့မှာ အမှု (၅) မှု ရှိ တယ် တဲ့။ ကျနော်တို့ကို နံနက် (၅) နာရီမှာ စစ်တွေ အမှတ်(၁) ရဲစခန်းကနေ မြောက်ဦး သို့ ခေါ်ယူလာခဲ့ပါတယ်။ မြောက်ဦးအချုပ်က (၉.၁၀. ၂၀၁၈) နေ့မှာ အာမခံနဲ့ လွှတ် လာပါတယ်။ ကျနော့်ယောက္ခမက သိန်း (၁၀၀) နဲ့ အာမခံထားရတာပါ။ ဒီနေရာမှာ ကျနော် မရှိတော့ရင် အဲဒီပိုက်ဆံပေးရမယ်ဆိုတဲ့ သဘောပေါ့။" ဟု ဆိုသည်။

ကိုကျော်ကျော်နိုင်က "ပြည်သူကို လက်နက်ဖြင့် ဖြေရှင်းပြီး၊ ထောင်ချလိုက်ခြင်းသည် ၎င်းတို့တွင် ဒဏ်ရာ ဒဏ်ချက်များဖြင့် မခံစားနိုင်ပါကြောင်း၊ အစိုးရနှင့် ပြည်သူကြားတွင် ဤကဲ့သို့ ဖြစ်ပေါ်ခဲ့ခြင်းအပေါ် အံ့သြမဆုံး၊ ဝမ်းနည်းရ ပါကြောင်း၊ အစိုးရအနေဖြင့် ဤကဲ့သို့ မလုပ်ဆောင်သင့်ပါကြောင်း" ပြောဆိုသည်။

မောင်ကျော်ကျော်နိုင်မှာ ဒဏ်ရာ ပြင်ထန်စွာ ရရှိခဲ့သည့်အတွက် လက်ရှိတွင် မည်သည့် အလုပ်ကိုမျှ မလုပ်ကိုင်နိုင်သေးသဖြင့် မိသားစုစားဝတ်နေရေး ခက်ခဲနေကြောင်း ဆို သည်။

"ကျနော်တို့က တနေ့လုပ်မှ တနေ့စားရတဲ့ ဘဝပါ။ ဘာမှ အလုပ်မလုပ်နိုင်သေးဘူး၊ လမ်းလျှောက်ရင်တောင် (၅) မိနစ်ထက် ပိုမလျှောက်နိုင်သေးဘူး။ ကျနော် အလုပ် မလုပ်နိုင်တော့ စားဝတ်နေရေး ကြပ်တည်းပြီပေါ့" ဟု ဆိုသည်။

# ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ မောင်ခိုင်အောင်ဌေး ပြောကြားချက်



| | |
|---|---|
| မိဘအမည် | - ဦးအောင်ဘသာ၊ ဒေါ်မအေး |
| အသက် | - ၁၉နှစ်၊ |
| မွေးသက္ကရာဇ် | - ၁၀.၅.၁၉၉၉ |
| လူမျိုး၊ ဘာသာ | - ရခိုင်/ဗုဒ္ဓ |
| ပညာအရည်အချင်း | - ၁၀တန်း |
| နေရပ်လိပ်စာ | -ဘုရားပေါ်ရပ်ကွက်၊ မြောက်ဦးမြို့နယ်။ |

"နန်းရာကုန်းမှာ ဟောပြောပွဲရှိတယ်ဆိုလို့ ကျနော်သွားခဲ့တာပါ။ ကျနော်ရောက်သွားတဲ့ အချိန်က (၇) နာရီ လောက်ရှိမယ်။ လူတွေက သိပ်မများသေးပါဘူး။ တချို့လူတွေက ဆန္ဒပြမယ့်ပုံစံ ပြောနေကြတယ်။ တချို့လူတွေက ဟောပြောပွဲဖြစ်မြောက်ဖို့ တောင်းဆိုနေကြတယ်။ တချို့က ဒီပွဲဟာ နှစ်တိုင်းပြုလုပ်နေကြ ဖြစ်တယ်။ ဒီနှစ်ကျခါမှ ဘာကြောင့်မလုပ်ရလဲဆိုပြီး စုရုံးပြောဆိုနေကြတယ်။ ဒီလိုနဲ့ ဆန္ဒပြမယ့် အနေအထား ကို ရောက်လာကြတယ်။ ကျနော်ကလည်း လိုက်ပါသွားတယ်။ ဒါပေမယ့် မြို့ပတ် လမ်းလျှောက်မယ်ဆိုတော့ စိတ်မပါတဲ့အတွက် ကြက်ဈေးကနေပြီး နန်းရာကုန်းကို ပြန်လာခဲ့တယ်။ လူအုပ်ကတော့ မြို့ပတ် လမ်းလျှောက် ဆန္ဒပြကြတယ်။

ကျနော် နန်းရာကုန်းမှာ ခဏနေတော့ လူအုပ်ကြီးက နန်းရာကုန်းကို ပြန်ရောက် လာကြတယ်။ လူအုပ်ကြီးက ပြောသံထွက်လာတာက "ငါတို့တွေ ဒီလိုလမ်းလျှောက် ဆန္ဒပြနေလို့မရတော့ဘူး၊ ထွေ/အုပ်က ပိတ်ပင်ထားတဲ့အတွက် ထွေ/အုပ်ရုံးမှာ သွားပြီးတောင်းဆိုရမယ်" ဖြစ်လာတယ်။ လူအုပ်ကြီးက ထွေ/အုပ်ရုံး သွားမယ်ဆိုပြီး ထွက်သွားခဲ့တယ်။ ကျနော်ကတော့ မလိုက်တော့ဘူးဆိုပြီး ကျန်နေခဲ့ပါသေးတယ်။ နောက် ကျနော်က ဆန္ဒပြပွဲတခါမှလည်းမလိုက်ဖူးသေးဘူး။ လိုက်ကြည့်လိုက်မယ်ဆိုပြီး နောက်ကနေ လိုက်သွားခဲ့ပါတယ်။ ဆန္ဒပြဆိုပေမယ့် လူတွေက အရမ်းများတော့ ပျော်ရွှင်ပွဲ တခုလိုဖြစ်နေတယ်။ ရဲစခန်းနားရောက်တော့လည်း ဘာမှအတားအဆီး မရှိဘူး။ ထွေ/အုပ်ရုံးရှေ့ ရောက်လာကြတယ်။ ထွေ/အုပ်ရုံးရှေ့မှာလည်း ရဲသားတွေ လုံခြုံရေးချထားတာ တွေ့ရတယ်။ လူတွေကလည်း အရမ်းများတယ်။ ထွေ/အုပ်ရုံး ရှေ့မှာ စာပေဟောပြောပွဲ ဖြစ်မြောက်ဖို့အတွက် တောင်းဆိုကြတယ်။ လူတွေကလည်း တဖြည်းဖြည်းများလာခဲ့တယ်။ ရဲတွေကလည်း ရဲအင်အားသုံးလာခဲ့တယ်" ဆိုပြီး ထိုညက အစောပိုင်းအခြေအနေများကို ပြောပြသည်။

ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိခဲ့ပုံနှင့် ပတ်သက်၍လည်း " ရဲသားတွေက လူအုပ်ကို သေနတ်နဲ့ လှန့်ပစ်တဲ့အချိန်မှာ လူတွေက ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။ ရှေ့မှာ လဲကျ သွားတဲ့သူတွေကို ဆွဲကြတယ်။ လူတွေက သွေးသံရဲရဲနှင့် ဖြစ်နေကြပြီ။ ကျနော် သွားပြီးဆွဲတယ်။ အဲဒီမှာ ကျနော့်ခြေထောက်ကို ကျည်တချက် ဝင်သွားတယ်။ ခြေသလုံးအရိုး ပဲ့ထွက်သွားခဲ့တယ်။ ခြေတဖက်ထောက်ပြီးတော့ လွတ်နိုင်သရွေ့ ပြေးတယ်။ လူအုပ်က ကျနော့်ကို လာဆွဲကြတယ်။ တချို့လူတွေက ကျည်ဆံကျတဲ့ နေရာမှာပဲ လဲနေကြတယ်။ သွားမဆွဲရဲကြတော့ဘူး။ ကျနော့်ကို ဆေးရုံပို့ကြတယ်။ မြောက်ဦးဆေးရုံကို (၁၀) နာရီလောက်မှာ ရောက်ပါတယ်။ ည (၁၂) နာရီလောက်မှာ မြောက်ဦးဆေးရုံကနေ စစ်တွေဆေးရုံကို ပို့ခဲ့ကြတယ်" ဟု သူကိုယ်တိုင် ကြုံတွေ့ခဲ့ရ သည်များကို ပြောပြခဲ့သည်။

စစ်တွေအကျဉ်းထောင်ထဲကနေ ဒဏ်ရာများဖြင့် အမှုရင်ဆိုင်ခဲ့ရပုံကိုလည်း ပြောပြ ခဲ့သည်။"ဖေဖော်ဝါရီ (၂) ရက်နေ့မှာစစ်တွေထောင်ကိုပို့ခဲ့ကြတယ်။ ထောင်ကိုပို့တဲ့နေမှာ ကျနော်တို့မိဘတွေ မသိခဲ့ဘူး။ ကျနော့်ဒဏ်ရာက မသက်သာသေးတဲ့အတွက် ထောင်ဆေးရုံမှာပဲ ထားတယ်။ နည်းနည်းသက်သာ တဲ့သူတွေကို ထောင်ထဲကိုပဲ ပို့လိုက်ကြပါတယ်။ ထောင်ထဲမှာ ဆေးကုသမှုမပြည့်စုံခဲ့ဘူး" ဟု အကျဉ်းထောင် အတွင်းက ဆေးကုသမှုအခြေအနေကို ပြောပြသည်။

ထောင်ဒဏ်ချမှတ်ခံခဲ့ရပုံကိုလည်း မောင်ခိုင်အောင်ဌေးက "ကျနော်တို့ကို ပြည်သူပိုင် ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁) နဲ့ တရားစွဲလိုက်ပါတယ်။ ထွေ/အုပ်၊ ရှေး/ သု၊ ရဲဌာနက တရားစွဲတင်တယ်လို့ သိရတယ်။ တရားလိုအဖြစ် ရဲဌာနဒု-ရဲမှူး ဦးသိန်းနိုင်အေး၊ ရှေး/သုက ဦးညိမ်းလွင်လို့ သိရပါတယ်။ တရားလို (၁၆) ယောက် လို့လည်း ကြားသိရပါတယ်။ ကျနော်တို့ တရားရုံးကို (၂၄) ကြိမ် တက်ခဲ့ရတယ်။ ထောင်ထဲမှာ စုစုပေါင်း (၈) လနှင့်တစ်ရက်ကြာခဲ့တယ်။ (၂၅.၉.၂၀၁၈) နေ့၊ နေ့လည် (၁၂) နာရီမှ ထောင်ကလွတ်ခဲ့တယ်။ ဒါပေမယ့် အဲဒီနေ့မှာပဲ ညနေ (၅) နာရီမှာ အလံတင်မှု၊ ဝတ္တရားဖောက်ဖျက်မှု၊ လက်နက် လုယက်မှုနဲ့ဆိုပြီး ထောင်ထဲကို ထပ်မံ ပို့လိုက်ပါတယ်" ဟု သူကြုံတွေ့ခဲ့ရသည်များကို ပြောပြသည်။

ယခုအချိန်တွင် အဆိုပါနိုင်ငံတော်အလံ ဥပဒေဖြင့် စွဲဆိုထားသည့်အမှုမှာ အာမခံ ပေးထားသဖြင့် အချုပ်လွတ် တရားရင်ဆိုင်နေရဆဲဖြစ်သည်။

## ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ မောင်ကျော်ဝင်းနိုင် ပြောကြားချက်



| | |
|---|---|
| အဘအမည် | - ဦးညီညီ |
| အသက် | - ၁၈ နှစ် |
| မွေးသက္ကရာဇ် | - ၂၀၀၁ခုနှစ် |
| ပညာအရည်အချင်း | - ၉တန်း |
| အလုပ်အကိုင် | - ကျောင်းသား |
| နေရပ် | - လက်ကောက်စျေး၊ မြောက်ဦးမြို့၊ |

"နန်းရာကုန်းမှာ ပွဲရှိတယ်ဆိုလို့သွားခဲ့တာ။ (၈) နာရီလောက်မှာ ပြန်လာခဲ့တယ်။ ဆန္ဒပြဖို့ သွားကြတဲ့အခါ သူငယ်ချင်းတွေခေါ်လို့ လိုက်သွားတာပါ။ လမ်းကနေ လိုက်သွားတာ။ ရုံးရှေ့ရောက်တော့ ကျွန်တော်က လူအုပ်အလယ်မှာပါ။ ပထမပစ်တုန်းက လူတွေ ထွက်ပြေးကြတယ်။ ကျနော်တို့ရပ်ကွက်က ကလေးတွေ ရှေ့ဆုံးမှာဆိုတော့ ကျွန်တော့်ညီလေး ပါသွားမှာလည်း စိုးရိမ်တယ်။ သူတို့ကိုလိုက်ခေါ်ရင်း ကျနော်က ရှေ့မှာကျန်ခဲ့တယ်။ ကျနော်ညာဘက် ပခုံးနောက်ကို ကျည်ဆံ ထိမှန်ခဲ့တယ်။ နာကျင်တာ တစ်ခုပဲ ခံစားရပြီးတော့ အော်ပြီးထွက်ပြေးတာပါပဲ။ ကျွန်တော့်အသိ ဆိုင်ကယ်ကယ်ရီသမားက ဆေးရုံးသို့လိုက်ပို့ပေးတယ်။ ဆေးရုံကို ပထမဆုံးရောက်တာက ကျွန်တော်ပဲ။ ညသန်းခေါင်ယံကျော် (၁) နာရီလောက်မှ မြောက်ဦးကနေ စစ်တွေ ဆေးရုံကိုပို့ပါတယ်။ " ဟု သူကိုယ်တိုင် ကြုံတွေ့ ခဲ့ရသည်များကို ပြန်လည် ပြောပြခဲ့သည်။

ထောင်ဒဏ်ချမှတ်ခံခဲ့ရပုံနှင့် ပတ်သက်၍လည်း "(၂၃) ရက်နေ့မှာတော့ စစ်တွေ ထောင်သို့ ပို့လိုက်ပါတယ်။ တရားစွဲတုန်းကတော့ ၆(၁)လို့ ပြောတယ်။ အမိန့်ချတဲ့အခါ ပုဒ်မ (၁၄၅) နဲ့ ချပါတယ်။ နိုင်ငံတော်အလံ အက်ဥပဒေပုဒ်မနဲ့စွဲတာက မြောက်ဦး ရောက်မှပါ။" ဟု သူကဆိုသည်။

အကျဉ်းထောင်ထဲတွင် နေထိုင်ခဲ့ရစဉ်က အခက်အခဲကိုလည်း "အစားအသောက်တွေ ကတော့ ထောင်ထဲကကျွေးတဲ့ အစားအသောက်တွေက အဆင်မပြေဘူး။ မိသားစု တွေလာပို့ပေးတာကိုပဲ စားနေခဲ့ရတာ။" မောင်ကျော်နိုင်ဝင်းက ဆိုသည်။

လက်ရှိတွင်ရပ်တည်နေရသည့်အခြေအနေနှင့် ပတ်သက်၍လည်း " အာမခံက မိဘ ဆွေမျိုး နှစ်ယောက်က အာမခံပေးရတယ်။ ကျနော်မှာတော့ ဦးလေးကြီး တယောက်၊ ဘကြီးတယောက် အာမခံပေးတယ်။ ဒဏ်ရာက ပကတိအတိုင်းတော့ မဖြစ်သေးဘူး။

လက်ကို ကွေးဆန့်လုပ်ရတာ အဆင်မပြေဘူး။ အပေါ်ကိုမြှောက်လို့ မရသေးဘူး။ လက်မောင်းက အောက်ကိုကျနေသလိုပဲ။ ဆေးကုသ မှုတွေကို လုပ်ဆောင်ဖို့ လိုအပ်နေသေးတယ်” ဟုပြောခဲ့သည်။

## ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူ ဦးအောင်ကျော်မြင့် ပြောကြားချက်



အဘအမည် - ဦးစံထွန်းကျော်
အသက် - ၄၅နှစ်
နေရပ်လိပ်စာ - အောင်မင်္ဂလာရပ်ကွက်၊ မြောက်ဦးမြို့။
အလုပ်အကိုင် - လယ်ယာလုပ်ကိုင်
ကျောင်းနေအရွယ်သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။

“စာပေဟောပြောပွဲ လုပ်ခွင့်ရဖို့ ခရိုင်ရုံးကို သွားခဲ့ကြတာပါ။ ခရိုင်ရုံးကို မရောက်ခင်မှာ ရဲစခန်းကို ဖြတ်ပြီးတော့ ဝင်ရတဲ့အတွက် အရင်ဆုံး စခန်းမှူးနဲ့တွေ့တော့ ဆွေးနွေးကြတယ်။ စခန်းမှူးနဲ့ ဆွေးနွေးတာကတော့ ရဲစခန်းထဲမှာတွေ့ပြီး ဆွေးနွေးတာ မဟုတ်ဘူး။ စခန်းမှူးက အထဲက၊ ဦးလေးတို့က ရဲစခန်းအပြင်ကနေပြီးတော့ ပြောကြတယ်။ စခန်းမှူးက ခရိုင်ရုံးကိုသွားပြီး ခရိုင်မှူးနဲ့ သွားတွေ့ကြလို့လည်း ပြောတယ်။ ပြီးတော့ တံခါးမဖွင့်ပေးဘူး။ အဲဒီတော့ ကောင်လေးတွေက ခဲတွေနဲ့ ပစ်ကြတယ်။ တံခါးကို တွန်းပစ်လိုက်တော့၊ တံခါးပိတ်ကျိုးပြီး လဲသွားတယ်။ တံခါးပိတ်ကျိုးသွားတော့ အပြင်ကလူတွေက အတွင်းကိုဝင်ကြပြီး ခရိုင်ရုံးကို သွားကြတယ်။

အဲဒီအချိန်မှာ ခရိုင်ရုံးထဲကနေ ရဲသားအယောက် (၂၀) လောက် ထွက်လာကြတယ်။ ဦးလေးတို့ အပြင်ကို နောက်ဆုတ်ပြီးပြေးကြတယ်။ အပြင်ကိုရောက်လု နီးပါးမှာ သူတို့က နောက်ကလိုက်ပြီး ရုံးထဲကနေ မိုးပေါ်ထောင်ပစ်လိုက်တယ်။ မြေပြင်ကိုလည်း ပစ်တယ်။ ဒီတော့ ဦးလေးတို့ပြေးကြတာပေါ့။ သေနတ် ပစ်သံတွေတော့ ကြားနေရတယ်။ ပစ်တာတော့ ရေတွက်လို့မရဘူး။ ဦးလေးတို့ပြေးရင်း ဦးလေးနဲ့အတူပြေးနေတဲ့ ကောင်လေးတစ်ယောက်ဆီမှာ ကျည် ကျတယ်။ ဒီတော့ ကောင်လေးက ဦးလေး ကျွန်တော့်ကို ထိသွားပြီလို့ပြောတော့ ဦးလေးက သူ့ကို ဆွဲကူမလို့ပြင်တော့ ဦးလေးကို လည်းထိတယ်။ ဒီတော့ ဦးလေးလည်း လဲကျသွားတယ်။ ကောင်လေး တယောက်ကို ဦးလေးကိုလာဆွဲပါလို့ပြောတယ်။ အကုန်လုံးပြေးနေကြတာကို ဆွဲဖို့ကမရကြဘူး။ ဦးလေးဆီကို (၁) ချက်ပဲ ထိတာ၊ တခါထဲ အရိုးထွက်သွားတယ်။”



၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က မြောက်ဦးမြို့တွင် ပောပြောခွင့်ရရေး ဆန္ဒထုတ်ဖော်ခြင်းကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွဲလိုက်ခြင်းကြောင့် ဒဏ်ရာရရှိသူများ ဓါတ်ပုံမှတ်တမ်း

photo- Online




၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က မြောက်ဦးမြို့တွင် ဟောပြောခွင့်ရရေး ဆန္ဒထုတ်ဖော်ခြင်းကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွဲလိုက်ခြင်းကြောင့် ဒဏ်ရာရရှိကာ ထောင်ချခံခဲ့ရသူများ ဓါတ်ပုံမှတ်တမ်း

photo- Online

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ (၁၂) ဦးရှိခဲ့သည့်အနက် (၄) ဦးမှာ ဒဏ်ရာသက်သာပြီး စောလျှင်စွာ မြောက်ဦးပြည်သူ့ဆေးရုံမှ ဆင်းပြီး တိမ်းရှောင်သွားကြသည့်အတွက် ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်သွားကြပါသည်။

ဖမ်းဆီးခံရသည့် လူငယ် (၈) ဦးအားမှတ်တမ်းပြုစုရာတွင် (၅) ဦးနှင့်သာ တွေ့ဆုံခွင့်ရခဲ့သည့် အတွက် အဆိုပါသူတို့၏ ဖြေဆိုပြောကြားမှုကိုသာ ဖော်ပြနိုင်မည်ဖြစ်သည်။ သူတို့အနေဖြင့် စွဲချက်တင်သည့်အမှုများအား ကျူးလွန်မှုမရှိခဲ့ကြောင့် ထုတ်ဖော်ပြောဆိုကြသလို ဖမ်းဆီးစစ်ဆေးအရေးယူခံရသည့် အချိန်တွင်လည်း တရားစီရင်ရေးမျှတမှု မရှိသည်ကို ထုတ်ဖော်ပြောဆိုကြသည်ကို တွေ့ရှိရပါသည်။

မြောက်ဦးဖြစ်စဉ်၌ ထိခိုက်ဒဏ်ရာရသူများတွင် သေနတ်ဒဏ်ရာတချက်မက ပါရှိပြီးရင်ဘက်အထက်ပိုင်းတွင် ထိခိုက်သူများပင်ပါရှိကြသည်။ မြောက်ဦးဖြစ်စဉ်တွင် ခရိုင်အုပ်ချုပ်ရေးရုံးရှေ့ ပစ်ခတ်ခံရမှုတွင် ထိခိုက်ဒဏ်ရာရသူများကို မြောက်ဦးပြည်သူ့ဆေးရုံမှ ဆေးကုသရန် ခွင့်ပြုမှု အတားအဆီးများ ကြုံခဲ့ရသလို အရေးပေါ် ဆေးကုသမှု ခံရစဉ်တွင်လည်း ရဲဝန်ထမ်းများ၏ စစ်ဆေးမေးမြန်းခြင်းနှင့် ချုပ်နှောင်မှုများကို ကြုံတွေ့ခဲ့ရပါသည်။ အရေးပေါ်လူနာများအဖြစ် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ပြီး ဆေးဝါးကုသမှု ပြုလုပ်နေစဉ်တွင်ပင် ဆေးရုံအချုပ်သို့ ပြောင်းလဲချုပ်နှောင်၍ထားခဲ့သည်။ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်လှစ် တရားစွဲဆိုပြီး ထောင်ဒဏ် (၈) လ ကျခံခဲ့ရပြီးမှ အလံတော်ဥပဒေပုဒ်မ (၁၆) ဖြင့် ထပ်မံ တရားစွဲဆိုခြင်းခံရကာ အာမခံဖြင့် လွတ်မြောက်ခဲ့ကြခြင်းဖြစ်သည်။ အထက်ပါကဲ့သို့ အပြစ်မဲ့လူငယ်များအား သက်ဆိုင်မှုမရှိသော ဥပဒေများဖြင့် လိုရာဆွဲပြီးစွဲဆိုမှုများ ပြုလုပ်နေခြင်းသည် တရားစီရင်ရေးအား အာဏာရှိသူများမှ လိုသလိုအသုံးချနေခြင်းသည် ကောင်းမွန်သော လက္ခဏာမဟုတ်သည်ကို ထောက်ပြနေခြင်းပင်ဖြစ်သည်။

## (ဃ) ဆန္ဒဖော်ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများ၏ ရင်ဖွင့်သံ

### ဆန္ဒဖော် ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ကိုကျော်ခိုင်းဝင်း၏ ပြောကြားချက်

" ကျနော်တို့ ဟောပြောပွဲ ဖြစ်မြောက်ဖို့အတွက် တောင်းဆိုဖို့ ခရိုင်ရုံးရှေ့ကို သွားခဲ့ကြတယ်။ ကျနော်တို့ ပြောချင်တာက ဒီနေ့ဟောပြောပွဲကို ပြုလုပ်ဖို့အတွက် ဆွေးနွေးချင်တယ်။ စကားတခွန်း၊ နှစ်ခွန်းလောက် ပြောချင်တယ်လို့ သွားပြောတာ။ သူတို့က လူကြီးတွေ မရှိဘူးလို့လည်းမပြောဘူး။ ခရိုင်မှူးနှင့်လည်း မတွေ့ခဲ့ရဘူး။

ဟောပြောခွင့်ရရှိရေး တောင်းဆိုသူများအား ရဲတပ်ဖွဲ့မှ အကြမ်းဖက် ဖြိုခွဲခဲ့ပုံနှင့် ပတ်သက်၍ " ခရိုင်ရုံးကို တာဝန်ယူထားတဲ့ ရဲသား (၆) ဦး၊ (၇) ဦးလောက် ရှိတယ်။ သူတို့က ဆန္ဒမပြနဲ့ ပြန်သွားကြလို့လည်း မပြောဘူး။ ရဲသားတွေက ရုံးထဲကို ဝင်သွားကြတယ်။

ကျနော်တို့ လူထက်ဝက်ခန့်လောက် အဲဒီနေရာကနေ ထွက်ခွါလာခဲ့ကြတယ်။ ကျနော်တို့ ပြန်လာတဲ့အချိန်မှာ သေနပ်သံကြားလို့ နောက်ကို လှည့်ကြည့်လိုက်တော့ အမျိုးသမီး တဦးက ဟိုမှာ ကလေးတွေ လဲနေပြီး 'လို့ အော်လိုက်တယ်။ ပြန်ထွက်ခွါလာတဲ့ ကျနော်တို့ လူအုပ်ဟာ အဲဒီနေရာကို ပြန်သွားခဲ့ကြတယ်။ ကျနော်တို့ ခရိုင်ရုံးရှေ့ ရောက်သွားတဲ့အခါမှာ ကျည်ဆံထိပြီး လဲနေကြတယ်။ ကျနော်က ကျည်ဆံထိနေတဲ့သူတွေကို ဆွဲထူနေတဲ့အချိန်မှာ ကျနော့်ကိုလည်း ကျည်ထိသွားပါတယ်။

### ဆန္ဒဖော် ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ မောင်အောင်နိုင် ၏ ပြောကြားချက်

" ဆန္ဒပြနေတဲ့ သူတွေကို ရဲစခန်းဘက်ကနေပြီးတော့ သေနပ်နဲ့ ပစ်ပါတယ်။ ပထမတော့ မိုးပေါ်ကိုထောင်ပြီး (၃) ချက်လောက် ပစ်ပါတယ်။ အဲဒီလို ပစ်လိုက်တော့ ဆန္ဒပြတဲ့သူတွေ တချို့ နောက်ဆုတ်ပြေးကြပါတယ်။

ပစ်တာကလည်း ကျဲပြီးတော့ပစ်တာ၊ အဲလို ပစ်လိုက်တဲ့အချိန်မှာ (၃) ယောက်ခန့် ကျည်ထိ သွားပါတယ်။ မသေပါဘူး။ ခြေသလုံးတွေမှာ ထိကြတယ်။ နောက်ထပ် ပစ်လိုက်တဲ့အချိန်မှာ ကျနော့် ဒူးကို လာထိပါတယ်။ ရဲသားတွေက တချို့ ကျည်ထိပြီး လဲနေတဲ့သူတွေကို သေနပ် ဘောင်နဲ့ ထောင်းပြီး သတ်လိုက်ကြတယ်။"

## ဆန္ဒဖော်ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ကိုအောင်ကျော်ဦး ၏ ပြောကြားချက်

" ခရိုင်ရုံးခြံဝင်းထဲကို လူ(၄၀) (၅၀) လောက် ဝင်သွားကြပါတယ်။ ဝင်သွားကြတဲ့ သူတွေက ဟောပြောပွဲ ကျင်းပခွင့် ပေးဖို့ တောင်းဆိုကြပါတယ်။ ခရိုင်ရုံးထဲမှာ ရဲသား (၁) ယောက်ခန့် ရှိနေတယ်။ ရဲသားတွေက တောင်းဆိုနေတဲ့သူတွေကို တခုလည်း ပြန်မပြောကြဘူး။ ရုံးထဲကို ဝင်သွားကြပြီး ခရိုင်ရုံး နောက်ဘက်ကနေ သေနပ် (၃) ချက် ပစ်လိုက်တယ်။ ပစ်လိုက်တဲ့ ကျည်တွေက ဆေးရုံဘက်ကို ကျသွားတယ်။

ရဲသားတွေက သေနပ်စပစ်လိုက်တော့ လူတွေကလည်း ရုံးကို ခဲတွေနဲ့ ပစ်ပေါက်ကြပါတယ်။ ရဲသားတွေက လူအုပ်ဖက်ကို သေနပ် (၁၀) ချက်လောက် ပစ်လိုက်ပါတယ်။ လူ (၁) (၂) ဦး လောက် ထိပါတယ်။ ကျည်ထိသွားတဲ့ သူတွေကို ကျနော်တို့ သွားဆွဲတဲ့အခါ ထပ်ပစ်တယ်။ အဲဒီအချိန်မှာ ကျနော့် မေးစေ့ကို ထိသွားပါတယ်။ လဲကျနေတဲ့သူတွေကို ယူလို့မရဘူး။ ဆွဲထူဖို့ လာတဲ့သူတွေကို ထပ်ပြီး ထပ်ပြီး ပစ်နေတော့ ယူလို့ မရလိုက်ကြတော့ဘူး"

## ဆန္ဒဖော်ထုတ်ရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ဦးဆန်းအေး၏ ပြောကြားချက်

"ခရိုင်ရုံးရှေ့မှာ ကျနော်တို့က ဟောပြောပွဲကို ဘာကြောင့် လုပ်ခွင့် မပေးတာလဲ ဆိုပြီး တောင်းဆိုကြပါတယ်။ တောင်းဆိုနေတဲ့အချိန်မှာ ခရိုင်ရုံးထဲမှာ ရဲသားတွေ ရှိနေပါတယ်။ ရဲသားတွေကလည်း ကျနော်တို့ ဆန္ဒနေတဲ့သူတွေကို တားမြစ်တာတွေလည်း မရှိခဲ့ပါဘူး။ ရဲသားတွေ ရုံးထဲကို ဝင်သွားကြတပါ။ အဲဒီအချိန်မှာ ရဲစခန်းဘက်ကနေ ရဲသား (၃၀)ခန့် ရောက်လာပြီးတော့ ဆန္ဒပြနေတဲ့ လူအုပ်ထဲ တည့်တည့် ပစ်ကြပါတယ်။

ပထမတော့ မိုးပေါ်ထောင်ပစ်ပါတယ်။ ကျနော်တို့ နောက်ကို ဆုတ်လိုက်ကြပါတယ်။ ရဲသား (၄) ယောက်လောက် ရှေ့တက်လာပြီး လူအုပ်ထဲကို ပစ်လိုက်ပါတယ်။ ကျနော့်ကို ထိသွားပါတယ်။ ကျနော့်ကို ထိသွားတော့ လူတွေကလာကူပြီး ဆေးရုံပို့ပေးခဲ့ကြပါတယ်။ အဲဒီမှာ နောက်ထပ် ဘာတွေဖြစ်ကြတယ်ဆိုတာ ကျနော် မသိလိုက်တော့ဘူး။

## (င) မျက်မြင်ကိုယ်တွေ့များ၏ စကားသံ

### လှူစုလှူဝေးတွင် ပါဝင်ခဲ့သည့် မိန်းကလေးတဦး၏ ပြောစကား

"သူတို့တွေက ပထမဦးဆုံး အရင် သေနတ်နဲ့ပစ်ပါတယ်။ ဘယ်နားကပစ်မှန်း သမီးတို့ မသိဘူး။ အသံကိုပဲ ကြားရတယ်။ သမီးတို့ကို ပစ်ရမလားဆိုပြီး သမီးတို့ကခဲနဲ့ ပစ်လိုက်ပါတယ်။ ပစ်တဲ့အချိန်မှာ ရဲတွေက သူတို့ကို ပစ်ရမလားဆိုပြီး သမီးတို့ကို သေနတ်တွေနဲ့ အများကြီးပစ်ပါတယ်။ ဒူးမှာ သေနတ်ထိသွားတဲ့သူက မထနိုင်တော့လို့ အဲ့ဒီနေရာမှာ ဝပ်နေပါတယ်။ သမီးတို့ ယူခွင့်မရလို့ မယူတဲ့အခါ သူတို့က ခြေကို တဘက်တယောက်ကိုင်ပါတယ်။ မြေမှာ ဦးခေါင်းကိုချပြီး ဆွဲသွားပါတယ်၊ သမီးတို့ ရှေ့က အစ်ကိုတွေ သေဆုံးပါတယ်၊ "

### သေဆုံးသူ မိသားစုဝင်တဦး၏ ပြောစကား

"မီးကိုသတ်လိုက်တယ်၊ မီးသတ်ပြီးရင် သေနတ်ပစ်ပါတယ်။ မသေတဲ့သူကို သူတို့ ပြန်ပြီးဆွဲတယ်၊ ကျွန်မတို့ ယူလို့မရတော့ဘူး။ ဒဏ်ရာကဒူးမှာပဲရတာ၊ မနက်မိုးလင်းလို့ ဆေးရုံသွားကြည့်တော့သေနေပြီ။ သေနိုင်တဲ့ဒဏ်ရာ မဟုတ်ပါဘူး ဒူးမှာကျလို့၊ ရင်ဘတ်မှာ ကျတာလည်းမဟုတ်ဘူး၊ ခေါင်းမှာကျတာလည်း မဟုတ်ဘူး၊ ကျန်တဲ့ (၆) ယောက်ဟာ သူတို့သတ်လို့ သေတာပါ "

### သေဆုံးသူ မိသားစုဝင်တဦး၏ ပြောစကား

"ဒေါက်တာအေးမောင် ပြောတာနားထောင်ချင်ပါတယ်။ နန်းရာကုန်းမှာ မီးထွန်းတာကို လိုချင်ပါတယ်။ အဲဒီဟာတွေကို လိုချင်လို့ ကျွန်မတို့သွားတာပါ။ အဲဒါကို အဲဒီနားမှာ လူကြီးတွေရှိပါတယ်။ ကျနော်တို့နဲ့မဆိုင်၊ နောက်အေးဆေး ဖြစ်လာလိမ့်မယ်လို့ အကြောင်းအရာတခွန်းမှ မပြောပဲ ကျွန်မတို့ကလေးတွေ ဆန္ဒပြတာကို သေနတ်နဲ့ လိုက်လို့ပစ်လို့ ကျွန်မရှေ့က ကျွန်မအစ်မရဲ့သားလေး လဲကျပြီးသေပါတယ်။ တစ်ခြား ကလေးတွေလည်း အများကြီးကျကြပါတယ်။ သူတို့ဘယ်လောက် ရက်စက်လဲဆိုရင် တခွန်းမှထွက်မပြောဘဲနဲ့ ရက်ရက်စက်စက် သေနတ်နဲ့ပစ်ပါတယ် "

# သုံးစွဲခဲ့သည့် လက်နက်ကရိယာများ

မြောက်ဦးမြို့တွင် လူထုဆန္ဒဖော်ထုတ်ပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ အကြမ်းဖက် နှိမ်နင်းရာတွင် ပြည်နယ်/တိုင်းဒေသကြီး ရဲအဖွဲ့များတွင် ပုံမှန်တပ်ဆင်ထားသော လက်နက်များမဟုတ်ဘဲ တိုက်ခိုက်ရေး ရဲတပ်ရင်းများ ကိုင်ဆောင်သော (၇.၆၂ x ၅၁) ကျည်သုံး (ဂျီ - 3) တိုက်ပွဲဝင်ရိုင်ဖယ်၊ (၇.၆၂ x ၃၉) ကျည်သုံး အေကေအမျိုးအစား ချေမှုန်းရေး ရိုင်ဖယ်များနှင့် မြို့တွင်းတိုက်ပွဲ၊ အနီးကပ်တိုက်ပွဲများတွင် အသုံးပြုသည့် (၉-မမ ) ကျည်သုံး ဘီအေ (၉၄) စက်ကလေးများ အသုံးပြုခဲ့ကြသည်ကို အထင် အရှား တွေ့မြင်ရပါသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် ဒဏ်ရာရသေဆုံးခဲ့ကြပြီး ခြေတွင်ထိမှန်သူပါ ခြေကျိုးသွားသည်အထိ ပြင်းထန်စွာ ဒဏ်ရာရသွားသည်။

မြောက်ဦးဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်ခဲ့သောသူများနှင့် သေနတ်ပစ်ခံရသည့် သူများ၏ ပြောစကားအရ နံပါတ်တုတ်များဖြင့် ရိုက်နက်ခဲ့ခြင်း၊ ပိုက်ငှင့်ဖိနပ်များဖြင့် နင်းခြေခဲ့ခြင်း၊ ဓား (အချွန်အစူး) များဖြင့် ထိုးနက်ခဲ့ခြင်း၊ သေနတ်ဒင်များဖြင့် ထုနက်ခဲ့ခြင်းတို့ ပြုလုပ်ခဲ့သည်။

# သက်ဆိုင်ရာအစိုးရမှ တာဝန်ယူမှု၊ တာဝန်ခံမှု အခြေအနေ

ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့သည် ပဋိပက္ခဖြစ်စဉ်အတွင်း သေဆုံး၊ ဒဏ်ရာရခဲ့ကြသူများ၏ မိသားစုဝင်များအပေါ် ယနေ့အချိန်အထိ တာဝန်ယူမှု၊ တာဝန်ခံမှု တစ်စုံတရာမရှိသေးသည်ကို တွေ့ရသည်။ သေဆုံးသူများကို အသုဘချ သည့်နေ့က ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတဆင့် ထောက်ပံ့လျော်ကြေးငွေ(၅)သိန်းစီ ပေးသည့် လုပ်ဆောင်ချက် တခုသာ ရှိခဲ့သည်။ သို့သော် သေဆုံးသူများ၏ မိသားစု ဝင်များက အစိုးရပေးသည်ကို သိရှိပြီးနောက်တနေ့တွင် အဆိုပါ ငွေကြေးများကို ပြန်လည်ပေးအပ်ခဲ့ပြီး လူတဦး၏ အသက်ကို ငွေ (၅) သိန်းဖြင့် တန်ဖိုးဖြတ်သည့် အစိုးရ၏ လုပ်ဆောင်ချက်ကိုလည်း ရှုံ့ချခဲ့ကြသည်။

ထို့နောက်တွင် ရခိုင်ပြည်နယ်လွှတ်တော်၌ မြောက်ဦးစုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့၍ စုံစမ်းဖော်ထုတ်ရန် ကြိုးစားခဲ့ကြသော်လည်း အစိုးရ၏ ကြားဝင်နှောင့်ယှက်မှုကြောင့် စုံစမ်းစစ်ဆေးရေးကော်မတီကို စုံစမ်းလေ့လာရေးအဖွဲ့ဟု အမည်ပြောင်းခဲ့ရသည်။ ထို့အပြင် စုံစမ်းလေ့လာမှုများကိုလည်း အစိုးရဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်း လုပ်ဆောင်ရန်မလိုဟု ညွှန်ကြားချက်ပင် ထုတ်ပြန်ခဲ့သည်။

မြောက်ဦးလူစုလူဝေးအပေါ် အကြမ်းဖက်ဖြိုခွင်းမှု (၁) နှစ်ကျော်အကြာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မြောက်ဦးပဋိပက္ခစုံစမ်းလေ့လာရေးအဖွဲ့၏ အစီရင် ခံစာကို ရခိုင်ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့သော မြောက်ဦးပဋိပက္ခစုံစမ်းလေ့လာရေးအဖွဲ့၏ အစီရင်ခံစာ အကျဉ်း ချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဖြစ်ပွားခဲ့သော လူစုလူဝေးဖြစ်ပေါ်ကာ ထွေအုပ်ရုံးကို ခဲဖြင့်ပစ်ပေါက်မှုနှင့် ဆိုင်ကယ်၊ ယာဉ်များကို ဖျက်ဆီးမှုများဖြစ်စဉ်တွင် (၇) ဦးသေဆုံး ပြီး (၁၂) ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ခြင်းသည် အင်အားအလွန်အကျွံ သုံးစွဲခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တာဝန်ရှိသူများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဖော်ထုတ်အရေးယူသင့်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းသည့် စုံစမ်းလေ့ လာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ စုံစမ်းလေ့လာရေးအဖွဲ့၏ အစီရင်ခံစာကို ဖေဖော်ဝါရီ (၂၈) ရက်က ပြုလုပ် သော ရခိုင်ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့တွင် စုံစမ်းလေ့လာ

ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းသာစိန်က ရခိုင်ပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

၂၀၁၈ခုနှစ်၊ ဇန်နဝါရီ (၁၆) ရက်တွင် ဖြစ်ပေါ်ခဲ့သော အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဇန်နဝါရီ (၂၉) ရက်တွင် စုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါအဖွဲ့ တာဝန်ရှိသူများသည် မြောက်ဦးသို့သွားရောက်ခဲ့ပြီး လေ့လာစုံစမ်းခဲ့ကြရသည်ဟု ဆိုသည်။

အဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် တွေ့ဆုံရန်ကြိုးစားခဲ့သော်လည်းသက်ဆိုင်ရာမှ ပူးပေါင်းပါဝင်မှု မရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှစတင်ကာ ဘုရင့်နိုင်ငံအချုပ်အခြာအာဏာကျဆုံးခြင်း အထိမ်းအမှတ်များ ပြုလုပ်ခဲ့သည်မှာ လေးနှစ်ရှိခဲ့ပြီး ပွဲတိုင်းကို နန်းတော်ရာကုန်း ပထမထပ်ကွင်းပြင်တွင် ကျင်းပလေ့ရှိကြောင်း၊ အခမ်းအနားကျင်းပမည်ကို ဇန်နဝါရီ (၈)ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ကြောင်း၊ အကြောင်းမပြန်ခဲ့ကြောင်း၊ ယင်းနေ့မှာပင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက နန်းတော်ရာကုန်းသည် အမျိုးသားအမွေအနှစ်ဖြစ်သောကြောင့် သဘောထားမှတ်ချက် အထူးပေးရန်မရှိသော်လည်း အခမ်းအနားပြီးလျှင် အမှိုက်များကို သိမ်းဆည်းပေးရန် ပြောကြားခဲ့ကြောင်း၊သို့သော် ဇန်နဝါရီ (၁၅) ရက် ရောက်သည့်အခါမှ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မြောက်ဦးဌာနခွဲမှ ခရိုင်စီမံခန့်ခွဲရေး ကော်မတီ အနေဖြင့် အထက်အစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုချက် ရယူပြီးမှသာ ဌာနအားပြန်လည် တင်ပြရန်နှင့် ခွင့်ပြုချက်မရပါက အခမ်းအနား လုပ်ဆောင်ခွင့်မရှိကြောင်း အကြောင်းကြားစာ ပေးပို့လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အခမ်းအနားရုပ်သိမ်းရန် ကျင်းပရေးကော်မတီအနေဖြင့် သဘောတူခဲ့ကြပြီး ညပိုင်းတွင် ဟောပြောပွဲ မလုပ်တော့ကြောင်း ကျေးရွာအချို့သို့ အကြောင်းကြားခဲ့ကြောင်း၊သို့သော် စာပေဟောပွဲရှိသည်အထင်နှင့် ရောက်ရှိလာသူများသည် ညနေပိုင်းတွင် နန်းတော်ရာကုန်းသို့ ရောက်ရှိလာခဲ့ကြပြီး လူစုလူဝေးဖြစ်ပေါ်ကာ မြို့နယ်ရဲတပ်ဖွဲ့ ရုံးရှေ့တွင် မိနစ် ၂၀ ခန့်ကြာခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးရုံး ရှေ့သို့ ချီတက်ခဲ့ကြကြောင်း၊ယင်းရုံးရှေ့တွင် ရခိုင်ပြည်နယ်အလံကို ကိုင်ဆောင်ကာ လက်သီးလက်မောင်းတန်း၍ အော်ဟစ်ခဲ့ပြီး တချို့က ခရိုင်ရုံးအဝင် ခြံစည်းရိုးတံခါးကို ကိုင်လှုပ်ဆန္ဒထုတ်ဖော်ကြရာ သံတံခါးလဲကျခဲ့ကြောင်း၊ ယင်းအချိန်တွင် ရုံးခြံဝင်းသို့ဝင်ကာ ခဲများဖြင့်ပစ်ပေါက်ခြင်း၊ ဆိုင်ကယ်များကို ရိုက်ချိုးဖျက်ဆီးခြင်းနှင့်အတူ သေနတ်သံများ ထွက်ပေါ်လာကြောင်း လေ့လာသိရှိရသည်ဟု အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများကို ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး

အက်ဥပဒေပုဒ်မ ၆ (၁) ဖြင့် အမှုဖွင့်လှစ် တရားစွဲဆိုခဲ့ရာ ဒဏ်ရာရရှိသူ (၈)ဦးအား တရားရုံးမှ ထောင်ဒဏ် (၈) လစီ ချမှတ်ခဲ့ကြောင်း၊ မြောက်ဦးဖြစ်စဉ်အတွင်း အဓိက ရာဇ်ဝတ်မှု နှိမ်နင်းသည့် ရဲတပ်ဖွဲ့ဝင်များသည် အင်အားအလွန်အကျွံသုံးပြီး သေနတ်ဖြင့် ပစ်ခတ်၍ သေဆုံးမှုများ၊ ဒဏ်ရာရရှိမှုများ ဖြစ်အောင်အထိ ကျူးလွန်ခဲ့မှုများအပေါ် သက်ဆိုင်ရာက တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့မှုမရှိကြောင်း သိရှိခဲ့ရသည်ဟု ဖော်ပြထားသည်။

သုံးသပ်ချက်များအနေဖြင့် အခမ်းအနားကျင်းပရန် သက်ဆိုင်ရာသို့ အသိပေးခဲ့သော်လည်း ရေငုံနှုတ်ပိတ်နေခြင်းသည် ဒေသအာဏာပိုင်တို့၏ ပွင့်လင်းမြင်သာမှုမရှိသောကြောင့် ဖြစ်သည်ဟုသုံးသပ်ကြောင်း၊ ပွဲကျင်းပချိန်နှင့်ကပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၏ အကြောင်းကြား အသိပေးစာသည် လူထုကို ရုတ်တရက်ဒေါသထွက်အောင် လုပ်ဆောင်ခြင်းနှင့်တူသည်ဟု သုံးသပ်ကြောင်း၊ ဆန္ဒဖော်ထုတ်သည့် ဖြစ်စဉ်သည်(၃)နာရီခန့် ကြာမြင့်ခဲ့သော်လည်း အချိန်မီ ဥပဒေနှင့်အညီ တားဆီးပိတ်ပင် ဟန့်တားခြင်းများ ဆောင်ရွက်မှု မရှိခဲ့ခြင်းသည် ဌာနအဖွဲ့အစည်းများ၏ လျစ်လျူရှုခြင်းသာဖြစ်ကြောင်း၊ နှိမ်နင်းရာတွင်လည်း အင်အားအလွန်အကျွံသုံးကာ ပစ်ခတ်နှိမ်နင်းခဲ့သည့်အတွက် (၇) ဦးသေဆုံးပြီး (၁၂) ဦးပြင်းဒဏ်ရာ ရရှိခဲ့ရခြင်းမှာ ရှန်းရင်း ဆန်ခတ်နှိမ်နင်းသည့် ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ သေဆုံးသူ(၇)ဦး၏ အလောင်းများအနက် အချို့မှာ သေနတ် ဒဏ်ရာတစ်ချက်မှမရှိဘဲ ထုထောင်းရိုက်နှက် ညှင်းပန်းနှိပ်စက်သည့် အနေအထားမျိုး ရှိခဲ့သည်ဟုသုံးသပ်ကြောင်း၊ သေဆုံးသူများ၏ ဆေးစာအား ကြည့်ရှုခွင့်မရခဲ့ကြောင်း၊ ပစ်ခတ်သူများ၊ ပစ်ခတ်ရန် အမိန့်ပေးသူများကို သေဆုံးသူများ၏ မိဘများက အမှု ဖွင့်လှစ်ခဲ့သော်လည်း သက်ဆိုင်ရာက ဖွင့်လှစ်မပေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမှတ်တရနေ့များသည် လူမျိုးတိုင်းတွင်ရှိကြောင်း၊ ပါတော်မူနေ့ကို အမှတ်ရသကဲ့သို့ ရခိုင်ထီးနန်းကျဆုံးခဲ့သည့်နေ့ကို အမှတ်ရကြသည်မှာ သဘာဝကျကြောင်း၊ ဟောပြောပွဲအား အစီအစဉ်အတိုင်း ပြုလုပ်ခွင့်ပေးခဲ့ပါက ထိုသို့အဖြစ်ဆိုးများကို ကြုံတွေ့ခဲ့ရမည် မဟုတ်ကြောင်းနှင့် နောက်နောင်တွင် ထိုသို့မဖြစ်ရန် တာဝန်ရှိအဖွဲ့အစည်းများသည် အဘက်ဘက်မှ ဥပဒေနှင့်အညီဖြစ်စေရေးနှင့် အင်အားအလွန်အကျွံ သုံးစွဲခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တာဝန်ရှိသူများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ဖော်ထုတ် အရေးယူသင့်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

# မြောက်ဦးလူသတ်ပွဲဖြစ်စဉ်၏ နောက်ဆက်တွဲ ရှုပ်ထွေးမှုပြဿနာများ

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်တွင် ရဲအာဏာပိုင်များ၏ ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံရသော လူငယ်များအရေးတွင် သက်ဆိုင်ရာအစိုးရမှ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့သလို ဒဏ်ရာရ လူငယ်များအတွက်လည်း အမှန်တရားနှင့် တရားမျှတမှု ပေါ်ပေါက်ရေးအတွက် မဆောင်ရွက်ခဲ့ပေ။ မတရားသတ်ဖြတ်မှုအား ပိတ်သိမ်းဖျောက်ဖျက်ရေးတို့ကိုသာ ရည်ရွယ်ပြီး ဥပဒေပုဒ်မ အမျိုးမျိုးဖြင့် အမှုတည်ဆောက်ကာ တရားစွဲဆို ထောင်သွင်းအကျဉ်းချမှုများသာ ပြုလုပ်ခဲ့ကြသည်။ အခြားတဖက်တွင်လည်း ဒေသတွင်း အစိုးရအာဏာပိုင်အချို့အား နောက်ဆက်တွဲ လုပ်ကြံသတ်ဖြတ်မှုများနှင့် ဝေဖန်မေးခွန်းထုတ်သူများကို ဖမ်းဆီးအရေးယူမှုများ ရှုပ်ထွေးစွာပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရသည်။

မြောက်ဦးလူသတ်ပွဲဖြစ်စဉ်အပြီး (၃) ရက်မြောက်အကြာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၁၉.၁.၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၈) ဖြင့် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်ကို ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး တာဝန်ခံအဖြစ် စစ်တွေမြို့သို့ ရာထူးတိုးမြှင့် ရွှေ့ပြောင်းခဲ့သည်။ အခင်းဖြစ်ပွါးပြီး (၁၄) ရက်အကြာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မြောက်ဦး - စစ်တွေ အဝေးပြေးကားလမ်းမပေါ်၌ ဦးဘိုဘိုမင်းသိုက်အား လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဦးတင်မောင်ဆွေ နေအိမ်အား ပုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၏ နေအိမ် ပုံးခွဲ တိုက်ခိုက်ခံရပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၁၂.၆.၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉၂/၂၀၁၈) ဖြင့် ၎င်းအား စစ်ကိုင်းတိုင်းဒေသကြီးရုံးသို့ အုပ်ချုပ်ရေးမှူးတာဝန်ဖြင့် ပြောင်းရွှေ့ နေရာချထားခဲ့သည်။ ထိုသို့ အစိုးရအုပ်ချုပ်ရေး ဝန်ထမ်းများကို လုပ်ကြံမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် မြောက်ဦးလူသတ်ပွဲနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား "မြောက်ဦးလူသတ်ပွဲ တရားခံဘယ်သူလဲ" ဟု ဝေဖန်မေးခွန်းထုတ်သော ဦးအောင်သန်းဝေအား နိုင်ငံသားဆိုင်ရာ ငြိမ်းချောက်မှု အက်ဥပဒေ ပုဒ်မ (၅၀၆) ဖြင့် ပြစ်ဒဏ် (၆) လ၊ နိုင်ငံသား အခွင့်အရေးနှင့် လုံခြုံရေးဆိုင်ရာဥပဒေပုဒ်မ (၁၀) တို့ဖြင့် ပြစ်ဒဏ် (၆) လ တပေါင်းတည်း ကျခံရန် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် စစ်တွေမြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။

# ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ရိုက်ခတ်မှု

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင်ဖြစ်ပွါးခဲ့သည့် မြောက်ဦးလူသတ်ပွဲဖြစ်စဉ်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးကာလ၌ တိုင်းရင်းသားများနှင့် ဗဟိုအစိုးရကြား ယခင်ကတည်းက ဖြစ်တည်လာသော နိုင်ငံရေးပြဿနာကို ပိုမိုကြီးထွားစေသည့် ဖြစ်ရပ်တခုပင်ဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် အစိုးရတပ်မတော်ကြား ဆွေးနွေးညှိနှိုင်းမှုတို့တွင် တစ်ဆို့မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ အခြားတစ်ဖက်တွင်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရအာဏာ ရလာပြီး အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့်ရင်ကြားစေ့ရေး၊ (၂၀၀၈)ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဦးတည်ချက် ခရီးမရောက်နိုင်သည့်ကာလဖြစ်သည်။ ဤကာလ၌ ရခိုင်အမျိုးသားတို့၏ အရေးကြီးသော **နေ့တနေ့**ဖြစ်သည့် **ရခိုင့်အချုပ်အချာ** အာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ် ဟောပြောပွဲအခမ်းအနားကို အစိုးရမှ ပိတ်ပင်ခြင်းသည် **ရခိုင့်တော်လှန်ရေး၊ နိုင်ငံရေး အင်အားစု**များမှ ငြိမ်းချမ်းရေးလမ်း ကြောင်းအပေါ် ယုံကြည်မှု ကျဆင်းလာစေခဲ့သည်။

ရခိုင်ပြည်သူများ၏ ငြိမ်းချမ်းစွာစုဝေးဟောပြောခွင့်၊ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခွင့်တို့အား ပိတ်ပင်တားဆီးခြင်း၊ အကြမ်းဖက်ဖြိုခွဲပစ်ခတ်ခြင်းသည် တိုင်းရင်းသားပြည်သူတရပ်လုံး လိုလားသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးတွင် ယုံကြည်မှု ပျောက်ဆုံးစေသည့် လုပ်ရပ်များပင်ဖြစ်သည်။ မြောက်ဦးလူသတ်ပွဲ ဖြစ်စဉ်နှင့် ပတ်သက်၍ ရခိုင်တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများ၊ ရခိုင်နိုင်ငံရေးပါတီများ၊ ရခိုင်လူမှုအဖွဲ့အစည်းများအပါဝင် တခြားသောတိုင်းရင်းသားအဖွဲ့အစည်းများက ကြေငြာချက်များထုတ်ပြန်ခဲ့ကြသည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၏ ထုတ်ပြန်ချက်တွင် လွတ်လပ်စွာစီတန်းလမ်းလျှောက်ခွင့်၊ စုဝေးခွင့်တို့အား အကြမ်းဖက်မှုဖြင့် နှိမ်နင်းဖြေရှင်းသည်မှာ ဒီမိုကရေစီဖြစ်စဉ်နှင့် ဗီလာဆန့်ကျင်လျှက်ရှိကြောင်းပါရှိသည်။ ရခိုင်ပြည်အမျိုးသားကောင်းစီ (ANC) ၏ ထုတ်ပြန်ချက်တွင် မြောက်ဦးလူထုဆန္ဒဖော်ထုတ်ရေးတွင် အရပ်သား (၇) ဦး သေဆုံးပြီး (၁၂) ဦး ဒဏ်ရာရရှိခြင်းသည် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် ရခိုင်ပြည်နှင့်ရခိုင်လူမျိုးကို ကျွန်ပြုခံလူ့အဖွဲ့အစည်းတရပ်အဖြစ် သဘောထားဆက်ဆံနေကြောင်းပါရှိသည်။ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်(ULA) ၏ ထုတ်ပြန်ချက်တွင် လူမျိုးရေးအမုန်းတရားကို ရှေ့တန်းတင်ကာ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ရာတွင် ပါဝင်သူများ၊

အုပ်ချုပ်သူ လက်ရှိအစိုးရနှင့် ရခိုင်ပြည်အစိုးရတို့တွင် အပြည့်အဝတာဝန်ရှိပြီး (ULA/AA) အနေဖြင့် အကြမ်းဖက် ပစ်ခတ်ကျူးလွန်သူများအား ထိရောက်ပြင်းထန်သော တုံ့ပြန်အရေးယူ ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ရခိုင်အမျိုးသားပါတီ (ANP) ၏ ထုတ်ပြန်ချက်တွင်အစိုးရမှ တာဝန်ယူဆောက်ရွက်မှုများ ပြုလုပ်ပေးရေးအတွက် ANP အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပါရှိသည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ၏ထုတ်ပြန်ချက်တွင် မြောက်ဦးဖြစ်စဉ်နှင့် ပတ်သက်၍ သီးခြားလွတ်လပ်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့တပ်ရပ်ကို ဖွဲ့စည်းကာ ဖြစ်စဉ်တရပ် လုံးတွင် ပါဝင်ပတ်သက်ခဲ့ကြသော အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ရပ်အားဥပဒေ နှင့်အညီ စစ်ဆေးဖော်ထုတ်ပြီး အရေးယူပေးရန် တိုက်တွန်းချက် ပါရှိသည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီတပိုင်း အစိုးရလက်ထက်တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၁၆) ရက်နေ့က မြောက်ဦးတွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သည့် ပြည်သူများအား အသက်ဆုံးရှုံးသည်အထိ အကြမ်းဖက်ပစ်ခတ်ဖြိုခွဲခဲ့သော လုပ်ရပ် သည် ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်နေသည်။ လက်နက်ဖြင့် အကြမ်းဖက် ပစ်ခတ် ဖြိုခွဲသူတို့၏ လုပ်ရပ်သည် ရခိုင်တို့အား အဖိနှိပ်ခံလူတန်းစားအဖြစ်သတ်မှတ်ကာ လူမျိုးရေးအရ ခွဲခြားဆက်ဆံရာရောက်နေသည်။

အစိုးရမှ အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သူများအား စုံစမ်းစစ်ဆေးကာဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ အကြမ်းဖက်ခံရသူများကိုသာ ဖမ်းဆီးထောင်ချ ခဲ့သောလုပ်ရပ်မှာ လက်ရှိ NLD အစိုးရမှ ချမှတ်ထားသော အမျိုးသားပြန်လည်သင့် မြတ်ရေးလမ်းစဉ်နှင့် ဆန့်ကျင်နေပြီး၊ စစ်တပ်၏လမ်းစဉ်တို့နှင့် တထပ်တည်းဖြစ် ကြောင်းကိုပေါ်လွင်စေခဲ့သည်။

ထိုသို့အစိုးရနှင့်စစ်တပ်၏ လုပ်ရပ်များသည် ရခိုင်လူငယ်များအမြင်တွင် "ရခိုင်လူမျိုးတို့ အတွက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် တောင်းဆိုတိုက်ပွဲဝင်၍လည်း မရ၊ လက်နက်အားကိုးဖြင့် အကြမ်းဖက်သတ်ဖြတ်နေကြသည်။ ယင်းကြောင့် မိမိတို့ အနေဖြင့် လက်နက်အင်အားဖြင့်သာ တောင်းဆိုတိုက်ပွဲဝင်ရုံမှတပါး အခြားမရှိ" ဟူသော အတွေးအခေါ်များ ပေါ်ပေါက်လာအောင် တွန်းပို့ပေးလိုက်သကဲ့သို့ပင်ဖြစ်နေပေသည်။

# လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ သုံးသပ်ချက်

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အခမ်းအနားကျင်းပရန် တောင်းဆိုနေသော လူထုအား သတ်ဖြတ်ဖြိုခွဲခဲ့ခြင်းအပေါ် လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ ဦးအောင်ထူး၏ သုံးသပ်ချက်




မြောက်ဦးမြို့တွင် ရခိုင်ပြည်သူလူထုက ငြိမ်းချမ်းစွာကျင်းပရန် ကြိုးပမ်းခဲ့သည့် ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာကျဆုံးခဲ့သည့် (၂၃၃) နှစ်မြောက်အခမ်းအနားအား အကြမ်းဖက် သတ်ဖြတ်ဖြိုခွဲခဲ့ရာတွင် (တိုင်းပြည်၏ တကယ့်အာဏာကို ချုပ်ကိုင်ထားသည့်)ကာချုပ် မင်းအောင်လှိုင်ခေါင်းဆောင်သည့် မြန်မာစစ်ခေါင်းဆောင်များ (တိုင်းပြည်၏ အပေါ်ယံအာဏာကို အသုံးချခွင့်ရနေသည့်)၊ သမ္မတဦးဝင်းမြင့် နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်သည့် NLD အစိုးရတို့တွင် သမိုင်းကြောင်းအရ၊ နိုင်ငံရေးအရ၊ ငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ်အရ၊ ဥပဒေကြောင်းအရ အဓိကတာဝန်ရှိပေသည်။ အဘယ်ကြောင့်နည်း။

## သမိုင်းအရ တာဝန်ရှိမှု

ငြိမ်းချမ်းမှုကို ရှာဖွေရာတွင် သမိုင်းကို အသိအမှတ်ပြုခြင်း၊ တန်ဖိုးထားခြင်း၊ သမိုင်းမှ အမှားများကို သင်္ခန်းစာယူပြီး နောင်မမှားအောင် ရှောင်ကြဉ်ခြင်း၊ သမိုင်းနှင့် လိုက်လျောညီထွေ ရှိစေမည့် အခြေခံများမှနေ၍ လက်ရှိ အရင်းခံပြဿနာများကို ကိုင်တွယ်အဖြေရှာခြင်း၊ အနာဂတ်အတွက် အုတ်မြစ်ချခြင်းတို့သည် များစွာအကျိုးရှိပေသည်။ အင်္ဂလိပ်ကကျူးကျော်တိုက်ခိုက် သိမ်းပိုက်သဖြင့် သီပေါမင်းပါတော်မူပြီး မြန်မာဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခဲ့သကဲ့သို့ပင် မြန်မာဘုရင်က ကျူးကျော်တိုက်

ခိုက်သိမ်းပိုက်၍ ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးခဲ့ခြင်းမှာ မည်သူမျှ ငြင်း၍ မရသောသမိုင်းဖြစ်ရပ်ပင်။

ယင်းကို အထိမ်းအမှတ်ပြု ကျင်းပသည့် အခမ်းအနားမျိုးများအား အစိုးရအာဏာပိုင်များကိုယ်တိုင် တက်ရောက်ချီးမြှင့်ရမည့်အစား ဤမျှထင်ရှားသည့် သမိုင်းဖြစ်ရပ်ကို ဥပက္ခာပြု၊ စော်ကား၊ ခြေဖြင့် နင်းခြေဖျက်ဆီးရာရောက်စေသည့် အပြုအမူကို ပြုခြင်းမှာ သမိုင်းတွင် ရိုင်းလွန်းသည့် အစိုးရဟု ကင်ပွန်းတပ်ရမည်ဖြစ်သည်။

## နိုင်ငံရေး အရ တာဝန်ရှိမှု

ဒေါ်အောင်ဆန်းစုကြည် အဓိကခေါင်းဆောင်နေသည့် NLD အစိုးရတွင် တကယ့်အာဏာမရှိ၊ အပေါ်ယံမျှသာ ရှိကြောင်း ပြည်သူလူထု အများစုကြီး မသိကြ။ ဒီမိုကရေစီအစိုးရ တက်နေပြီဟူ၍သာ အကြမ်းဖျင်း နားလည်ထားကြသည်။ လူထုက ငြိမ်းချမ်းစွာစုဝေးရန် ကြိုးပမ်းခြင်းအား အကြမ်းဘက် သတ်ဖြတ်ဖြိုခွဲခြင်းဖြင့် ဒီမိုကရေစီအစိုးရလဲ စစ်အာဏာရှင်အစိုးရလိုပါဘဲလားဟု ကောက်ချက်ဆွဲကာ ဒီမိုကရေစီ၏ ကောင်းမြတ်သည့်အနှစ်သာရကို ထိခိုက်နိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ခေါင်းဆောင်တွေလဲ မြန်မာတွေဘဲ၊ မြန်မာစစ်ခေါင်းဆောင်တွေလဲ မြန်မာတွေဘဲ၊ မြန်မာ မြန်မာချင်း ပေါင်းမိသွားကြပြီ။ မြန်မာမဟုတ်တဲ့ ငါတို့တိုင်းရင်းသားတွေကို ဆက်လက်ဖိနှိပ်သတ်ဖြတ်ဦးမှာဘဲဟူ၍ လူမျိုးရေးမုန်းတီးမှုများ ပွါးများလာနိုင်သည်။

ယင်းကဲ့သို့ ဖောက်ပြန်သည့် အာဏာမျိုးအောက်တွင် ငါတို့ တိုင်းရင်းသားတွေ လိုလားတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်အား ငြိမ်းချမ်းစွာတောင်းဆိုနေသမျှ မည်သို့မျှ ရနိုင်ဘွယ်မရှိ။ လက်နက်ကိုင် ခုခံစစ်ဆင်နွှဲပြီး ကိုယ်လိုချင်တဲ့ နိုင်ငံရေး ရည်မှန်းချက်အား ရအောင် ဖော်ဆောင်ခြင်းသည်သာ တခုတည်းသော လမ်းကြောင်းဖြစ်သည်ဟူသော ဆုံးဖြတ်ချက်မျိုး ရခိုင်လူငယ်များအကြားတွင် ပိုမိုပျံ့ပွါးသွားနိုင်သည်။ ယင်းတို့ အပေါ်တွင် နိုင်ငံရေးအရ တာဝန်ရှိသည်။

## ငြိမ်းချမ်းမှု ရှာဖွေရေး ဖြစ်စဉ်အရ တာဝန်ရှိမှု

လတ်တလော ဖော်ဆောင်လျက်ရှိနေသော ငြိမ်းချမ်းမှု ရှာဖွေရေးဖြစ်စဉ်ဟူသည်တွင် အရင်းခံအကျဆုံးပြဿနာမှာ မိမိတို့လိုချင်သည့် ငြိမ်းချမ်းမှုဟူသည်မှာ မည်သည့်အရာနည်းဟူ၍ အစိုးရအာဏာပိုင်များအပါအဝင် မည်သည့်နိုင်ငံရေးအင်အားစုများကမှ မဖော်ထုတ်ကြခြင်း၊ တူညီသော ဘုံရည်မှန်းချက် ဖြစ်လာစေရန် မကြိုးပမ်းကြခြင်း ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု အခြေခံတွင် တိုင်းရင်းသား ပြည်နယ်များ ကိုယ်ပိုင်

ပြဋ္ဌာန်းခွင့် ရရှိပါက ငြိမ်းချမ်းမှု ရလိမ့်မည်ဟု (လက်နက်ကိုင်သည် ဖြစ်စေ၊ မကိုင်သည် ဖြစ်စေ) တိုင်းရင်းသား နိုင်ငံရေးအင်အားစု အများစုကြီးက ဆိုကြသည်။ ဤသည်မှာ မမှားပါ။ သို့ရာတွင် မပြည့်စုံ။

ကာချုပ် မင်းအောင်လှိုင်ခေါင်းဆောင်သည့် မြန်မာစစ်ခေါင်းဆောင်များက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ လက်နက်ချလိုက်ကြလျှင် ငြိမ်းချမ်းမှုရလိမ့်မည် ဟူ၍ ဦးတည်ကြိုးပမ်းလျှက်ရှိသည်။ ယင်းမှာမှုလုံးဝပင် လွဲချော်လျက်ရှိသည်။အမြင်တိမ်လွန်း၊ တဖက်သတ်ဆန်လွန်းပြီး ဆယ်စုနှစ်ပေါင်း မြောက်များစွာ လူထုအပေါ် အကြမ်းဖက် ဖိနှိပ်သတ်ဖြတ်ခဲ့သည့် မြန်မာစစ်တပ်အနေဖြင့် တရားဝင်တည်ရှိစေရေးကိုသာ ဦးတည်သည်။ အဆိုပါ ကြိုးပမ်းမှုသည် မည်သည့်အခါတွင်မျှ အောင်မြင်နိုင်ခြေမရှိ။ အောက်ပါအခြေအနေ သုံးရပ်တပြိုင်တည်း တည်ရှိပါက ငြိမ်ချမ်းမှုရပြီဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။

(က) မတရား အကြမ်းဖက် ဖိနှိပ်မှုများမရှိခြင်း။
(ခ) တဦးချင်း အခွင့်အရေးကို ဖြစ်စေ၊ စုပေါင်းအခွင့်အရေးကို ဖြစ်စေ၊ မတရား အကြမ်းဖက် ချိုးဖောက်မှုများ မရှိခြင်း။
(ဂ) မတရား အကြမ်းဖက် ဖိနှိပ် ချိုးဖောက်မှုများ ရှိလာခဲ့သော် ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်စွမ်းရှိသည့် တိုင်းပြည်အဆောက်အအုံများတည်ရှိခြင်း။ (လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်သည့် တရားစီရင်ရေးက ထိပ်ဆုံးမှ ပါဝင်လျက်)

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း အခမ်းအနားကျင်းပရန် တောင်းဆိုနေသောလူထုအား သတ်ဖြတ်ဖြိုခွဲခဲ့ခြင်းမှာ မတရားအကြမ်းဖက်ဖိနှိပ်ခြင်း ဖြစ်သည်။ တဦးချင်း အခွင့်အရေးကိုရော စုပေါင်းအခွင့်အရေးကိုပါ ချိုးဖောက်ရာ ရောက်သည်။ သို့ရာတွင် ချိုးဖောက်ခံရသူ အပြစ်မဲ့ပြည်သူလူထုများက ဖိနှိပ်သူ အစိုးရအာဏာပိုင်များအပေါ် ထိရောက်စွာ တိုင်တန်းအရေးယူ ဆောင်ရွက်နိုင်သည့် တိုင်းပြည် အဆောက် အအုံ (State Institution) စိုးစဉ်းမျှ မရှိ။ ရဲတပ်ဖွဲ့ရှိသော်လည်း ရဲတပ်ဖွဲ့ကိုယ်တိုင်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၃၃၈) အရ မြန်မာစစ်တပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိနေသည်။

ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည့်အစား မြန်မာစစ်တပ်က ခိုင်းတာလုပ်ရသည့်ဘဝ ဖြစ်နေသည်။ ရဲတပ်ဖွဲ့အပါအဝင်အစိုးရယန္တရားများက လူထု၏ အခြေခံအခွင့်အရေးများအား ချိုးဖောက်ကျူးလွန်ပါက အရေးယူဆောင်ရွက်နိုင်စွမ်းရှိသည့် (အစိုးရမဟုတ်သော်လည်း အစိုးရကဲ့သို့ အာဏာရှိသည့်) Ombudsman အွန်ဘတ်စ်မင်ကဲ့သို့သော အာဏာပိုင်မျိုးမရှိ။ တရားစီရင်ရေး ယန္တရား

ကိုယ်တိုင်ကလည်း ဖောက်ပြန်ပျက်စီးကာ (လူထုကအားကိုးရမည့်အစား) ၎င်းတို့ ကိုယ်တိုင်က အာဏာကိုကြောက်၊ လာဘ်စားမှု သံသရာတွင် နစ်မွန်းနေကြသည်။

သို့ဖြစ်၍ အဆိုပါ အခမ်းအနားတွင် မတရားအကြမ်းဖက် ဖိနှိပ်သတ်ဖြတ်ခြင်းခံရသည့် ပြည်သူလူထုများအတွက် ငြိမ်းချမ်းမှုသည် အဘယ်မှာနည်း။ မတရားအကြမ်းဖက် ဖိနှိပ်သတ်ဖြတ်ခြင်း ခံလိုက်ရကြောင်း အသိအမှတ်ပြုခြင်းမခံရ။ အစိုးရအာဏာ ပိုင်များ ထံမှ လှိုက်လှဲစွာ ဝမ်းနည်းတောင်းပန်သည့် စကားသံများမကြားရ။ သတ်ဖြတ်မှု ကျူး လွန်ခဲ့သည့် ရဲများနှင့် ၎င်းတို့အထက်မှ အမိန့်ပေးခဲ့သည့် မြန်မာစစ်ခေါင်းဆောင်များ အား ဖော်ထုတ်အရေးယူမှု လုံးဝမရှိ၊ အသက်တချောင်းနှင့်အညီ ထိုက်တန်သည့် လျော်ကြေးနှင့် အခြားကုစားခွင့်များ စိုးစဉ်းမျှမရ။ အလားတူဖြစ်ရပ်မျိုးမှာ တပြည်လုံး နေရာအနှံ့အပြားတွင် ဖြစ်ပွါးလျက်ရှိသည်။

တရားမျှတမှု ကင်းမဲ့နေသမျှ ပြည်သူလူထုအတွက် ငြိမ်းချမ်းမှုသည် ဆက်လက် ပျောက်ဆုံးနေဦးမည် ဖြစ်သည်။ အနိမ့်ဆုံးအားဖြင့် ဒေါ်အောင်ဆန်းစုကြည် ခေါင်း ဆောင်သည့် NLD အစိုးရသည် ဝတ်ကောင်း စားလှများ အရောင်စုံဝတ်ဆင်ပြီး အနှစ်သာရကင်းမဲ့သည့် ငြိမ်းချမ်းရေးညီလာခံ ဟူသည်များအား အပေါ်ယံဟန်ပြ တက်ရောက်ပြီး နိုင်ငံရေး အမြတ်ယူနေမည့်အစား ပြည်သူလူထုအတွက် စစ်မှန်သည့် ငြိမ်းချမ်းမှုကို ဦးတည်ကြိုးပမ်းသင့်သည်။

## ဥပဒေကြောင်းအရ တာဝန်ရှိမှု

တရားမျှတမှု ဆိတ်သုဉ်းနေသမျှ ငြိမ်းချမ်းမှုမရနိုင်။ ဥပဒေစိုးမိုးရေး ကင်းမဲ့နေသမျှ ကာလပတ်လုံးလည်း မည်သည့်အခါတွင်မျှ တရားမျှတမှု ခံစားနိုင်ဖွယ်မရှိ။ ငြိမ်းချမ်း စွာစုဝေး၊ ဆန္ဒထုတ်ဖော်သည့် ပြည်သူလူထုအား အစိုးရအာဏာပိုင်များက သေနတ် ဖြင့် ပစ်ခတ်သတ်ဖြတ် နှိမ်နင်းခွင့် ပြုထားသည့် မည်သည့်ဥပဒေ လုပ်ထုံးလုပ်နည်းမျှ မြန်မာနိုင်ငံတွင်မရှိ။

သမ္မတဟောင်းဦးသိန်းစိန်နှင့် ဦးထင်ကျော်တို့၏ ဆောင်ရွက်ခဲ့မှုများအား ၂၀၀၈ ဖွဲ့စည်းပုံ အောက်တွင် သမ္မတသစ်အနေဖြင့် ဆက်ခံကာ တက်ရောက် တာဝန်ယူလာ သည့် ဦးဝင်းမြင့်တွင် ယခုမြောက်ဦးသတ်ဖြတ်မှုကဲ့သို့ အရေးပါသည့် ဥပဒေကြောင်း ကိစ္စများအား တနိုင်ငံလုံး လူထုတရပ်လုံးသိအောင် ရှင်းပြရန် ပို၍တာဝန်ရှိသည်။ အဘယ်ကြောင့် ဥပဒေသမား ဖြစ်ကြောင်းနှင့် တရားရုံးချုပ် ရှေ့နေဘဝ ကနေ လာကြောင်းကို ၎င်းကိုယ်တိုင်က မကြာခဏ ထုတ်ဖော်လေ့ရှိခြင်း ကြောင့်ပင်။

ငြိမ်းချမ်းစွာစုဝေး၊ ဆန္ဒထုတ်ဖော်သည့် လူထုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၁) အရ ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးမဟုတ်။ အရေးကြီးသည့် အင်္ဂါရပ်တရပ်မှာ ထိုလူစုလူဝေးသည် တူညီသောရည်ရွယ်ချက်ကို အကြမ်းဖက်၍ အကောင်အထည်ဖော်မှသာ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်သည်။

(အီစမေနှင့်အစိုးရ (၁၉၉၇-၀၁) အထက်မြန်မာနိုင်ငံစီရင်ထုံး ၂၅၉။ ဦးသက်ဖေ တရားရုံးချုပ် တရားသူကြီးချုပ် အငြိမ်းစားပြုစုသော ပြစ်မှုဆိုင်ရာ ဥပဒေ၏ သီကောင်း စရာများ စာမျက်နှာ ၂၁၇)

ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးအဖြစ် သတ်မှတ်စေဦးတော့ သေစေလောက်သော လက်နက်ကို ကိုင်စွဲလျက် ယင်းအစုအဝေးတွင် ပါဝင်သူအား ပစ်ခတ် သတ်ဖြတ်ခွင့် မရှိ။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၄၄ အရ ၎င်းအားဖမ်းဆီးကာ (ရုံးတင်စစ်ဆေးပြီး) (၂) နှစ် အထိ ထောင်ဒဏ်၊ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံး ချမှတ်ရမည်။

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပုဒ်မ၁၂၇။ မည်သည့်ရာဇဝတ်တရားသူကြီး၊ (သို့မဟုတ်) ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူး၊ (သို့မဟုတ်) ဒုရဲအုပ်အောက် အဆင့်မနိမ့်သော ရဲအရာရှိကမဆို တရားဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေး တစ်စုံတစ်ရာကို၊ (သို့မဟုတ်) အများပြည်သူတို့ ငြိမ်းချမ်းခြင်းကို နှောင့်ယှက်ဖျက်ဆီးရန်ရှိသော လူ(၅) ဦးဖြစ်စေ၊ ၎င်းထက်ပို၍ဖြစ်စေ စုဝေးသည့် အစုအဝေးတစုံတရာကို လူစုခွဲစေရန် အမိန့်ပေးနိုင်သည်။ ထိုကဲ့သို့ အမိန့်ပေးသည့်အခါတွင်လည်း ၎င်းအစုအဝေးတွင် ပါဝင်သူတို့သည် အမိန့်ပေးခဲ့သည့်အတိုင်း လူစုခွဲရန် တာဝန်ရှိသည်။ လူစုခွဲရန် အမိန့်ပေးသော်လည်း လူစုမခွဲပါက ပစ်ခတ်သတ်ဖြတ်ခွင့်မရှိ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၄၅) အရ လူစုမခွဲသူများကိုဖမ်းဆီးကာ ( ရုံးတင်စစ်ဆေးပြီး) (၂) နှစ်အထိ ထောင်ဒဏ်၊ ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံးချမှတ်ရမည်။

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

ပုဒ်မ၁၂၈။ ထိုကဲ့သို့ အမိန့်ပေးသော်လည်း လူစုခွဲခြင်းမပြုလျှင် (သို့မဟုတ်) ထို့သို့ အမိန့်မပေးပါက လူစုလူဝေးကို မချမဖျက်မည့် အကြောင်းထင်ရှားစေသည့် အမူအရာကို ပြုလုပ်လျှင် မည်သည့်ရာဇဝတ်တရားသူကြီး၊ (သို့မဟုတ်) မည်သည့်ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး၊ (သို့မဟုတ်) ဒုရဲအုပ်အောက်အဆင့် မနိမ့်သော ရဲအရာရှိကမဆို

ထိုအစုအဝေးကို လူစုခွဲအောင် အင်အားသုံး၍ ပြုလုပ်နိုင်သည်။ ထို့သို့ပြုလုပ်ရာတွင် ကြည်း၊ ရေ၊ လေ တပ်သားအရာရှိမဟုတ်သူ၊ (သို့မဟုတ်) မြန်မာနိုင်ငံနယ်ခြားတပ် အက်ဥပဒေ၊ (သို့မဟုတ်) မြန်မာနိုင်ငံ အရံတပ်အက်ဥပဒေအရ လက်နက်ကိုင် မဟုတ်သူ မည်သည့် အမျိုးသားကိုမဆို အကူအညီ တောင်းနိုင်သည်။ ထိုသူများကို အင်အားပြုလုပ်၍ လူစုခွဲရမည်။ လိုအပ်လျှင် အစုအဝေးတွင် ပါဝင်သူတို့ကို လူစုခွဲရန်၊ (သို့မဟုတ်) တရားဥပဒေနှင့်အညီ ပြစ်ဒဏ်စီရင်နိုင်ရန် ဖမ်းဆီး ချုပ်နှောင်နိုင်သည်။

အထက်ပါ ပြဋ္ဌာန်းချက်တွင် လူစုခွဲအောင် အင်အားသုံး၍ ပြုလုပ်နိုင်သည် ဟူသည်မှာ ပစ်ခတ်သတ်ဖြတ်ခြင်းကို လုံးဝပင်ရည်ညွှန်းခြင်းမရှိ။ ယင်းကို အထောက်အပံ့ဖြစ်စေသည့် အခြားမည်သည့် ဥပဒေပြဋ္ဌာန်းချက်မျှလည်းမရှိ။ လူအင်အားအကူအညီကို ရယူခြင်း၊ နံပါတ်တုတ်များ၊ မီးသတ်ပိုက်များ၊ မျက်ရည်ယိုဗုံးများ အသုံးပြုခြင်း အစရှိသည်တို့ကို ဆိုလိုသည်။ ဥပဒေတွင် ပစ်ခတ်သတ်ဖြတ်ခွင့် ပြုထားခြင်း လုံးဝမရှိ။ ရဲလက်စွဲတွင်လည်း မရှိ။

## ရဲလက်စွဲ

အပိုဒ် ၁၄၄။ ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောရဲအရာရှိ (သို့မဟုတ်) ရဲစခန်းမှူးသည် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် မည်သည့် စီတန်းလှည့်လည်ခြင်းကိုမဆို ဟန့်တားနိုင်သည်။ ထို့အပြင် ၎င်းတို့သည် ထိုအခြေအနေများကို ဖောက်ဖျက်သော လူစုလူဝေး (သို့မဟုတ်) စီတန်းလှည့်လည်နေသူများကို လူစုကွဲစေရန် ၎င်းက အမိန့်ပေးနိုင်သည်။ အထက်တွင် ဖော်ပြထားသောအမိန့်ကို လိုက်နာရန် ငြင်းဆိုသော (သို့မဟုတ်) လျစ်လျူရှုသော အစုအဝေးသည် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်သည်။

အပိုဒ် ၁၄၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၇/၁၂၈ နှင့် ၅၅၁ အရ ရဲစခန်းနှင့် ၎င်းအထက်အရာရှိ တဦးက လူစုခွဲရန်ငြင်းဆိုသည့် ဥပဒေနှင့် ဆန့်ကျင်သော မည်သည့် အစုအဝေးကိုမဆို အတင်းအကြပ် လူစုခွဲစေနိုင်သည်။

အပိုဒ်၁၄၉။ အကယ်၍ တစ်ဦးတစ်ယောက် (သို့မဟုတ်) အများ၏အပြုအမူ (သို့မဟုတ်) ပေါ့လျော့မှုများကြောင့် အဓိကရုဏ်းဖြစ်မှု (သို့မဟုတ်) ငြိမ်ဝပ်ပိပြားစေမှုတို့ကို ခြိမ်းခြောက်လာလျှင် ခရိုင်ရဲတပ်ဖွဲ့မှူးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ် ၁၄၉နှင့် ရဲအက်ဥပဒေပုဒ်မ ၁၃/၁၄ အရ၎င်းအပေါ် ကျရောက်နေသော ပြစ်မှုကျူးလွန်သူများကို ကာကွယ်ရန်တာဝန်ရှိသည့်အတိုင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄/၁၄၅ အရ

ခရိုင်တရားသူကြီးထံ လျှောက်ထားရန် သင့်/မသင့်ကို စဉ်းစားရမည်။ ထိုသို့တင်သွင်းမည်ဆိုပါက တိုင်ကြားခံရသူ တဦး (သို့မဟုတ်) တစ်ဦးချင်းစီ (သို့မဟုတ်) ယေဘူယျအားဖြင့် ပြည်သူလူထုက အမိန့်ထုတ်ပြန်ပေးရန် တောင်းဆိုရသည်။ သို့မဟုတ်ပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၀၇၊ အရ ငြိမ်ဝပ်ပိပြားရေးကို ထိပါးကျူးလွန်သူတဦး (သို့မဟုတ်) အများအတွက် အမိန့်ထုတ်ပြန်ထားပေးရန် လျှောက်ထားသင့်/မသင့်ကို စဉ်းစားရမည်။

ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာကျဆုံးခြင်း အခမ်းအနားတွင် ငြိမ်းချမ်းစွာစုဝေးသည့်လူထုအား သတ်ဖြတ်ခဲ့ခြင်း၊ ပြင်းထန်စွာ ဒဏ်ရာများရစေခြင်းတို့သည် တည်ဆဲ မည်သည့်ဥပဒေကမျှ ခွင့်ပြုချက် ပေးမထားသော ရာဇဝတ်မှုကြီးဖြစ်သည်။ ဤပြစ်မှုကြီးကို မြေပြင်တွင် လက်တွေ့ကျူးလွန်သူများမှာ ရဲတပ်ဖွဲ့ဖြစ်သည်။ ကျူးလွန်ရန် အမိန့်ပေး စေခိုင်းသူများမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရဲတပ်ဖွဲ့ကို တိုက်ရိုက်ကွပ်ကဲလျက်ရှိသော မြန်မာစစ်ခေါင်းဆောင်များဖြစ်သည်။ ပြစ်မှုကျူးလွန်သူများ၏ အမည်စာရင်း အတိအကျကို ဖော်ထုတ်ကာ လူသတ်မှု၊ လူသတ်မှုကျူးလွန် ရန်အားထုတ်မှု၊ အပြင်းအထန် နာကျင်စေမှုများဖြင့် အရေးယူတရားစွဲဆိုကာ ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်သည်။ ဤမျှနှင့် မလုံလောက်။

ဥပဒေစိုးမိုးရေးအား တတွတ်တွတ်ရေရွတ်လျက်ရှိသော ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်တို့ ခေါင်းဆောင်လျက်ရှိသည့် NLD အစိုးရသည် ဥပဒေစိုးမိုးရေးစနစ်တခုလုံးကို ပြင်ရန်တာဝန်ရှိသည်။ တိုင်းပြည်အဆောက်အအုံ (State Institutions) တစ်ခုလုံးကို ပြောင်းလဲရန်တာဝန်ရှိသည်။ ရဲတပ်ဖွဲ့အပါအဝင် အခြားလက်နက်ကိုင်တပ်ဖွဲ့ မှန်သမျှအား မြန်မာစစ်တပ်အောက်တွင် ထားရှိကျင့်သုံးလျက်ရှိသော စနစ်ကိုလုံးဝပယ်ဖျက်လိုက်ရမည်။ မြောက်ဦးလူသတ်ပွဲတွင် သေဆုံးဒဏ်ရာရ ဘဝနစ်နာပျက်စီးသွားကြရသော မိသားစုများအား လုံလောက်သည့် လျော်ကြေးငွေများနှင့် အခြားကုစားမှုများပေးအပ်ရမည်။ ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အချာအာဏာကျဆုံးခြင်း အခမ်းအနားတွင် ငြိမ်းချမ်းစွာစုဝေးသည့်လူထုအား တောင်းပန်ရန်တာဝန်ရှိသည်။ သမိုင်းကိုပြန် လည်ဖော်ထုတ် အသိအမှတ်ပြုသည့် အလားတူအခမ်းအနားမျိုးများအား ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးတွင် ဂုဏ်သိက္ခာရှိစွာ ကျင်းပခွင့်ပြုရန် တာဝန်ယူ ဆောင်ရွက်သင့်ကြပေသည်။

ဦးအောင်ထူး
လူ့အခွင့်အရေးရှေ့နေ၊ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ
(ဧပြီလ ၁၁ ရက် ၊၂၀၁၉ ခုနှစ်)

မြောက်ဦးလူသတ်ပွဲ ဖြစ်စဉ်နှင့်ပတ်သက်၍ အစိုးရ၏လုပ်ရပ်သည် ပြည်သူလူထုအား လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်အောင် တွန်းအားပေးသကဲ့သို့ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံတကာ ရဲလုပ်ထုံးလုပ်နည်းနှင့် လူအုပ်စုဖြိုခွဲနည်းများကို လိုက်နာ ကျင့်သုံးခဲ့ခြင်း မရှိခဲ့ဘဲ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများကို ချိုးဖောက်ခဲ့ကြောင်း မြန်မာနိုင်ငံမှ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများမှ ထောက်ပြဝေဖန် ကြသည်။



"ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ဟာ အခြေခံကျတဲ့ လူ့အခွင့်အရေး တခုဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကို လေးစားဖို့က အစိုးရရဲ့ လူ့အခွင့်အရေးအပေါ် လေးစားခြင်း (Respect) ဆိုတဲ့တာဝန် ဖြစ်ပါတယ်။ အစိုးရအနေနဲ့ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုကို ခွင့်ပြုဖို့လိုသလို ပြည်သူတွေရဲ့ ဆန္ဒထုတ်ဖော်ရတဲ့ အကြောင်းရင်းတွေကို သဘောပေါက်ပြီး မလိုလားအပ်တဲ့ အကျိုးဆက်တွေမဖြစ်ခင် ဖြေရှင်းဖို့လိုအပ်ပါတယ်။

မြောက်ဦးမှာဖြစ်ခဲ့တဲ့ အခြေအနေကိုကြည့်ရင် ရခိုင်ပြည်သူတွေကို လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်ဖို့ အစိုးရက တွန်းပို့လိုက်သလို ဖြစ်နေတာကို လေ့လာမိတယ်။ စာပေဟောပြောပွဲကို အနီးကပ်မှ ပိတ်ပင်လိုက်တဲ့အခါ ပြည်သူတွေက မကျေမနပ်ဖြစ်ကုန်တယ်။ ဒီလိုဖြစ်တတ်တဲ့ ဘဝေဘာသဘာဝကို အစိုးရတာဝန်ရှိသူတွေက သဘောပေါက်ပြီး မဖြစ်အောင် နည်းလမ်းရှာဖို့ လိုအပ်တယ်။ အခုတော့ နောက်ထပ်အင်အားသုံး ဖြေရှင်းမှုတွေကို လုပ်တယ်။ ဘာကြောင့်လုပ်တယ်ဆိုတာကို စစ်ဆေးမှုမလုပ်ဘူး၊ ဒီအတွက်ကြောင့် ဒီလိုအပြုအမူတွေကို ဆန့်ကျင်ကန့်ကွက်ပါတယ်"။

*Aung Myo Min , Executive Director (Equality Myanmar)*



"မြောက်ဦးသမိုင်းမှန်ဖေါ်ထုတ်မှု စုဝေးပွဲဟာ ရခိုင်ပြည်သူလူထုက သူတို့ရဲ့ အခြေခံ လူ့အခွင့်အရေးဖြစ်တဲ့ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်ကို ငြိမ်းချမ်းစွာဖေါ်ဆောင် ခြင်း ဖြစ်တယ်။ အဲ့ဒီအပေါ်မှာ အစိုးရအာဏာပိုင်တွေအနေနဲ့ ပြည်သူတွေရဲ့ သဘော ဆန္ဒကို နားထောင်သင့်တယ်။ ကြားအောင်ပြောချင်တဲ့ ပြည်သူတွေကို ခွင့်ပြုသင့်တယ်။ အထူးသဖြင့် အခုလိုငြိမ်းချမ်းရေးကိုဖေါ်ဆောင်ဖို့ ကြိုးစားနေချိန်မှာ တိုင်းရင်းသား လူထုအသံကို အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံနဲ့ နလုံးသားဖွင့် နားထောင်ဖို့ အရေးကြီးတယ်။ နားထောင်သင့်တယ်။ နောက်တခုက လွတ်လပ်စွာ စည်းရုံးထုတ် ဖေါ်ပြောဆိုခွင့်ဆိုတာ ဒီမိုကရေစီ တည်ဆောက်ရာမှာ အရေးကြီးတဲ့ အခြေခံအုတ်မြစ် တခု ဖြစ်တယ်။ ဒါကိုမပိတ်ပင်ဘဲ ကာကွယ်မြှင့်တင်ဖို့ ပိုကြိုးစားရမယ့် အချိန်လည်း ဖြစ်ပါတယ်။

အခုလိုရခိုင်တိုင်းရင်းသားတွေရဲ့ သမိုင်းကိုဖေါ်ထုတ်ဖို့ ငြိမ်းချမ်းစွာ စည်းရုံးလှုပ်ရှား တာကို လူ့အခွင့်အရေးအရရော၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံအရရော၊ ဒီမိုကရေစီတည်ဆောက်ရေးအတွက်ရော၊ အသိအမှတ်ပြု ယုံကြည်မှုတည်ဆောက် ရမဲ့အစား ခုလိုအကြမ်းဖက်ဖြိုခွဲတာကို ရှုံ့ချကန့်ကွက်ပါတယ်။ တာဝန်ရှိသူ အစိုးရ အာဏာပိုင်တွေအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုဖေါ်ဆောင်ရပါမယ်။ အဖြစ်မှန်ကိုစုံစမ်း စစ်ဆေး၊ ပြည်သူကိုချပြပြီး တာဝန်ရှိသူတွေကို အရေးယူသင့်ပါတယ်။ နစ်နာသူတွေကို တာဝန်ယူပေးတာတွေ၊ တောင်းပန်တာတွေ အမြန်ဆုံးအကောင်အထည်ဖော် လုပ် ဆောင်ဖို့ လိုပါတယ်၊"

ဒေါ်ခင်ဥမ္မာ

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ရှေ့ပြေးအသံ

(Progressive Voice)

# အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ

ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

## ရခိုင်ပြည်နယ်မြောက်ဦးမြို့ အဖြစ်အပျက်အပေါ် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၏သဘောထားထုတ်ပြန်ချက်

ရက်စွဲ။ ။၂၀၁၈-ခု၊ဇန္နဝါရီလ(၁၈)ရက်

ပြာသိုလကွယ်နေ့သည် ရခိုင့်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးခဲ့သည့် နေ့တစ်နေ့ဖြစ်ပေသည်။ ၎င်းနေ့တွင်ဝမ်းနည်းဖွယ်အထိမ်းအမှတ်အဖြစ် အခမ်းအနားကျင်းပရန် သက်ဆိုင်ရာသို့တင်ပြခဲ့သော်လည်းခွင့်ပြုချက်မရရှိခဲ့ကြောင်းကြားသိရသည်။

ထိုသို့ခွင့်ပြုချက်မရရှိခြင်းကိုအကြောင်းပြုပြီးမြောက်ဦးမြို့ရှိပြည်သူများမှဆန္ဒဖော်ထုတ်မှုပြုလုပ်ခဲ့ကြရာဆန္ဒဖော်ထုတ်သူများကို လက်နက်ဖြင့်နှိမ်နင်းခဲ့သဖြင့် ရခိုင်လူငယ်(၇)ဦးအသက်ရှုံးဆုံးခဲ့ရပြီး၊ (၁၀) ကျော်ထိခိုက်ဒါဏ်ရာပြင်းထန်စွာရရှိကြောင်းသိရှိရသည်။

ဤဖြစ်ပျက်မှုတွင် အသက်ဆုံးရှုံးသွားခဲ့ကြရသော ရခိုင်ပြည်သားများအတွက်များစွာ စိတ်မကောင်းဖြစ်ရသည့်အပြင် ၎င်းတို့၏မိသားစုဝင်များ ရခိုင်ပြည်သူပြည်သားများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေသောနိုင်ငံတစ်ခုတွင် လွတ်လပ်စွာဆန္ဒဖော်ထုတ်ခြင်း၊ စိတ်နေလမ်းလျှောက်ခြင်း၊ စုဝေးဆွေးနွေးခြင်းတို့သည် ဒီမိုကရေစီစနစ်၏လုပ်ရိုးလုပ်စဉ်တို့ ဖြစ်ပြီး လွတ်လပ်စွာစိတ်နေလမ်းလျှောက်ခွင့်၊ စုဝေးခွင့်တို့ကို အကြမ်းဖက်မှုဖြင့် နှိမ်နင်းဖြေရှင်းသည်မှာ ဒီမိုကရေစီကျင့်စဉ်နှင့် ဖီလာဆန့်ကျင်လျှက်ရှိနေကြောင်းသုံးသပ်မိပါသည်။ မလွဲမရှောင်သာသော အခြေအနေရောက်ရှိလာခဲ့ပါလျှင်လည်းအသက်အန္တရာယ်ဖြစ်စေတတ်သော လုပ်နည်းလုပ်ဟန်များကိုရှောင်ရှား၍ အဆင့်ဆင့်သော ဥပဒေလုပ် ထုံးလုပ်နည်းများဖြင့်သာ ဆောင်ရွက်သင့်သည်ဟုမိမိတို့မှရှုမြင်သည်။

ထိုဆန္ဒဖော်ထုတ်မှုတွင် အသက်သေဆုံးမှု၊ ထိခိုက်ဒါဏ်ရာရရှိသည်အထိ ဖြစ်ပွားမှုတို့နှင့်ပတ်သက်၍တရားဥပဒေအရထိရောက်စွာအရေးယူဖြေရှင်း ဆောင်ရွက်ရန်နိုင်ငံတော် အစိုးရထံသို့မိမိတို့ပါတီမှ တောင်းဆိုလိုက်သည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

ရခိုင်ပြည်အမျိုးသားကောင်စီ

**Arakan National Council**

Head Office, Email: anc.hq1@gmail.com

## မြောက်ဦးမြို့ ဆန္ဒထုတ်ဖော်ပွဲအပေါ် အစိုးရအာဏာပိုင်များမှ အကြမ်းဖက်နှိမ်နင်းမှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့တွင် ရခိုင်ပြည်၏ ရှေ့ဟောင်းမြို့တော် မြောက်ဦး၌ (၂၃၃)နှစ်မြောက် ရခိုင့်အချုပ်အခြာအာဏာကျဆုံးခြင်းအထိမ်းအမှတ် အခမ်းအနားအစီအစဉ်တချို့ကို ဒေသအစိုးရအာဏာပိုင်များ၏ ပိတ်ပင်တားဆီးမှုကြောင့် မြို့ခံလူထု၏ဆန္ဒထုတ်ဖော်မှုအပေါ် အကြမ်းဖက်ဖြိုခွင်းခဲ့သောကြောင့် အရပ်သား အနည်းဆုံး (၇) ဦးသေဆုံးပြီး၊ (၁၅)ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြကြောင်း သိရှိရပါသည်။ ဤကဲ့သို့ ဆန္ဒထုတ်ဖော်မှုကို အစိုးရအာဏာပိုင်များမှ အကြမ်းဖက်ဖြိုခွဲခြင်းအပေါ် ပြင်းထန်စွာ ရှုတ်ချပါသည်။

ဤဖြစ်ရပ်သည် မြန်မာစစ်ခေါင်းဆောင်များအနေဖြင့် ရခိုင်ပြည်နှင့် ရခိုင်ပြည်သူလူထုအား ကျွန်ပြုခံလူ့အဖွဲ့အစည်းတရပ်အဖြစ် ယနေ့အချိန်ထိ သဘောထားဆက်ဆံနေသေးကြောင်း ထင်ရှားစွာ ပြသလိုက်ခြင်းပင် ဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် ရည်မှန်းချက်ထား ကြိုးပမ်းနေသည်ဆိုသော ကာလမှာပင် အပြစ်မဲ့ပြည်သူလူထုကို ရန်သူသဖွယ် သဘောထားပြီး ဥပဒေမဲ့ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်နေသည်မှာ ယနေ့မြန်မာအစိုးရနှင့် တပ်မတော်မှ ကျင့်သုံးလျက်ရှိသော နိုင်ငံရေးယဉ်ကျေးမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်စရာပင်ဖြစ်ပါသည်။

မြန်မာအစိုးရနှင့် တပ်မတော်ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာ၊ မတရားညှဉ်းပန်းနှိပ်စက်ခံခဲ့ရသော ပြည်သူလူထု၏ ဂုဏ်သိက္ခာကို ထောက်ထားပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် အမြန်ဆုံးစိစစ်ဆောင်ရွက်ပေးရန်နှင့် ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာအရေးယူပေးရန် တောင်းဆိုလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)

**United League of Arakan (ULA)**

**ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်**

**ထုတ်ပြန်ကြေညာချက်**

**အမှတ်၊ ၁ / ၂၀၁၈**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်

၁၃၇၉ - ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်၊ ည(၁၀)နာရီ (၄၅)မိနစ်တွင် ရခိုင်ပြည်၊ မြောက်ဦးမြို့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ "၂၃၃-နှစ်မြောက် ရက္ခိုင်ဘုရင့်နိုင်ငံတော်အချုပ်အချာအာဏာကျဆုံးမှု ဝမ်းနည်းအမှတ်ရ အခမ်းအနား"အား ကျင်းပခွင့်မပြုခြင်းနှင့် ဆက်စပ်ပြီး ကျင်းပခွင့်ရရန် ဆန္ဒထုတ်ဖော်သူများအား မြန်မာအစိုးရလက်နက်ကိုင်တပ်ဖွဲ့မှ ကျည်အစစ်ပါသေနတ်ဖြင့် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ဆယ်ဦးနှင့် ဒဏ်ရာရရှိသူ တစ်ဆယ့်ငါးဦးအထက်အထိရှိခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။

မိမိတို့ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်မတော်(ULA/AA)အနေဖြင့် ရခိုင်အမျိုးသားရေးလှုပ်ရှားမှုအတွင်း ယခုကဲ့သို့ အသက်ပေးဆပ်စွန့်လွှတ်ခဲ့ကြသူများ၏ မိသားစုများနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အထက်ပါဖြစ်ရပ်နှင့်ပတ်သက်၍ လူမျိုးရေးအမုန်းတရားကို ရှေ့တန်းတင်ကာ အကြမ်းဖက်ပစ်ခတ် သတ်ဖြတ်ရာတွင် ပါဝင်သူများ၊ အုပ်ချုပ်သူလက်ရှိအစိုးရနှင့် ရခိုင်ပြည်အစိုးရတို့တွင် အပြည့်အဝတာဝန်ရှိပြီး မိမိတို့ (ULA/AA) အနေဖြင့်လည်း ၎င်းကိစ္စရပ်နှင့်ပတ်သက်ပြီး အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ကျူးလွန်သူများအား ထိရောက်ပြင်းထန်သော တုံ့ပြန်အရေးယူ ဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်

United League of Arakan (ULA)

ရခိုင်အမျိုးသားပါတီ(ရအပ)
**Arakan National Party (ANP)**
ဗဟိုဌာနချုပ်
**Headquarters**
စစ်တွေမြို့၊ ရခိုင်ပြည်နယ်
**Sittwe, Rakhine State**

No.(393), Main Road,
South Lammadaw Qr.

Ph: 043-21105
Email:anpsittwe@gmail.com

## သတင်းထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

၁။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက် (၁၃၇၉ ခုနှစ်၊ ပြာသိုလ်လကွယ်နေ့) ညဦးအချိန်၌ ဖြစ်ပွားခဲ့သည့် မြောက်ဦးမြို့၏ ပဋိပက္ခအရေးအခင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရခိုင်အမျိုးသားပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်လွှတ်တော်အကြံပေးကော်မတီအဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ အချိန်နှင့်တပြေးညီ သွားရောက်စုံစမ်းခြင်း၊ စာနာထောက်ပံ့မှုအကူအညီများ ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။

၂။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံပြီး ဖြစ်စဉ်တစ်ခုလုံးအား အသေးစိပ်မေးမြန်းစုံစမ်းခြင်း၊ မြောက်ဦးမြို့ ရတနာ့ပါလနာရေးကူညီမှုအသင်းရုံးတွင် လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြောက်ဦးမြို့၊ ရခိုင်အမျိုးသားပါတီရုံး၌ ရဟန်းသံဃာတော်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများကိုလည်း ရခိုင်အမျိုးသားပါတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပါသည်။

၃။ ရဟန်းသံဃာတော်များနှင့် ပြည်သူလူထုများအား အထူးမေတ္တာရပ်ခံတင်ပြလိုသည်မှာ - ရခိုင်ပြည်နယ်၏ လက်ရှိအနေအထားနှင့် ရခိုင့်နိုင်ငံရေးအခြေအနေမှာ အလွန်နက်နဲခက်ခဲ ရှုပ်ထွေးနေသော အနေအထားကို ရင်ဆိုင်နေကြရသည့်အလျောက် ရခိုင်အမျိုးသားလူထုတစ်ရပ်လုံးအနေဖြင့် သတိ၊ ဉာဏ်ပညာဆင်ခြင်တုံတရားများ လက်ကိုင်ထားကာ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာခြင်းဖြင့် မိမိတို့လိုရာ ရွှေခရီးပန်းတိုင်သို့ စနစ်တကျ အောင်အောင်မြင်မြင် ချီတက်နိုင်မည့် အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း တင်ပြပါသည်။

၄။ လက်ရှိကြုံကြိုက်ခဲ့ရပြီးသော အသက်ဆုံးရှုံးမှုများ၊ ဒဏ်ရာအနာတရဖြစ်မှုများ၊ ဘဝတလျှောက်လုံး လူလုံးမလှ ဒုက္ခိတဘဝသို့ ရောက်ရှိသွားကြသည့် အခြေအနေများအပြင် ထိခိုက်နစ်နာသူများ၏ ကျန်ရစ်သူမိသားစုဝင်များ၊ ဆက်နွယ်မိသားစုဝင်များအတွက် ရင်ထုမနာဖြစ်နေကြရသည့် ရခိုင်ပြည်သူလူထုတစ်ရပ်လုံး၏ ခံစားမှု၊ ခံပြင်းမှုများကိုလည်း ကျွန်ုပ်တို့ ပါတီအနေဖြင့် နားလည်စာနာပြီး ဖြစ်ပါသည်။

၅။ ကျွန်ုပ်တို့ပါတီအနေဖြင့် (၁၆-၁-၂၀၁၈)နေ့ မြောက်ဦးမြို့ ဖြစ်ရပ်နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ -

(၁) ရခိုင့်နိုင်ငံတော်ကျဆုံးခြင်း ဝမ်းနည်းအမှတ်တရအခမ်းအနားကျင်းပရေးကော်မတီ မြောက်ဦးမြို့၏ ဆောင်ရွက်မှုဖြစ်စဉ် အဆင့်ဆင့်ကို စိစစ်သုံးသပ်ခြင်း။

(၂) မြောက်ဦးမြို့၊ ဒေသအာဏာပိုင်များနှင့် ဟောပြောပွဲဖြစ်မြောက်ရေးကော်မတီတို့အကြား အခမ်းအနားဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားစာများ၏ဖြစ်စဉ် အဆင့်ဆင့်ကို စိစစ်သုံးသပ်ခြင်း။

(၃) အခင်းဖြစ်ပွားချိန် အဓိကရုန်း နှိမ်နင်းမှုဆိုင်ရာဆောင်ရွက်မှုများသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ/မရှိ ကိစ္စ။

(၄) အလွန်အကျွံ အင်အားသုံးဖြေရှင်းမှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ပေးရေးကိစ္စ။

(၅) မြောက်ဦးမြို့ (၁၆-၁-၂၀၁၈) နေ့ ပဋိပက္ခဖြစ်စဉ်အတွင်း အသက်ဆုံးရှုံးရသူများနှင့် ထိခိုက်နစ်နာသူများ၏ မိသားစုဝင်များအပေါ် အစိုးရမှ တာဝန်ယူ စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးရေးကိစ္စ တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်အမျိုးသားပါတီ

## ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

**ဗဟိုရုံး**

အမှတ် - (၃၀၄/၃၃၂)၊ ဘုရင့်နောင်လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

## မြောက်ဦးမြို့ အဓိကရုဏ်းနှင့်စပ်လျဉ်း၍ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်

စာအမှတ် - ၀၀၄ / က - ၈ / ရဒဖ - ရန်ကုန် (၀၁၀)

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ( ၁၉ ) ရက်။

၁။ (၁၆. ၁. ၂၀၁၈) ရက်နေ့က မြောက်ဦးမြို့တွင် ဖြစ်ပွားခဲ့သည့်အဓိကရုဏ်းကြောင့် အပြစ်မဲ့ပြည်သူ (၇) ဦး အသက်ပေးခဲ့ရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူအထူးပင် ကြေကွဲဝမ်းနည်းရပါသည်။ ထိုနည်းတူ ပြင်းထန်စွာဒဏ်ရာများရရှိခဲ့ကြသည့် ပြည်သူများအတွက်လည်း စိတ်မကောင်းကြီးစွာ ဖြစ်ရပါသည်။

၂။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရန်ကြိုးပမ်းနေသည့် အရပ်သားအစိုးရလက်ထက်တွင် ယခုကဲ့သို့ အင်အားသုံးဖြေရှင်းမှုကြောင့် အပြစ်မဲ့ပြည်သူများ သေကြေဒဏ်ရာ ရရှိမှုများအတွက် ပြင်းထန်စွာရှုံ့ချသည်။

၃။ သို့ဖြစ်ရာ ဤအဓိကရုဏ်းနှင့် ပတ်သက်၍ သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ် ဖွဲ့စည်းကာ ဖြစ်စဉ်တစ်ရပ်လုံးတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် အာဏာပိုင်အဖွဲ့များ၏ လုပ်ရပ်များသည် ဥပဒေနှင့်ညီမညီကို စစ်ဆေးဖော်ထုတ်ပြီး တာဝန်ရှိသူများအား အရေးယူပေးရန် တိုက်တွန်းသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

ဆက်သွယ်ရန်

ဦးမျိုးကျော် (အထွေထွေအတွင်းရေးမှူး)

ဖုန်း- 095143823 Email: arakanleaguefordemocracy.ald@gmail.com

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# မြောက်ဦးဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူ ဒေသခံ (၈) ဦးအား မတရားဖမ်းဆီးထားခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရခိုင်ပြည်၊ မြောက်ဦးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၃၃) နှစ်မြောက် ရခိုင့်အချုပ်အခြာအာဏာကျဆုံးခြင်း အထိမ်းအမှတ်အတွက် ပောပြောပွဲကို ဒေသအစိုးရအာဏာပိုင်များက ပိတ်ပင်တားဆီးခဲ့သောကြောင့် မြို့ခံလူထုက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သည်ကိုအစိုးရအာဏာပိုင်များက အကြမ်းဖက်နှိမ်နင်းခဲ့ရာ ဒေသခံအရပ်သား (၇) ဦး သေဆုံးပြီး၊ (၁၂) ဦး ဒဏ်ရာရရှိခဲ့သည်။

မြောက်ဦးမြို့ လူထုဆန္ဒဖော်ထုတ်ပွဲဖြစ်စဉ်တွင် ဆေးကုသခံနေရသော ဒဏ်ရာရရှိခဲ့သူ (၁၂) ဦးအနက် စစ်တွေဆေးရုံတွင် ဆေးကုသခံနေရသည့် ပြည်သူ (၈) ဦးကို အစိုးရက ပြည်သူ့ပိုင်ပစ္စည်း ဥပဒေပုဒ်မ ၆(၁) ဖြင့် တရားစွဲဆိုခဲ့ရာ သက်သေအထောက်အထားမခိုင်လုံသောကြောင့် ရာဇသတ်ကြီး ပုဒ်မ (၁၄၈) ဖြင့် စစ်တွေမြို့နယ်တရားရုံးမှ စက်တင်ဘာလ (၂၄) ရက်နေ့က ထောင်ဒဏ် (၈) လချမှတ်ခဲ့ပြီးနောက် လွှတ်မပေးဘဲပြန်လည်ဖမ်းဆီးချုပ်နှောင်ထားပြီး နိုင်ငံတော် အလံဥပဒေပုဒ်မ (၆) ဖြင့် ဆက်လက် တရားစွဲထားသည်။

မြန်မာအစိုးရ၏ ယခုကဲ့သို့ လုပ်ရပ်များသည် တိုင်းပြည်၏ ဒီမိုကရေစီအသွင်ကူပြောင်းရေးကာလတွင် နိုင်ငံသားများ၏ ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများဖြစ်ကြသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ချိုးဖောက်သည့်အပြင် ရခိုင်ပြည်သူများအပေါ် ဥပဒေပုဒ်မအမျိုးမျိုးကိုအမည်ပြုပြီး လိုသလိုအသုံးချကာ မတရားသဖြင့် တရားစွဲဆိုဖိနှိပ်အုပ်ချုပ်နေသည်ဟု မိမိတို့အနေဖြင့်ရှုမြင်သည်။

အစိုးရအနေဖြင့် ရခိုင်ပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ကာလတွင် ယခုကဲ့သို့ ရခိုင်လူမျိုးများအပေါ် မတရားဖမ်းဆီးနှိပ်ကွပ်နေသည့်လုပ်ရပ်သည် အစိုးရအပေါ် ရခိုင်ပြည်သူများ၏ ယုံကြည်မှုကျဆင်းလာစေပြီး အကြမ်းဖက်နည်းနာသို့ တွန်းပို့နေသည်ကို ထင်ဟပ်စေသည်။

သို့ဖြစ်ပါ၍ မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) အနေဖြင့် အထက်ပါလုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး အစိုးရအား အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

၁။ မြောက်ဦးဆန္ဒပြပွဲဖြစ်စဉ်နှင့် ပတ်သက်၍ မတရားဖမ်းဆီးခံထားရသော သူများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

၂။ ဥပဒေနှင့်အညီမဟုတ်ဘဲ ကိုင်တွယ်ခဲ့သော အပြစ်ကျူးလွန်ထားသူ သက်ဆိုင်ရာအာဏာပိုင်များကို အမြန်ဆုံး အရေးယူပေးရန်။

၃။ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာရဒေသခံလူထုအပေါ် ကုစားပေးရေးအတွက် မြောက်ဦးမြို့တွင် အမှတ်တရပန်းခြံနှင့် အထိမ်းအမှတ်ကျောက်တိုင်တို့ ထားရှိရေး ပြည်နယ်လွှတ်တော်မှ ဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

ဗဟိုအလုပ်မှုဆောင်အဖွဲ့

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)

ထိုင်း-မြန်မာနယ်စပ်

ဆက်သွယ်ရန်-

**တိန်ဦး** - +66 (0) 815956138, **ကိုစောထွန်း**- +95 (0) 9773388464

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်

STUDENTS AND YOUTH CONGRESS OF BURMA

Email - sycbcongress@gmail.com, Website - www.sycbyouth.org

## ရခိုင်ပြည်နယ် မြောက်ဦးအကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုအပေါ် သဘောထားထုတ်ပြန်ချက်

ထုတ်ပြန်ကြေညာချက်အမှတ်- မကလက/ထ-၁/၁၂

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ၂၃၃ နှစ်မြောက် ရက္ခိုင်ဘုရင့် နိုင်ငံတော် အချုပ်အခြာအာဏာကျရှုံးခြင်း အခမ်းအနားကျင်းပခွင့် ပိတ်ပင်ခံရမှုကြောင့် ဒေသခံများသည် အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းကို သွားရောက် စုဝေးတောင်းဆို ဆန္ဒထုတ်ဖော်ခဲ့ကြရာတွင် ရဲတပ်ဖွဲ့မှ အကြမ်းဖက် ပစ်ခတ်ဖြိုခွဲလိုက်ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၇ ဦးထက်မနည်း သေဆုံးပြီး ၁၂ ဦး ဒဏ်ရာ ရရှိခဲ့သည့် အပေါ် မိမိတို့အနေဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဂမ်းနည်းမိပါသည်။

မြောက်ဦးအကြမ်းဖက်မှုဖြစ်ရပ်တွင် သက်ဆိုင်ရာအာဏာပိုင်များအားလုံးကို အစိုးရမှ တည်ဆဲ တရားဥပဒေများအတိုင်း ထိရောက်စွာ အရေးယူပေးရန် တောင်းဆိုလိုက်ပါသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလ၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နေစဉ်ကာလအတွင်း တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ အခြေခံ လူ့အခွင့်အရေးစံနှုန်းများကို တာဝန်ရှိသူ အာဏာပိုင်များအနေဖြင့် လေးစားလိုက်နာ သင့်ပါသည်။

ယခုလို ရခိုင်တိုင်းရင်းသားများ၏ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း သမိုင်းအမှန်များကို ထုတ်ဖေါ်ပြသခွင့် မရရှိသည့်အပေါ် နောင်မျိုးဆက်သစ်များအတွက် စိုးရိမ်မိပါသည်။

ထို့ကြောင့် အာဏာပိုင်များမှ ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖေါ်ထုတ်မှုကို အကြမ်းဖက်ဖြိုခွင်း ပစ်ခတ်မှု အပေါ် မိမိတို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်အနေဖြင့် ပြင်းထန်စွာရှုတ်ချလိုက်ပါသည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(SYCB)

နေ့စွဲ။ ။ ၁၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ ခုနှစ်။

စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်

United Nationalities Alliance

# ထုတ်ပြန် ကြေညာချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

၁။ ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) တပ်သားများ သတ်ဖြတ်ခံရခြင်းကြောင့် လက်ရှိ ဖြစ်ပေါ်နေသော ကယားပြည်နယ် လွိုင်ကော်မြို့တွင် လူငယ်များအား ဖမ်းဆီး တရားစွဲဆိုနေခြင်း ကိစ္စများအပေါ် ကျွန်ုပ်တို့ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် (UNA) အနေဖြင့် များစွာ စိုးရိမ်ပူပန်မှု ဖြစ်ရပါသည်။ တရားဥပဒေ စိုးမိုးရေးအားနည်းမှုကို ပေါ်ပြူပြီး မိမိတို့ လိုအားမှုအား တောင်းဆိုဆန္ဒထုတ်ဖော်သော ပုဂ္ဂိုလ်များအပေါ် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုမပြုဘဲ ထပ်မံတရားစွဲဆိုနေခြင်းသည် ပြဿနာများကိုသာ ပိုမိုတိုးပွားစေသည်ဟု သုံးသပ်မိပါသည်။ တစ်ဖက်တွင် အရေးမယူဘဲ လျစ်လျူရှုထားပြီး အခြားတစ်ဖက်တွင် အရေးယူမှုများကိုသာ ဆောင်ရွက်နေခြင်းသည် တရားမျှတမှု မဟုတ်ပါ။ အစိုးရအနေဖြင့် မိမိ၏ ပြည်သူပြည်သားများအပေါ် စိတ်စေတနာ ကောင်းဖြင့် ဆုံးဖြတ်မှု ၊ ညှိနှိုင်းမှုများပြုရန် တိုက်တွန်းပါသည်။

၂။ ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သော ပဋိပက္ခအခြေအနေများကြောင့် အသက်ဆုံးရှုံးရမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရှိကြရပါသည်။ ယင်းကဲ့သို့သော ပဋိပက္ခများ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်နေခြင်းအပေါ် ကျွန်ုပ်တို့ အနေဖြင့် ကိုယ်ချင်းစာ စိတ်ဖြင့် ပူပန်မှုများ များစွာ ဖြစ်ပေါ်နေရပါသည်။ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်စေသည်ဟု ယူဆပါ သည်။ ဖြစ်ပေါ်လာသော ပဋိပက္ခများကို ထိခိုက်မှုနှင့် အသေအပျောက် မရှိစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်သင့်ပါသည်။ ထိခိုက်မှုများ သေဆုံးမှုများကြောင့် ပဋိပက္ခကို ဖြေရှင်းရာတွင် ပိုမိုခက်ခဲသွားစေပြီး ပြည်သူလူထု၏ အယုံအကြည်ကင်းမဲ့ မှုများကို ရင်ဆိုင်ရနိုင်ပါသည်။ တည်ငြိမ်အေးချမ်းမှုကို ပြန်လည် ထိန်းသိမ်းနိုင်ရန်အတွက် ပြဿနာများကို ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ဖြေရှင်းသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ် (UNA)

## ရခိုင်ပြည်ကျောင်းသားသမဂ္ဂ

**<u>ရခိုင်ပြည်နယ်၊မြောက်ဦးမြို့၌ ဖြစ်ပွားခဲ့သောပဋိပက္ခဖြစ်စဉ်နှင့်ပတ်သတ်၍သဘောထားထုတ်ပြန်ချက်</u>**

ရက်စွဲ။ ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် "၂၃၃ နှစ်မြောက် ရခိုင့်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း ဝမ်းနည်းအောက်မေ့ဖွယ်အခမ်းအနား" ကျင်းပခွင့်မရခြင်း နှင့်ပတ်သတ်၍ ဆန္ဒထုတ်ဖော်သောပြည်သူလူထုအား အစိုးရအာဏာပိုင်ရဲတပ်ဖွဲ့မှ ပြင်းပြင်းထန်ထန်ပစ်ခတ် နှိမ်နင်းမှုကြောင့် ပြည်သူ (၇) ဦး သေဆုံးခဲ့ပြီး၊ (၁၂) ဦး နှင့်အထက် ထိခိုက်ဒဏ်ရာများပြင်းထန်စွာ ရရှိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်အတွင်း သေဆုံးခဲ့သောသူများ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများ၏ မိသားစုနှင့်ထပ်တူထပ်မျှ မိမိတို့ ရခိုင်ပြည်ကျောင်းသားသမဂ္ဂအနေဖြင့် ဝမ်းနည်းကြေကွဲရပါသည်။ မကြာသေးမီက အတည်ပြုပြဌာန်းခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒတွင် လူငယ်များ၏ ငြိမ်းချမ်းရေး/ဘဝလုံခြုံရေးကို ဖော်ပြထားသော်လည်း ယခုပဋိပက္ခတွင် လူငယ်အများအပြား သေဆုံးခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် လွန်စွာစိတ်ပျက်မိပါသည်။

လက်ရှိ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ဒီမိုကရေစီအစိုးရအနေဖြင့် ယခုကဲ့သို့ လူထုဆန္ဒထုတ်ဖော်မှုအပေါ်ပြင်းထန်စွာ တုန့်ပြန်ခဲ့သော ရဲတပ်ဖွဲ့ကို တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် စုံစမ်းအရေးယူဆောင်ရွက်ပေးရန် မိမိတို့ရခိုင်ပြည်ကျောင်းသားသမဂ္ဂအနေဖြင့် ပြင်းပြင်းထန်ထန်တောင်းဆိုလိုက်သည်။

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့ ၊ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်၊ တနင်္ဂနွေနေ့သည် ဗမာသမိုင်း၏မေ့လျော့ရန်မဖြစ်နိုင်သောနေ့ဖြစ်သကဲ့သို့ ၁၁၄၆ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ခရစ်သက္ကရာဇ် ၁၇၈၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့သည်လည်း ရခိုင်လူမျိုးတို့၏ နှလုံးသားတွင် မှတ်ကျောက်တင်ထားသော နာကျည်းဖွယ်နေ့ ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်းကျင်းပနေသော သီပေါမင်းပါတော်မူနေ့အထိမ်းအမှတ် အခမ်းအနားပွဲများဆိုလျှင် မြောက်ဦးဖြစ်စဉ်ကဲ့သို့ တုန့်ပြန်မည်လောဟု မိမိတို့ ရခိုင်ပြည်ကျောင်းသားသမဂ္ဂ မှ မေးခွန်းထုတ်လိုက်သည်။

မြောက်ဦးပဋိပက္ခဖြစ်စဉ်နှင့်ပတ်သတ်၍ လူထုစုဝေးခြင်းကို ပြင်းထန်စွာပစ်ခတ် တုန့်ပြန် လိုက်ခြင်းအပေါ် ဥပဒေနှင့်ညီညွတ်မှုမရှိဟု ယူဆသည့်အတွက် မိမိတို့ ရခိုင်ပြည်ကျောင်းသားသမဂ္ဂ မှ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်သည်။

**ရခိုင်ပြည်ကျောင်းသားသမဂ္ဂ**

ရက္ခိုင်လူငယ်များ အစည်းအရုံး (ဂျပန်)
**Arakan Youths Union (Japan)**
アラカン 若者 ユニオン（日本）

〒161－0033
Tokyo,Shinjukuku Shimoochiai 1-14-11(402) // Email- arakanyouthsunion.jp@gmail.com << Tel & Fax 03-6908-3698

စာအမှတ် ။ ။၀၀၂/၂၀၁၈(ayujp)
ရက်စွဲ ။ ။၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ (၁၆)ရက်

**ရခိုင်အမျိုးသားရေးခေါင်းဆောင်များအား ဖမ်းဆီးခြင်း၊ ဟောပြောပွဲများကို ပိတ်ပင်ခြင်းအား ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့ တွင် မြောက်ဦး နန်းရာကုန်းထက်၌ ရခိုင်လူထုခေါင်းဆောင် ဒေါက်တာအေးမောင် ဟောပြောမည့် ရခိုင် အချုပ်အချာအာဏာကျဆုံးခြင်း အခမ်းအနားကိုပိတ်ပင်ခြင်း နှင့် လူငယ်စာရေးဆရာ၊ ဆရာဝေဟင်အောင်အား နိုင်ငံတော် အကြည်အညို ပျက်စေမှုဖြင့်ဖမ်းဆီးခြင်းကို မိမိတို့ရက္ခိုင်လူငယ်များအစည်းအရုံး(ဂျပန်)မှ အပြင်းအထန်ကန့်ကွက်သည်။

၂။ ဤလုပ်ရပ်သည် အစိုးရမှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသားတစ်ဦး၏ လွတ်လပ်စွာပြောဆို ဟောပြောပိုင်ခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက် ဦးစားပေးလုပ်ဆောင်မည်ဟု ကြွေးကြော်နေသော NLD အစိုးရအနေဖြင့် ဥပဒေမဲ့လုပ်ရပ်ကို ထင်ရှားစွာ လုပ်ဆောင်နေခြင်းဖြစ်သည်။

၃။ မိမိတို့ရခိုင်လူမျိုးများအား မတရားဖိနှိပ်ချုပ်ချယ်မှုကြောင့် ရခိုင်လူထုအုံကြွမှုဖြစ်ပေါ် စေနိုင်သည်။ ရခိုင်လူထု အုံကြွမှုဖြစ်ပေါ်လာပါက လက်ရှိ NLD အစိုးရ၏ တာဝန်သာဖြစ်ကြောင်း မိမိတို့ ရက္ခိုင်လူငယ်များအစည်းအရုံး (ဂျပန်) မှ အသိပေးကြေငြာလိုက်သည်။

အလုပ်အမှုဆောင်ကော်မတီ
ရက္ခိုင်လူငယ်များအစည်းအရုံး (ဂျပန်)

ရက်စွဲ။ ။ ၁၇ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်။

## ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ဆန္ဒဖော်ထုတ်သူများအား လက်နက်ဖြင့် အကြမ်းဖက် သတ်ဖြတ်နှိမ်နင်းသည့်အပေါ် သဘောထား ထုတ်ပြန်ချက်

၁။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးနေ့ အထိမ်းအမှတ် အခမ်းအနားကို သက်ဆိုင်ရာမှ တားမြစ်ခဲ့သည့်အတွက် ရခိုင်လူထုမှ ရဲစခန်းအား ဝိုင်းဝန်းဆန္ဒပြခဲ့ရာမှ ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူဦးရေ (၁၀) ကျော် သေဆုံး၍ လူဦးရေ (၁၀) ဦးကျော်မှ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်များအရသိရှိရပါသည်။

၂။ မိမိတို့ ကရင်နီပြည်လူငယ်များသမဂ္ဂမှ ကွယ်လွန်သူများ၊ ဒဏ်ရာရရှိသူများ၏ မိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။ ယခုကဲ့သို့ ဆန္ဒဖော်ထုတ်ခြင်းကို အကြမ်းဖက်နှိမ်နင်း ပစ်ခတ်ခြင်းကို ပြင်းထန်စွာ ရှုတ်ချပါသည်။

၃။ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အုပ်ချုပ်သူ လက်ရှိအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ-

- တရားဥပဒေစိုးမိုးရေးကို ဦးတည်၍ အကြမ်းဖက်ပစ်ခတ်ရာတွင် ပါဝင်သူ၊ တာဝန်ရှိသူများအားလုံးကို ထိရောက်သော အရေးယူမှုများဆောင်ရွက်သွားရန်၊
- ယခုဖြစ်စဉ်နှင့် ပတ်သက်၍ ပြဿနာများပိုမိုမကြီးပွားလာစေရန်နှင့် အများပြည်သူမှ စိုးရိမ်နေမှုအား ဖြေလျှော့ စေနိုင်ရန်အတွက် အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်ချက်များ ပွင့်လင်းစွာချပြရန်၊
- နောက်နောင် အများပြည်သူများ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပါက အလားတူ အကြမ်းဖက် နှိမ်နင်းမှုများ ပြုလုပ်ခြင်းမပြုရန်အတွက် အာမခံသည့် သတင်းထုတ်ပြန်ရန်။

မိမိတို့ ကရင်နီပြည်လူငယ်များသမဂ္ဂမှ တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

"တရားမျှတရေး၊ အမှန်တရားပေါ်ပေါက်ရေး နှင့် ငြိမ်းချမ်းရေးကိုရှေးရှုလျက်"

ကရင်နီပြည် လူငယ်များသမဂ္ဂ (UKSY)
ဆက်သွယ်ရန်- ၀၉-၄၂၈-၃၄၀-၈၄၂

ALL ARAKAN CIVIL SOCIETY ORGANIZATIONS PARTNERSHIP

ရခိုင်ပြည်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများမိတ်ဖက်အဖွဲ့

Email:aacsop2015@gmail.com,Facebook:Arakancsos Partnership.com

Ph:09790450600, 959450542895,959251000114

စာအမှတ် ၆၀/၂၀၁၈

ရက်စွဲ ၁၇/၁/၁၈

မြောက်ဦးမြို့အဓိကရုဏ်းနှင့် ပတ်သက်၍ သဘောထားထုတ်ပြန် ကြေငြာချက်

ဇန်နဝါရီလ၊ ၁၇၊ ၂၀၁၈

၁။ ၁၆၊၁၊၂၀၁၈ နေ့တွင် ရခိုင်ပြည်နယ်မြောက်ဦးမြို့ နန်းရာကုန်းတွင် ၂၃၃ နှစ်မြောက် ရခိုင့်အချုပ်အခြာအာဏာ ကျဆုံးခြင်းဝမ်းနည်းအောက်မေ့ဖွယ် အခမ်းအနား ကျင်းပပြုလုပ်မည့်အစီအစဉ်ကို အာဏာပိုင်များမှ တားမြစ်ပိတ်ပင်မှုအပေါ် ကျင်းပခွင့်ရရှိရေး မြို့လူထုမှ ဆန္ဒထုတ်ဖော်ရာတွင် အာဏာပိုင်များဖက်မှ အင်အားသုံး၍ လူထုကို သေစေနိုင်သော လက်နက်များဖြင့် ဖြိုခွဲမှုတွင် ဒါဏ်ရာရရှိသူ (၁၂) ဦးနှင့် သေဆုံးသူ (၇)ဦးထိ သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ရခိုင်အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သေဆုံးသွားသူများ၏ မိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၂။ အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စုံစမ်းဖော်ထုတ်ပေးရန်နှင့် အစိုးရအနေဖြင့် ထိရောက်စွာအရေးယူရန်၊ တာဝန်ရှိမှု၊ တာဝန်ခံမှုရှိစွာဖြင့် စုံစမ်းဖော်ထုတ် ဖြေရှင်းပေးရန် ရခိုင်အရပ် ဘက်လူမှုအဖွဲ့အစည်းများမှ တောင်းဆိုလိုက်သည်။

၃။ ရခိုင့်နိုင်ငံအချုပ်အခြာအာဏာကျဆုံးသည့်နေ့သည် လူမျိုးတစ်မျိုးအနေဖြင့် မေ့ပျောက်နိုင်၍ မရသော အောက်မေ့ဖွယ်ရာနေ့တစ်နေ့ဖြစ်သည်။ မိမိတို့၏ အမျိုးသားရေးလက္ခဏာများ၊ သမိုင်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုများကို လွတ်လပ်စွာ ထိန်းသိမ်းပိုင်ခွင့် ရှိသည်။ ထို့သို့ မိမိတို့၏ သမိုင်းနေ့ရက်များကို ထုတ်ဖော်ခြင်း၊ ဟောပြောခြင်း၊ အခမ်းအနားကျင်းပခြင်းများကို ဒီမိုကရေစီစနစ်အရ လုပ်ဆောင်ပိုင်ခွင့်အပြည့်အဝရှိသည်ဟု ရခိုင်ပြည်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများ မိတ်ဖက်အဖွဲ့အနေဖြင့် ယုံကြည်သည်။ ဤကဲ့သို့ ကျင်းပလုပ်ဆောင်ခြင်းများအပေါ် အာဏာပိုင်များဖက်မှ ပိတ်ပင်တားဆီးခြင်းသည် မြန်မာနိုင်ငံ၏ ကျင့်သုံးဆဲဒီမိုကရေစီစနစ်ကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်သည်ဟု မိမိတို့အနေဖြင့် သတ်မှတ် သည်။

၄။ ထို့ကြောင့် မြောက်ဦးပဋိပက္ခအတွင်း အပြစ်မဲ့ရခိုင်ပြည်သူ(၇) ဦးနှင့် ဒါဏ်ရာရရှိသူ (၁၂)ဦးအထိ အစိုးရ၏ အကြမ်းဖက်ကိုင်တွယ်ဖြေရှင်းမှုအပေါ် ရခိုင်ပြည်လုံးဆိုင်ရာလူမှုအဖွဲ့အစည်းများမိတ်ဖက်အဖွဲ့မှ ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

ရခိုင်ပြည်လုံးဆိုင်ရာ လူမှုအဖွဲ့အစည်းများမိတ်ဖက်အဖွဲ့

ရခိုင်ပြည်

ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ
Action Committee for Democracy Development (ACDD)
acdd.org@gmail.com

## ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခတွင်သေဆုံးခဲ့သည့် ရခိုင်ပြည်သူများအတွက် ဝမ်းနည်းကြောင်း ACDD ၏ သဘောထားထုတ်ပြန်ခြင်း

ထုတ်ပြန်ချက် (၂/၂၀၁၈) နေ့ ရက်။ ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ရခိုင်အချုပ်အခြာအာဏာကျရှုံးခြင်း အခမ်းအနား ပောာပြောပွဲ ကို သက်ဆိုင်ရာမှာ ပိတ်ပင်တားမြစ်သည့် ကိစ္စနှင့်ပက်သက်၍ လူထုမှမကျေနပ်၍ ခွင့်ပြုရန်တောင်းဆိုရာ လူစုလူဝေးဖြစ်ပေါ်ကာ ရဲမှ သေနတ်ပစ်လူစုခွဲခဲ့သဖြင့် ပြည်သူ (၁၉) ဦးထိခိုက်မှု ဖြစ်ပေါ်ကာ **(၇) ဦးသေဆုံးပြီး (၁၂)ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊** ***သေဆုံးသူ လူငယ်များထဲမှ (၄)ဦးတွင် အကြမ်းဖက် ရိုက်နှက်စံခဲ့ရသည့် ဒဏ်ရာများ ရှိနေကြောင်း*** သိရှိရသည်။

၁။ သေဆုံးခဲ့ရသည့် ဆန္ဒပြခဲ့သည့် ရခိုင်ပြည်သူ လူငယ်များ နှင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအတွက် ရခိုင်ပြည်နေ ပြည်သူများ၊ မိသားစုများ နှင့်ထပ်တူဝမ်းနည်း စိတ်မကောင်း ဖြစ်ရပါသည်။

၂။ ဆန္ဒပြလူထုအားဟန့်တားရာတွင် မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့၏ လက်နက်ဖြင့်အကြမ်းဖက်မှု ကြောင့် ပြည်သူများ အသက်ဆုံးခဲ့ရသည့်အပေါ် ACDD က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၃။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်သည့် ပြည်သူများအပေါ် ယခုကဲ့သို့ လက်နက်အင်အားသုံးအကြမ်းဖက်၍ လူစုခွဲရန် ဖြေရှင်းသည့် နည်းလမ်းကို ရဲများက အသုံးပြုခဲ့ခြင်းသည် မြန်မာပြည် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ စိုးရိမ်မကင်းဖြစ်စေရပြီး ရခိုင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စု အစိုးရတို့သည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် **ကျူးလွန်ခဲ့သူများကိုအရေးယူအပြစ်ပေးရန်တာဝန်ရှိသည်။** စစ်တွေတွင် **ဆက်လက် ဖြစ်ပွားလျက်ရှိသည့် ဆန္ဒပြမှုများ နှင့် လူထုလှုပ်ရှားမှုများတွင်လည်း လက်နက်မဲ့ ပြည်သူများအပေါ် ယခုကဲ့သို့ အကြမ်းဖက်မှုထပ်မံ မဖြစ်ပေါ်ရန်အတွက် တာဝန်ရှိသူများကို ပန်ကြားကြောင်း** ACDD ၏ သဘောထား ထုတ်ပြန် လိုက်ရသည်။

**ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ**

ဆက်သွယ်ရန်

**ကိုကျော်ထွီး (PLAN-A) မြောက်ဦး** - ၀၉ ၂၅၂၂၈၉ ၁၂၂ ၊ ၀၉ ၇၉ ၄၄၈၀၇၆၇
**မသဥ္ဇာရွှန်းလဲ့ရည် (ACDD Advocacy Coordinator)** - ၀၉ ၇၉ ၅၅၇၄၇၇၅

# ရခိုင်လူငယ်ညီလာခံ

# ARAKAN YOUTH CONFERENCE

Mobile: 09 4317 3657 Email: arakanyouthconference2017@gmail.com

## မြောက်ဦး အကြမ်းဖက်မှုဖြစ်စဉ်အား ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ မှ သဘောထားထုတ်ပြန်ချက်

နေ့စွဲ။ ။ ဇန်နဝါရီလ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်
စာအမှတ် ၁/၂၀၁၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရခိုင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း ဝမ်းနည်းကြေကွဲဖွယ် အခမ်းအနားကို ယခုနှစ်တွင် ကျင်းပခွင့်မရသည့် အတွက် လွတ်လပ်စွာ စုဝေး ဆန္ဒဖော်ထုတ်ခဲ့ကြသော အပြစ်မဲ့ပြည်သူ လူငယ်လူရွယ်များကို ရဲတပ်ဖွဲ့မှ အကြမ်းဖက် ပစ်ခတ်နှိမ်နင်းခဲ့သောကြောင့် လူငယ် ၁၀ ဦးထက်မနည်းသေဆုံးပြီး မိဘပြည်သူ အများအပြား ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည့်အတွက် မိသားစုများ နှင့် ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

ဤအကြမ်းဖက်မှုဖြစ်စဉ်အား ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ မှ ပြင်းပြင်းထန်ထန် ရှုံ့ချလိုက်သည်။ ဒီမိုကရေစီ ဖော်ဆောင်နေသော အချိန်ကာလ နှင့် ပြည်တွင်းငြိမ်းချမ်းရေး ကို ဖော်ဆောင်နေသော နိုင်ငံရေးအကူးအပြောင်းကာလတွင် ဤကဲ့သို့သော အကြမ်းဖက်မှုများသည် ရခိုင်ပြည်သူများ နှင့် တကွ မြန်မာနိုင်ငံတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတို့မှ အစိုးရကို လွန်စွာမှ အယုံအကြည် ကင်းမဲ့စေသည့် အပြင် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု ကိုများစွာထိခိုက်စေမည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းပါ လွတ်လပ်စွာစုဝေးပိုင်ခွင့် နှင့် လွတ်လပ်စွာ သဘောထားထုတ်ဖော်ပိုင်ခွင့် ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းပင် ဖြစ်သည်။

မကြာသေးမီက ထုတ်ပြန်ထားသည့် လူငယ်ရေးရာမူဝါဒ အခန်း (၃) ပါ ငြိမ်းချမ်းရေး/ဘဝလုံခြုံရေး၊ အပိုင်း ၁၊ ၂၊ ၃ နှင့် ၄ ပါ သတ်မှတ်ချက်များကိုလည်း လိုက်နာမှုမရှိသည့်အပြင် လူငယ်များအား ရန်သူသဖွယ် အကြမ်းဖက် တိုက်ခိုက်လိုက်ခြင်းသည် မိမိတို့ လူငယ်အသိုင်းအဝိုင်း တစ်ခုလုံး နှင့် မိဘပြည်သူတို့အား စော်ကားလိုက်ခြင်းပင် ဖြစ်သည်။ ယခု တိုက်ခိုက်မှုသည် ပြည်သူကို ပြည်သူ့ဝန်ထမ်းများက ဥပဒေမဲ့ အကြမ်းဖက် တိုက်ခိုက်မှုဟု မိမိတို့မှတ်ယူသည်။

ယင်းကြောင့် ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ မှ အောက်ပါအချက်များကို အချိန်နှင့် တပြေးညီ ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

၁။ ဤအကြမ်းဖက်မှုဖြစ်စဉ် တွင် တိုက်ရိုက်ပါဝင်ပတ်သတ်ခဲ့သော သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ မှ တာဝန်ရှိသူများကို တည်ဆဲဥပဒေ နှင့် အညီ အရပ်ဖက်တရားရုံးတွင်အရေးယူရန်။

၂။ ဖြစ်စဉ်အားလုံးကို အသေးစိတ်ရှင်းပြထုတ်ပြန်ရန် နှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ရန်။

၃။ အကြမ်းဖက်ခံလူငယ်များ၏ မိသားစုများကို တရားဝင်တောင်းပန်ရန်။

၄။ ပရဟိတ လူငယ်များအား တိုက်ခိုက်/ဖမ်းဆီးချုပ်နှောင်မှုများ ချက်ချင်းရပ်တန့်ရန် တို့ကို ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ မှ တောင်းဆိုလိုက်သည်။

တောင်းဆိုချက်များကို မလိုက်နာပါက ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့ မှ မိမိတို့၏ ပေါင်းစည်းလူငယ်အင်အားဖြင့် အကြမ်းဖက်ကျူးလွန်သော ဌါနများကို သပိတ်မှောက်သွားမည် ဖြစ်သည်။

ရခိုင်လူငယ်ညီလာခံဖြစ်မြောက်ရေးအဖွဲ့

United Nations Nations Unies

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR, YANGON, REPUBLIC OF THE UNION OF MYANMAR

## UN statement on situation in Mrauk U

**17 Jan 2018**

The United Nations in Myanmar is following with concern the reports of violent clashes between the police and protesters in Mrauk U in Rakhine State. We deplore the loss of life and injuries that have been reported. We urge respect for the rights to peaceful assembly and freedom of expression, and call for the security forces and demonstrators to act with restraint and to avoid further violence. We urge authorities to investigate any disproportionate use of force or other illegal actions that may have occurred in relation to this incident.

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားသည့် အကြမ်းဖက် ထိတွေ့မှုသတင်းများအပေါ်တွင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းမှ စိုးရိမ်စွာဖြင့် စောင့်ကြည့် လေ့လာလျှက်ရှိပါသည်။ မိမိတို့အနေဖြင့် ကြားသိရသည့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ဝမ်းနည်းရပါသည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် တို့အား လေးစားကြရန် မိမိတို့အနေဖြင့် တိုက်တွန်းပြီး၊ အကြမ်းဖက်မှုများ ဆက်လက်မဖြစ်ပွားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ နှင့် ဆန္ဒပြသူများ အနေဖြင့် သတိပြုထိန်းသိမ်းဆောင်ရွက်သွားရန် တောင်းဆိုအပ်ပါသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်ပြီးမတန်တရာ အင်အားသုံးဖြေရှင်းခြင်း သို့မဟုတ် အခြားတရားမဝင် လုပ်ဆောင်မှုများ ရှိနေပါက စုံစမ်းပါရန် တာဝန်ရှိသူများအား တိုက်တွန်းအပ်ပါသည်။

# အကြံပြုချက်များ

## ပြည်ထောင်စု အစိုးရ

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) အပါအဝင် အရပ်ဘက် အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများပါဝင်သော လွတ်လပ်ပြီးဘက်မလိုက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ကို ဖွဲ့စည်းကာ မြောက်ဦးမြို့ လူသတ်မှုဖြစ်စဉ်ကို စစ်ဆေး၍ တွေ့ရှိချက်များကို ပြည်သူလူထုသို့ ပွင့်လင်းမြင်သာစွာ ချပြရန်။

၂။ မြောက်ဦးလူထုဆန္ဒဖော်ထုတ်ပွဲကို အကြမ်းဖက်နှိမ်နင်းရာတွင် ပါဝင်ခဲ့သူများနှင့် အထက်အမိန့်ပေးသူအဆင့်မှ အောက်ခြေအဆင့်ထိ အကောင်အထည်ဖော် ဆောင်ရွက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးရန်။

၃။ အသက်သေဆုံးခဲ့ရသူများ၊ ထိခိုက်နစ်နာခဲ့ရသူများ အားလုံးအတွက် အစိုးရမှ လုံလောက်သော နစ်နာကြေးနှင့် စိတ်ပိုင်းဆိုင်ရာ ကုစားမှုများကို လုပ်ဆောင်ပေးရန်။

၄။ ရခိုင်ပြည်သူများ၏ သမိုင်းမှန်ဖော်ထုတ်တင်ပြခြင်း၊ အခမ်းအနားနှင့် အောက်မေ့ဖွယ် အစီအစဉ်များ ကျင်းပခြင်းကို နိုင်ငံတော်မှ တရားဝင်အားပေး ဖော်ဆောင်ပေးရန်။

၅။ နောက်နောင် ဤကဲ့သို့အဖြစ်အပျက်များ ထပ်မံမဖြစ်ပွါးစေရန်အတွက် နိုင်ငံသားများ၏ ဒီမိုကရေစီအခွင့်အရေး တခုဖြစ်သည့် လွတ်လပ်စွာစုဝေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ပိတ်ပင်တားမြစ်ထားသော " ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေ" အား ပယ်ဖျက်ပေးရန်။

၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်အောက်တွင်ရှိနေသည့် ပြည်ထဲရေးဝန်ကြီးဌာနကို ဒီမိုကရေစီ အရပ်သားအစိုးရလက်အောက်သို့ ပြောင်းလဲထားရှိရန်။

## ပြည်နယ်အစိုးရ

၁။ ပြည်နယ်အစိုးရအနေဖြင့် ရခိုင့်အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့ကို ရခိုင်ပြည်အတွင်း တရားဝင် ရုံးပိတ်ရက်အဖြစ် ကြေညာပေးရန်။

၂။ အမျိုးသားပြန်လည်သင့်မြင့်ရေး ရင်ကြားစေ့ရေးကို အထောက်အကူပြုသည့် အနေဖြင့် ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့ကို ရခိုင်ပြည်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်။

၃။ ရခိုင်လူမျိုးတို့၏ အမျိုးသားရေးနှင့် သက်ဆိုင်သော နေ့ရက်များတွင် အခမ်းနားများကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန်။

၄။ မြောက်ဦးလူသတ်ပွဲနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပေးခဲ့သည့် " စုံစမ်းလေ့လာရေး ကော်မရှင်" အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကြံပြုတင်ပြချက်များကို အကောင်အထည်ဖော်ဆောင်ရန်။

## ရခိုင်ပြည်နယ်လွှတ်တော်

၁။ မြောက်ဦးလူသတ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ရခိုင်ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် " မြောက်ဦး စုံစမ်းစစ်ဆေးရေး ကော်မရှင်" မှ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် အကြံပြုချက်များကို ပြည်သူလူထုသို့ ပွင့်လင့်မြင်သာစွာ ချပြပေးရန် ။

၂။ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေး ရင်ကြားစေ့ရေးကို အထောက်အကူပြုသည့် အနေဖြင့် ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးသည့်နေ့ကို ရခိုင်ပြည်၏ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်။

## ရခိုင်အမျိုးသားပါတီ (ANP)

၁။ မြောက်ဦးလူသတ်ပွဲနှင့် စပ်လျဉ်း၍ ရခိုင်အမျိုးသားပါတီ (ANP) ၏ (၁၉.၀၁.၂၀၁၈) ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါ နံပတ်(၅)ပါ အပုဒ် (၄) နှင့် (၅) ၏ ကတိကဝတ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**နိုင်ငံတကာ အသိုင်းအဝိုင်း**

၁။ မြောက်ဦးလူထုဆန္ဒဖော်ထုတ်ပွဲကို ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသည့် သက်ဆိုင်ရာ **ရဲတပ်ရင်းမှူးနှင့်** ရဲတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ဖို့ရာအတွက် မြန်မာနိုင်ငံအစိုးရအား ဖိအားပေးရန်။

၂။ ရခိုင်ပြည်သူများလူ့အခွင့်အရေး ချိုးဖောက်ခံရမှုအပေါ် မျက်ခြည် မပြတ်စောင့်ကြည့် မှတ်တမ်း ပြုစုနိုင်ရန်အတွက် ဒေသခံ ရခိုင်အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

**ရခိုင်အရပ်ဘက်လူမှုအဖွဲ့အစည်းများ**

၁။ မြောက်ဦးလူသတ်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ပေါ်ပေါက်လာရန် တတ်နိုင်သလောက် ကြိုးပမ်းဆောင်ရွက်ကြရန်။

၂။ မြောက်ဦးလူသတ်ပွဲနှင့်စပ်လျဉ်း၍ **အမှန်တရားနှင့်** တရားမျှတမှု ပေါ်ပေါက်လာရေးအတွက် တဖွဲ့၊ **တဦးချင်းစီ** မဟုတ်ဘဲ အဖွဲ့အစည်းပေါင်းစုံ စုပေါင်းပြီး တသံတည်း တောင်းဆို တိုက်ပွဲဝင်ကြရန်။




ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) မှ ထုတ်ဝေသည်။

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) မှ ထုတ်ဝေသည်။